# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက် ၂၀၁၇ ခုနှစ်၊ ဩဂုတ် ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၆)၊ အမှတ်(၃၂၃)


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၈)



### ခိုင်မာသည့် ငြိမ်းချမ်းရေး၊ ခိုင်မာသည့်ဒီမိုကရေစီ ဖြစ်အောင် ကြိုးပမ်း လုပ်ဆောင်နေ

စာ » ၃

### မြို့နယ်စည်ပင်သာယာရေး ကော်မတီများကို ဘဏ်များ မှတစ်ဆင့် ငွေထုတ်ချေး ပေးရန် အစီအစဉ်မရှိ

စာ » ၇

### အမေရိကန် စစ်သင်္ဘောတစ်စင်း ကုန်သင်္ဘောနှင့်တိုက်မိပြီး သင်္ဘောသားများ ပျောက်ဆုံး

စာ » ၁၄

# ကျေးရွာမီးလင်းရေးကော်မတီများကို ဖျက်သိမ်းမည့်အစား ပိုမိုစနစ်ကျနစွာ လုပ်ကိုင်နိုင်သည့်ကော်မတီများ ဖြစ်လာရန် ပြုပြင်ပြောင်းလဲသင့်

**နေပြည်တော် ဩဂုတ် ၂၁**

ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၇ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ ဂွမဲဆန္ဒနယ်မှ ဦးမြင့်ဝေ၏ **ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအောက်ရှိ ဂွချောင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန အောက်သို့ လွှဲပြောင်း၍ ဖြစ်၊ မဖြစ် သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က အဆိုပါ ဂွချောင်းတံတား တည်ဆောက်မည်ဆိုပါက အရှည်ပေ ၁၅၀၀ ခန့်ရှိ မြစ်ကူးတံတားတည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ နည်းပညာကျွမ်းကျင်သော အင်ဂျင်နီယာများနှင့် အထောက်အကူပြုပစ္စည်းများရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်ရန် သင့်လျော်မည်ဖြစ်ပါကြောင်း၊ ဂွပင်လယ်အော်အနီးရှိ ဂွချောင်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနက သိမ်းသွင်း၍ တံတားတည်ဆောက်မည်ဆိုပါက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန်မရှိပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ●



ပင်လောင်းမြို့နယ်ရှိ ကျေးရွာတစ်ရွာ၌ ကျေးရွာမီးလင်းရေးဆောင်ရွက်ထားမှုကို တွေ့ရစဉ် ဓာတ်ပုံ-မောင်မွှေး

# အိန္ဒိယဘက်နယ်စပ်မှ ကွမ်းသီးဝယ်ယူမှုရပ်ဆိုင်းလိုက်၍ ရိနယ်စပ်၌ မြန်မာကုန်သည်များ အခက်ကြုံ

**နေစု(ချင်းရိုးမ)**

**ရိခေါဒါရ် ဩဂုတ် ၂၁**

ချင်းပြည်နယ် ရိနယ်စပ်ကုန်သွယ်ရေးသည် အရောင်းအဝယ် ကောင်းမွန်ခဲ့သော်လည်း ဇူလိုင်လကုန်ပိုင်းမှအစပြု၍ မြန်မာ-အိန္ဒိယ နယ်စပ်ဂိတ်ပေါက်များမှတစ်ဆင့် အိန္ဒိယနိုင်ငံဘက်မှ ပိတ်ပင်မှုများရှိသည့်အတွက် ကွမ်းသီးတင်ပို့မှုမှာ ယခုအခါရပ်ဆိုင်းလိုက်သဖြင့် အရောင်းအဝယ်လုပ်ကိုင်နေသည့် မြန်မာကွမ်းသီးကုန်သည်များ အခက်ကြုံနေကြောင်း သိရသည်။

ချင်းပြည်နယ် ရိခေါဒါရ်မြို့နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် ဇိုခေါထာကျေးရွာကြားရှိ နယ်စပ်ဂိတ်ပေါက်မှတင်ပို့သော ကွမ်းသီးများကို အိန္ဒိယနိုင်ငံအစိုးရက အခွန်စည်းကြပ်ရန် ပြုလုပ်ခဲ့၍ မီဇိုရမ်ပြည်နယ်အတွင်း ရောက်ရှိနေသော မြန်မာ့ကွမ်းသီးများသည် အိန္ဒိယနိုင်ငံပြည်မအတွင်းသို့ ထပ်မံသယ်ယူ၍မရတော့ကြောင်း၊ ထို့ပြင် မီဇိုရမ်ပြည်နယ်အတွင်းရှိ ဂိုဒေါင်များတွင် ကွမ်းသီးများပြည့်လျှံသွားသည့်အခါတွင် ရိခေါဒါရ်မြို့သို့ရောက်ရှိသည့် ကွမ်းသီးများကို ထပ်မံတင်ပို့၍ မရတော့ဘဲ အိန္ဒိယနိုင်ငံသို့တင်ပို့မည့် ကွမ်းသီးများသည် ရိခေါဒါရ်မြို့တွင် ပိတ်မိနေသည်မှာ နှစ်လနီးပါးခန့်ကြာမြင့်ပြီဖြစ်ကြောင်း ရိခေါဒါရ်နယ်စပ်မှ ကွမ်းသီးကုန်သည်များက ပြောသည်။

"တမူးနယ်စပ်မှာလည်း ကွမ်းသီးတွေ တင်ပို့ရောင်းချလို့မရတော့တဲ့အတွက် တမူး-ကလေး-ရိ ခရီးစဉ်အတိုင်း နောက်ကြောင်းပြန်သယ်ပို့ရပါတယ်။ ဒါပေမယ့် တမူးနဲ့ ရိနယ်စပ်နှစ်ခုစလုံးမှာ ကွမ်းသီးဝယ်ယူမှု ရပ်ဆိုင်းသွားတဲ့အတွက်ကြောင့် ကျွန်တော်တို့ဘက်ခြမ်းမှာရှိတာရော မီဇိုရမ်ဘက်ခြမ်းမှာ သောင်တင်နေတာတွေပါ လမ်းမှာ ပုံထားရတာ အများကြီးပါပဲ။ အရင်ရောင်းထားတဲ့ ကွမ်းသီးဖိုးငွေတွေလည်း ဆုံးရှုံးရမယ့်

*စာမျက်နှာ ၃ ကော်လံ ၅* ○


IKBZ Insurance

၁၀.၇.၂၀၁၇ ရက်နေ့မှစ၍ IKBZ ရုံးရှိရာ တိုင်းနှင့်ပြည်နယ်များတွင် အောက်ဖော်ပြပါအာမခံအမျိုးအစားများကို အာမခံထားရှိနိုင်ပါသည်။

- တောင်သူလယ်သမားအသက်အာမခံ
- ပြည်တွင်း၊ပြည်ပ ခရီးသွားအာမခံ
- ကိုယ်အင်္ဂါထိခိုက်မှု အာမခံ
- ရေယာဉ်ကိုယ်ထည် အာမခံ



မြန်မာ့အလင်း

# နွံဗွက်နှင့် ရွံ့အိုင်အလယ်မှသည်

ဆောက်လုပ်ရေးဝန်ကြီးဌာနက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကို အသစ်တိုးချဲ့ဖွဲ့စည်းလိုက်ခြင်းအားဖြင့် ကျေးလက်လမ်းတံတားများဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်မြှင့်တင်ရန် ခြေလှမ်းစလိုက်ပြီဖြစ်သည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်၊ အမျိုးသားပို့ဆောင်ရေး ပင်မစီမံကိန်းအား အထောက်အကူဖြစ်စေရန်၊ ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ဆောင်ရွက်ပေးရန်ဟူ၍ဖြစ်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၏အင်ဂျင်နီယာနည်းပညာနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးကိရိယာ စက်ယာဉ်ယန္တရားများဖြင့် ကျေးလက်လမ်းတံတားများ တည်ဆောက်ရာတွင် အရည်အသွေးကောင်းမွန်မြင့်မားရေးအတွက် ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

"ယခုဖွဲ့စည်းသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှာ ကျေးလက်နေ ပြည်သူတို့၏ လိုအပ်ချက်ကို ကြိုတင်မျှော်တွေးကာ ကြိုတင်စီမံဆောင်ရွက်ပြီး လုပ်ငန်းပမာဏအရ လိုအပ်သည့် ငွေကြေးပမာဏကို စနစ်တကျ ပွင့်လင်းမြင်သာစွာ သုံးစွဲပြီး တိုင်းဒေသကြီး/ပြည်နယ် တစ်ခုချင်းစီအလိုက် Pilot Project တစ်ခုစီရွေးချယ်၍ အောင်မြင်အောင် ဆောင်ရွက်သွားရန် ရည်မှန်းထားပါကြောင်းနှင့် ပြည်သူများနှင့် နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိမည့် ဌာနဖြစ်ပါကြောင်း" ဖြင့်လည်း ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ပြောကြားခဲ့ရာ ကုန်ကျစရိတ်နှင့်လျော်ညီစွာ အရည်အသွေးကောင်းမွန်သည့် ကျေးလက်လမ်းများ ဒေသအသီးသီးတွင် ပေါ်ထွန်းလာပြီး ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသထွက်ကုန်များ ဈေးကွက်သို့ ပို့ဆောင်ရေး၊ ကျေးလက်လူနေမှုဘဝမြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတို့တွင် ကြီးမားသည့်အကျိုးကျေးဇူးများကို ရရှိနိုင်မည်ဖြစ်သည်။

လမ်းတံတားများအပါအဝင် အခြေခံအဆောက်အအုံများ ပြည့်စုံအောင် တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသကဲ့သို့ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်နေထိုင်ရာ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အရေးပါသည်။ အထူးသဖြင့် ကျေးလက်ကုန်ထုတ်လမ်းများနှင့် ကျေးရွာချင်းဆက်လမ်းအများစုမှာ ရာသီမရွေးသွားလာနိုင်ခြင်း မရှိသကဲ့သို့ လမ်းဟူ၍ မည်မည်ရရမရှိသေးသည့် ကျေးလက်ဒေသများမှာလည်း အများအပြားပင် ရှိနေဆဲဖြစ်ရာ လာမည့် ၁၀ နှစ်ကျော်ကာလအတွင်း ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာများအားလုံး၏ ၈၀ ရာခိုင်နှုန်းတွင် နေထိုင်ကြကုန်သော ကျေးလက်ပြည်သူများအနေဖြင့် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအသုံးပြုနိုင်ရန် နှစ်စဉ်ရည်မှန်းချက်ထားရှိပြီး အဆင့်မြှင့်တင်သွားမည်ဖြစ်သည်ဟု ဆိုသည့်အတိုင်း ကျေးလက်ဒေသ၏ လမ်းပန်း ဆက်သွယ်ရေး အခက်အခဲပုံရိပ်များ၊ နွံဗွက်နှင့်ရွံ့အိုင်အလယ်မှ လူမှုဘဝ ဝေဒနာများ တစ်နှစ်ထက်တစ်နှစ် ပါးလျားပျောက်ကွယ်သွားမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြား

၂၂-၈-၂၀၁၇ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၉း၃၅ - မြန်မာ့ရုပ်မြင်သံကြားလှူငယ်အစီအစဉ်
၁၁း၂၀ - မျက်မှောက်ရေးရာသုံးသပ်စရာ
"အမေရိကန်နှင့်မြောက်ကိုရီးယားတို့၏
စစ်ရေးတင်းမာမှုအခြေအနေတွေနဲ့
အာရှဒေသအတွင်းနိုင်ငံတွေအထိ သက်ရောက်မှု"
၁၄း၄၅ "ငြိမ်းချမ်းရေးဂီတပွဲတော်ထုတ်လွှင့်မှုအစီအစဉ်
(ရန်ကုန်မြို့)(ဒုတိယပိုင်း)
၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၁၈း၃၅ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ(သရုပ်ဆောင် အောင်ရဲလင်း)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "(၂၉)ကြိမ်မြောက်
အရှေ့တောင်အာရှအားကစားပြိုင်ပွဲအစီအစဉ်
- အနုပညာခန်းရိပ်သာ (နန်းတော်ရှေ့ဆရာတင်၏သား
မိသားစုနှင့်တွေ့ဆုံခြင်း)(ပထမပိုင်း)

# ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကျင်းပမည်

**နေပြည်တော် ဩဂုတ် ၂၁**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာအသံနှင့်ရုပ်မြင်သံကြားက ငြိမ်းချမ်းရေးဂီတပွဲတော် ( Peace Music Festival ) ငြိမ်းချမ်းရေးသီချင်းဆိုပြိုင်ပွဲကို မြန်မာနိုင်ငံတစ်ဝန်းတွင် ကျင်းပလျက်ရှိသည်။

ငြိမ်းချမ်းရေးဂီတပွဲတော် သီချင်းဆိုပြိုင်ပွဲနှင့် ပတ်သက်၍ Level-I ပဏာမ အသံစစ်ဆေးခြင်းကို တောင်ကြီးမြို့၊ မြစ်ကြီးနားမြို့၊ မော်လမြိုင်မြို့၊ လားရှိုးမြို့၊ ပုသိမ်မြို့၊ ကလေးမြို့၊ ရန်ကုန်မြို့၊ စစ်တွေမြို့၊ နေပြည်တော်၊ မန္တလေးနှင့် ဘားအံမြို့များ၌ ကျင်းပသွားမည်ဖြစ်ပြီး စစ်တွေမြို့ ခိုင်သဇင်မြို့တော်ခန်းမ၌ ဩဂုတ် ၂၄ ရက်တွင် အသံစစ်ဆေးခြင်း၊ ဩဂုတ် ၂၆ ရက်တွင် Stage Rehearsal ပြုလုပ်ခြင်း၊ စစ်တွေမြို့ ဥတ္တမခန်းမ၌ ဩဂုတ် ၂၇ ရက်တွင် Level-I Live ယှဉ်ပြိုင်ခြင်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆိုးကျိုးများလျော့နည်းရေး ပူးပေါင်းဆောင်ရွက်ရန် တွေ့ဆုံဆွေးနွေး

**ဟားခါး ဩဂုတ် ၂၁**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်သည် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ် MCCA Unit အဖွဲ့ဝင်များနှင့် ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး ညှိနှိုင်းခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။ **(ယာပုံ)**



ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ချင်းပြည်နယ်နှင့် ကိုက်ညီမှုရှိမည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီအမံများ၊ ရာသီဥတုဒဏ်ခံနိုင်မည့် စိုက်ပျိုးနည်းစနစ်များ၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများလျော့နည်းအောင် အစီအမံများ ချမှတ်နိုင်ရေးအတွက် ဘတ်ဂျက်လျာထားရေးဆွဲနိုင်ရေး၊ အနာဂတ်တွင် ရာသီဥတုဆိုးကျိုးများ လျော့နည်းအောင် လေ့လာဆန်းစစ် သွားရေး စသည့် အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီးဦးမန်ဟင်းဒါလ်း၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်၊ အစိုးရအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းထွန်းစိန်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(ပြည်နယ် ပြန်/ဆက်)**

# ကျားကောင်ရေထိန်းသိမ်းရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မုံရွာ ဩဂုတ် ၂၁**

သစ်တောဦးစီးဌာနနှင့် WCS တို့ ပူးပေါင်းရေးဆွဲသော နိုင်ငံအဆင့် ကျားထိန်းသိမ်းရေးစီမံချက်(၂၀၀၃)ကို လက်ရှိအခြေအနေနှင့် လိုက်လျောညီထွေ ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်း အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၀ရက်က မုံရွာမြို့ ဝင်းယူနတီ ဟိုတယ်ခန်းမ၌ ကျင်းပသည်။

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ကျားသတ္တဝါများ တွေ့နိုင်သေးသည့် ဒေသများမှ ဆက်စပ်သူများ၊ ကျားထိန်းသိမ်းရေးစီမံချက်ကို အကောင်အထည်ဖော်ဆောင်နေသည့် သစ်တောဦးစီးဌာနနှင့်ဆက်စပ်ဌာနများမှ အဖွဲ့အစည်းများတက်ရောက်ပြီး လက်ရှိ ကျားကောင်ရေ လျော့နည်းမသွားစေရေးနှင့် ရေရှည်တည်တံ့စေရေးအတွက် တွေ့ကြုံနေရသည့် အတားအဆီးများ၊ ရင်ဆိုင်တွေ့ကြုံနေရသည့် အခက်အခဲများနှင့် ကျော်လွှားနိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။ **မျိုးဝင်းထွန်း (မုံရွာ)**

# ဧရာဝတီနှင့်ဝဝန်မြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၁**

ယနေ့ နံနက် ၁၀ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပြီး ဇလွန်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် ရောက်ရှိနေသည်။

အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ သို့ဖြစ်၍ ဟင်္သာတမြို့နယ်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်၍ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

**ခင်ရတနာ-စုစည်းသည်။**

၂၁-၈-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၅၅/၆၇၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၆၀/၆၈၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၅/၇၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၅/၆၉၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၁ . ၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၉၈ . ၃၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ . ၉၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၂၃ |
| တရုတ် | တစ်ယွမ် | ၂၀၄ . ၀၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၇ . ၁၈ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ခိုင်မာသည့် ငြိမ်းချမ်းရေး၊ ခိုင်မာသည့် ဒီမိုကရေစီဖြစ်အောင် ကြိုးပမ်းလုပ်ဆောင်နေ



မြန်မာနိုင်ငံဆိုင်ရာ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ တွေ့ဆုံဆွေးနွေးစဉ်

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာနိုင်ငံဆိုင်ရာ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်ဘို ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိနှိုင်းခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂိုဏ်းချုပ်ဆရာတော်ကြီးက တိုင်းပြည်ရှိ ပါတီများ၊ အဖွဲ့အစည်းများ အားလုံးအတွက် တစ်ခုတည်းသော လမ်းစဉ်မှာ ငြိမ်းချမ်းရေး လမ်းစဉ်သာဖြစ်ကြောင်း၊ ပြဿနာများကို ဆွေးနွေးအဖြေရှာရာတွင် မိမိတို့အတူ လက်တွဲပါဝင်ဆောင်ရွက်လိုကြောင်း၊ မိမိတို့အနေဖြင့် အကြမ်းမဖက်သော ငြိမ်းချမ်းရေးလမ်းစဉ်ကို ထောက်ခံပြီး လိုက်ပါလျှောက်လှမ်းရန် တိုက်တွန်းလိုကြောင်း၊ မည်သည့် နာကြည်းမှုများပင်ဖြစ်စေ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ယုံကြည်မှုတည်ဆောက်ကာ ဖြေရှင်းနိုင်ကြောင်း၊ ဆွေးနွေးညှိနှိုင်းသော စားပွဲဝိုင်းသို့ ပြန်လည်စုရုံးကြရန် တောင်းပန်ဆန္ဒပြုကြောင်း၊ ယခုမျက်မှောက် ရင်ဆိုင်ကြုံတွေ့နေရသောကိစ္စများတွင် ငြိမ်းချမ်းသောခံယူချက် နည်းဟန်များနှင့် ဖြေရှင်းနိုင်ရန် အမိနိုင်ငံတော်နှင့်တကွ နိုင်ငံ့ခေါင်းဆောင်များ၊ တပ်မတော်နှင့်တကွ အခြားသောအဖွဲ့အစည်းအားလုံးအတွက် မိမိတို့ဆုတောင်း မေတ္တာပို့သကြောင်း ဆွေးနွေးပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခိုင်မာသည့် ငြိမ်းချမ်းရေး၊ ခိုင်မာသည့် ဒီမိုကရေစီဖြစ်အောင် မိမိတို့ကြိုးပမ်းလုပ်ဆောင်နေကြောင်း၊ တိုင်းရင်းသားအခွင့်အရေးနှင့်ပတ်သက်၍ ဥပဒေနှင့်အညီသာ လုပ်ဆောင်ကြရမည်ဖြစ်ပြီး တိုင်းရင်းသားအစွဲများမထားဘဲ မြန်မာပြည်တွင် နေထိုင်သူအားလုံး မြန်မာစိတ်မွေးကြရမည်ဖြစ်ကြောင်းနှင့် မြန်မာ့နိုင်ငံရေး ပြောင်းလဲမှု၊ ငြိမ်းချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားအရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။ **(သတင်းစဉ်)**

# အကြမ်းဖက်မှုကာကွယ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့နှင့်ပတ်သက်ပြီး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၁**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်ဘိုနှင့် မြန်မာနိုင်ငံဆိုင်ရာ ကက်သလစ်ခရစ်ယာန်ဆရာတော်များ အဖွဲ့ဥက္ကဋ္ဌ အပါအဝင် တောင်ကြီး၊ လားရှိုး၊ မော်လမြိုင် သာသနာနယ်များမှ ကက်သလစ်ဆရာတော်လေးပါးတို့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘာသာပေါင်းစုံ ရင်းနှီးချစ်ကြည်ရေး၊ အကြမ်းဖက်မှုကာကွယ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့နှင့် ပတ်သက်ပြီး ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံဆိုင်ရာ ကက်သလစ်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်ဘိုနှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းတို့ တွေ့ဆုံဆွေးနွေးစဉ်

## ဧရာဝတီ၊ ချင်းတွင်း၊ ဒုဋ္ဌဝတီနှင့် သံလွင်မြစ်ရေတို့ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင် တစ်ပေခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

မြင်းမူမြို့နှင့် ပခုက္ကူမြို့တို့တွင် ပေဝက်ခန့်စီနှင့် ညောင်ဦးမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း မြင်းမူမြို့တွင် သုံးလက်မခန့်နှင့် ပခုက္ကူမြို့၌ ပေဝက်ခန့်နှင့် နောက်နှစ်ရက်အတွင်း ညောင်ဦးမြို့တွင် တစ်ပေခန့် ဆက်လက်မြင့်တက်နိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ငါးပေခန့်၊ ကလေးဝမြို့၌ သုံးပေခွဲခန့်နှင့် မင်းကင်းမြို့၌ သုံးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း မော်လိုက်မြို့၌ နှစ်ပေခွဲခန့်၊ ကလေးဝမြို့၌ နှစ်ပေခန့်နှင့် မင်းကင်းမြို့၌ တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ဆက်လက်မြင့်တက်နိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သို့ဖြစ်၍ ဧရာဝတီမြစ်ရှိ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့နယ်၊ ချင်းတွင်းမြစ်ရှိ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နှင့် မုံရွာမြို့နယ်၊ ဒုဋ္ဌဝတီ မြစ်ရှိ မြစ်ငယ်မြို့နယ်နှင့် သံလွင်မြစ်ရှိ ဘားအံမြို့နယ်များအတွင်း မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# မလေးရှားနိုင်ငံ ဘုရင်မင်းမြတ်ထံ သံအမတ်ကြီး ဦးစိန်ဦး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဩဂုတ် ၂၂**

မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိန်ဦးသည် ၎င်း၏ခန့်အပ်လွှာကို ဩဂုတ် ၁၇ ရက်တွင် ကွာလာလမ်ပူမြို့၌ မလေးရှားနိုင်ငံ ဘုရင်မင်းမြတ် ပဥ္စမမြောက် ဆူလ်တန် မူဟာမက်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဦးအေးကျော် | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |
| (ခ) ဦးတင်မောင်ဦး | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဦးအောင်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့် အမျိုးသား စာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သမိုင်းသုတေသနနှင့်အမျိုးသား စာကြည့်တိုက်ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| (ခ) ဒေါက်တာဒေါ်စန်းစန်းအေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန |

❍ *ရှေ့ဖုံးမှ*

အနေအထားမျိုးဖြစ်နေပါတယ်”ဟု ကွမ်းသီးကုန်သည်တစ်ဦးက ပြောသည်။

မြန်မာဘက်မှ ကွမ်းသီးရောင်းဝယ်သူများသည် တစ်ဖက်နိုင်ငံ အလုပ်သမားခများ၊ အခွန်စည်းကြပ်မှုများ၊ မြန်မာဘက်မှ လမ်းခရီးကုန်ကျစရိတ်နှင့် ကုန်တန်ဆာခ ပေးဆောင်ရမှုများပြားလာကြောင်း၊ ယခင်ကာလများက မြန်မာဘက်မှ ကွမ်းသီး တင်ပို့ရောင်းချမှုကို အခွန်ကောက်ခံမှုမရှိခဲ့သော်လည်း ယခုအခါအိန္ဒိယနိုင်ငံအတွင်းသို့ဝင်ရောက်သည့် ကွမ်းသီးများကို အိန္ဒိယနိုင်ငံအစိုးရက ၄၀ ရာခိုင်နှုန်းအထိ အခွန်ကောက်ခံလိုက်သည့်အတွက် ကွမ်းသီးကုန်သည်များ အရှုံးပေါ်ကြောင်း ရိနယ်စပ်ကုန်သည်များအသင်းမှ ကုန်သည်တစ်ဦးက ပြောသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းမှ ထုတ်ပြန်သည့်စာရင်းဇယားများအရ ရိနယ်စပ်မှတစ်ဖက်နိုင်ငံသို့ ကွမ်းသီးတင်ပို့ရောင်းချမှုမှာ ၂၀၁၄- ၂၀၁၅ ခုနှစ်တွင် တန်ချိန် ၈၅၂ ဒသမ ၂၁၀ တန် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၀၆သန်းဖိုးကိုလည်းကောင်း၊ ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် တန်ချိန် ၂၀၃၇၉ ဒသမ ၇၁၀ တန် အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၇၈၄ သန်းဖိုးကိုလည်းကောင်း၊ ၂၀၁၆- ၂၀၁၇ ခုနှစ်တွင် တန်ချိန် ၂၁၄၉၂ ဒသမ ၃၉၀ တန် အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၈၄၃ သန်းဖိုးကိုလည်းကောင်း အိန္ဒိယနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



# နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေလုပ်ငန်းများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း

နေပြည်တော် ဩဂုတ် ၂၁

**နယ်စပ်ရေးရာဝန်ကြီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇)ကို ယနေ့နံနက် ၈ နာရီတွင် ဝန်ကြီးရုံး စုပေါင်းခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် တက်ရောက်အမှာစကား ပြောကြားသည်။** (ယာပုံ)

အခမ်းအနားတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က နယ်စပ်ဒေသများတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပြည်ထောင်စုနှင့် ပြည်နယ် ခွင့်ပြုရန်ပုံငွေလုပ်ငန်းများအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ တွေ့ကြုံခဲ့ရသည့် အားနည်းချက်၊ အားသာချက်များအပေါ် ပြန်လည်သုံးသပ်ဆောင်ရွက်ကြရေး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံခြင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွက် မူလရန်ပုံငွေ တင်ပြတောင်းခံခြင်းတို့အတွက် ချမှတ်ထားသော မူဝါဒ၊ ရည်ရွယ်ချက်များနှင့်အညီ ဒေသနှင့် ပြည်သူလူထုအတွက် အကျိုးရှိပြီး မြေပြင်၌ လက်တွေ့ဆောင်ရွက်နိုင်သည့် လုပ်ငန်းများဖြစ်စေရန် ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြရေး၊ ခွင့်ပြုဘဏ္ဍာငွေနှင့်အညီ လုပ်ငန်းများ၏ အရည်အသွေး၊ စံချိန်စံညွှန်းကောင်းမွန်စေရန် ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ပေးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးများက မိမိတို့ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ လိုအပ်ချက်များနှင့် တွေ့ကြုံရသော အခက်အခဲများကို သုံးသပ်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးတို့က ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်မည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပညာရေးကဏ္ဍတွင် တစ်ဦးချင်းစီ၏စွမ်းဆောင်နိုင်မှု၊ ဦးစီးဌာန၊ ဝန်ကြီးဌာန၏ အကောင်အထည်ဖော်နိုင်မှုစွမ်းရည်များမြှင့်တင်

**နေပြည်တော် ဩဂုတ် ၂၁**

ပညာရေးဝန်ကြီးဌာန ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် နှစ်စဉ်ကဏ္ဍအလိုက် စွမ်းဆောင်ရည် ပြန်လည်သုံးသပ်ခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာသင်ယူမှု အခွင့်အလမ်းရရှိရေးအတွက် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ချန်မထား၍ ဘက်မလိုက်ဘဲ သာတူညီမျှ အခွင့်အရေးရအောင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သော စီမံကိန်းများပြုစုပြီး ဦးစားပေးအစီအစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးအရည်အသွေးမြင့်မားရေးအတွက် ဆရာ ဆရာမများအနေဖြင့် သင်ကြားသင်ယူမှုအရည်အသွေးများ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သင်ကြားရေးကဏ္ဍတွင် ဆရာဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား သင်ယူတတ်မြောက်မှု ကောင်းမွန်စေရေးအတွက် အချိန်ပေး၍ ဂရုတစိုက် ရှင်းလင်းသင်ကြားသင်ယူပေးရန် လိုအပ်ပါကြောင်း။

ကျွမ်းကျင်မှုအတွေ့အကြုံ ဗဟုသုတများပြည့်ဝရန်၊ စာများများဖတ်ရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေးသင်တန်းများကို နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်၊ ခရိုင်မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်လိုက် ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ငါးနှစ်ပြည့်ကလေးတိုင်း သူငယ်တန်းပညာသင်ယူခွင့်ရရှိအောင် ဆောင်ရွက်ထားပြီးဖြစ်၍ လက်ရှိဆောင်ရွက်နေသော ကျောင်းအခြေပြု Pre-School ကိုသာ ဆက်လက်ဆောင်ရွက်ရန် အားပေးပါကြောင်း၊ မူလတန်းပညာသင်ယူနေသူအားလုံး မူလတန်းပညာသင်ယူပြီးမြောက်ပြီး အလယ်တန်း၊ အထက်တန်းအဆင့်များကို ဆက်လက်သင်ယူပြီးမြောက်ကာ အလယ်တန်း၊ အထက်တန်းအဆင့်များကို ဆက်လက်သင်ယူပြီးမြောက်ရေးနှင့် ကျောင်းသား ကျောင်းသူများ၏ ဝါသနာ၊ ဆန္ဒ၊ အရည်အချင်းများအရ အသက်မွေးဝမ်းကျောင်းနှင့် အဆင့်မြင့်ပညာတို့ကို ဆက်လက်သင်ယူနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာရေးသည် ဖြည့်ဆည်းဆောင်ရွက်ပေးရန် အများဆုံးအခန်းကဏ္ဍ ဖြစ်ပါကြောင်း၊ နှစ်စဉ် ကျောင်းအဆင့်တိုးမြှင့်ပေးနိုင်ခဲ့သော်လည်း ကျောင်းဆောင်၊ စာသင်ခန်း၊ ဆရာ ဆရာမ၊ သင်ထောက်ကူ စသည့်လိုအပ်ချက်များကို ချက်ချင်းမဖြည့်ဆည်းပေးနိုင်ဘဲ ဘတ်ဂျက်သဘောအရ တစ်နှစ်နောက်ကျပြီး ရရှိလာသည့် ခွင့်ပြုဘဏ္ဍာငွေအရ ခွဲဝေဖြည့်ဆည်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာသုတေသနစီမံကိန်းများကို လေ့လာပြီး မြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းစဉ်လာများ၊ တန်ဖိုးများနှင့် လိုက်လျောညီထွေသည့် စီမံကိန်းများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ လိုအပ်ချက်များသော ပညာရေးကဏ္ဍတွင် တစ်ဦးချင်းစီ၏ စွမ်းဆောင်နိုင်မှု၊ ဦးစီးဌာန၊ ဝန်ကြီးဌာန၏ အကောင်အထည်ဖော်နိုင်မှုစွမ်းရည်များ မြှင့်တင်၍ ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပြီး ပညာရေးအရည်အသွေးမြင့်မားရေးအတွက် အားလုံးပူးပေါင်းကာ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ထို့နောက် ကျောင်းပြင်ပနှင့် တစ်သက်ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်မြဲက အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်နှင့် အဓိကရလဒ်များကို ဆွေးနွေးတင်ပြပြီး ဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာအကျိုးဆက်များ ခွဲခြမ်းစိတ်ဖြာခြင်း အလုပ်ရုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၂၁

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အကျိုးဆက်များ ခွဲခြမ်းစိတ်ဖြာခြင်း အလုပ်ရုံဆွေးနွေးပွဲ (Consequence Analysis Workshop) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက နေပြည်တော် Hilton Hotel ၌ ကျင်းပသည်။** (အောက်ပုံ)




အလုပ်ရုံဆွေးနွေးပွဲကို ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေး ကော်မတီမှ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ **(IMF)**နှင့် ပူးပေါင်း၍ကျင်းပခြင်းဖြစ်ပြီး ယင်းကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး တက်ရောက်အမှာစကား ပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ဌာနေကိုယ်စားလှယ် Mr. Yasuhisa Ojima က ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်မေတိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်နိုင်၊ ကော်မတီအတွင်းရေးမှူး ငွေကြေးဆိုင်ရာ မှုခင်းတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ကျော်ဝင်းသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ကော်မတီရုံးအဖွဲ့ဝင်များ စုစုပေါင်း ၄၃ ဦး တက်ရောက်ကြသည်။

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီသည် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ညွှန်ကြားမှုဖြင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)၏ နည်းပညာအကူအညီဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ် အကဲဖြတ်ရေးလုပ်ငန်းကို လုပ်ငန်းစဉ်(၈)ရပ် ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်(၇)သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ကော်မတီအနေဖြင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးစနစ် (AML/CFT Regime)ကို ပိုမိုခိုင်မာစေရန်အတွက် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ခြိမ်းခြောက်မှု (Threat)၊ အားနည်းချက် (Vulnerability)နှင့် အကျိုးဆက် (Consequence)များအား အကဲဖြတ်ဖော်ထုတ်ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းစဉ်ပြီးဆုံးပါက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ချက် အစီရင်ခံစာပြုစု၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ထံ အစီရင်ခံတင်ပြသွားမည် ဖြစ်ကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲအား ဩဂုတ် ၂၂ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တပ်မတော်သားပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၉ / ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်**
**(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၆/၂၀၁၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| လေ ၁၇၇၃ | အစား | ကြည်း ၁၈၀၆၂ |
| ဗိုလ်မှူးချုပ် ဦးကျော် | | ဗိုလ်မှူးချုပ် ဇော်ဝင်း |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၀ / ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၄ ရက်**
**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက် )**

**တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၁၄-၁၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၆) နှင့် ၁၆-၅-၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၉/၂၀၁၇)တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | |
|---|---|---|
| (၁) ကြည်း ၄၁၈၀၈ ဗိုလ်မှူး စိုးရာဇာသိုက် | အစား | ကြည်း ၁၈၆၃၇ ဗိုလ်မှူးကြီး အောင်လွင် |
| (၂) ကြည်း ၃၉၆၉၄ ဗိုလ်မှူး ထက်ကိုကိုအောင် | အစား | ကြည်း ၂၁၁၂၃ ဗိုလ်မှူးကြီး ကျော်ကျော် |
| (၃) ကြည်း ၃၅၁၈၈ ဗိုလ်မှူး နိုင်ဝင်းလတ် | အစား | ကြည်း ၂၀၅၉၅ ဗိုလ်မှူးကြီး နိုင်ဦး |
| (၄) ကြည်း ၂၉၄၈၆ ဒုတိယဗိုလ်မှူးကြီးဇာနည်အောင် | အစား | ကြည်း ၂၁၆၅၈ ဗိုလ်မှူးကြီးမျိုးမင်းအောင် |
| (၅) ကြည်း ၂၆၁၄၈ ဒုတိယဗိုလ်မှူးကြီးကျော်စံဦး | အစား | ကြည်း ၁၇၅၁၇ ဗိုလ်မှူးကြီးထိန်လင်း |
| (၆) ကြည်း ၃၈၃၉၂ ဗိုလ်မှူးဟိန်းမင်းစိုး | အစား | ကြည်း ၂၀၆၈၂ ဗိုလ်မှူးကြီးတင်အောင်ထွန်း |
| (၇) ကြည်း ၂၁၈၆၈ ဗိုလ်မှူးချုပ်ဇော်ဇော်နိုင် | အစား | ကြည်း ၁၉၇၂၉ ဗိုလ်မှူးကြီး စိုးမိုးအောင် |

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာနှင့်တရုတ် နည်းပညာဖလှယ်ရေးဆိုင်ရာများဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၁**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယနေ့ ညနေ ၃ နာရီတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန် ဦးဆောင်သည့် တရုတ်နိုင်ငံကုမ္ပဏီများမှ လုပ်ငန်းရှင်များအား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာလုပ်ငန်းများတိုးတက်လာစေရန် တရုတ်နိုင်ငံမှ ပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နည်းပညာများဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ စပါးနှင့် အခြားသီးနှံများတင်ပို့ရေး၊ ကျွဲ၊ နွား၊ ဆိတ်၊ ဝက်နှင့် ငါးများ တင်ပို့ရေးဆိုင်ရာကိစ္စရပ်များနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် အဆင်ပြေချောမွေ့စေရန် ကျေးလက်လမ်းများ ဖောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဒီးမော့ဆိုမြို့နယ်၌ သီးနှံစိုက်ပျိုးမှုနည်းပညာပြန့်ပွားရေး ဆွေးနွေးပွဲကျင်းပ

**ဒီးမော့ဆို ဩဂုတ် ၂၁**

လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ဟိုဖိတ်ကျေးရွာအုပ်စုတွင် ကယားပြည်နယ်စိုက်ပျိုးရေးသုတေသန ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာနွံနွံယဉ် ဦးဆောင်သော နည်းပညာအဖွဲ့သည် ဩဂုတ် ၂၀ ရက်က သီးနှံစိုက်ပျိုးမှုနည်းပညာပြန့်ပွားရေး ဆွေးနွေးပွဲ ကျင်းပခဲ့သည်။ **(ယာပုံ)**




အဆိုပါ ဆွေးနွေးပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး (ညွှန်ကြားရေးမှူး) ဦးမျိုးခန့်က အမှာစကားပြောကြားပြီး နည်းပညာအဖွဲ့ခေါင်းဆောင် ဒေါက်တာနွံနွံယဉ်က ဆွေးနွေးပွဲ ကျင်းပရခြင်းအကြောင်း ရှင်းလင်းရာတွင် လွိုင်ကော်ခရိုင်တွင် သီးနှံနှင့်ပတ်သက်သော နည်းပညာများပေးရန် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲအချိန်က တိုတောင်းသော်လည်း အဓိကကျသည် တောင်သူများကြုံတွေ့နေရသော သီးနှံစိုက်ပျိုးရေးပြဿနာများကို ဆွေးနွေးတင်ပြပေးစေလိုကြောင်း၊ အဆိုပါဒေသက ပြဿနာများကိုသိမှသာ ဘယ်အရာကို ဦးစားပေး၍ သုတေသနပြု အဖြေရှာရမည်ကိုသိရှိပြီး ပို၍အကျိုးရှိစေရန် ဒေသရေမြေကိုလိုက်၍ စိုက်ပျိုးသီးနှံအလိုက် စိုက်နည်းစနစ်များ ကွဲပြားမှုရှိမှာဖြစ်ကြောင်း၊ ကယားပြည်နယ်၏ ရေမြေရာသီဥတုတို့သည် သီးနှံများစိုက်ပျိုးဖြစ်ထွန်း၍ ပိုမိုအောင်မြင်ရန် တစ်နေ့တခြားပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် ရောဂါ၊ ဆားငန်၊ ပိုးမွှားဒဏ်ခံနိုင်ပြီး သက်တမ်းတို၍ အထွက်တိုးသော မျိုးများ၊ မိုးခေါင်ရေရှားဒေသများအတွက် ရေအနည်းသာလိုသောမျိုး၊ ရေကြီးနစ်မြုပ်ဒေသများအတွက် ရေဝပ်ခံနိုင်သောမျိုးများ၊ စိုက်နည်းစနစ်များကို သုတေသနပြု ရှာဖွေပေးမည်ဖြစ်၍ တောင်သူများအနေဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန် ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ပိုးမွှား/ရောဂါဌာနစု၊ ဆီထွက်သီးနှံဌာနစု၊ ပြောင်းနှင့် အခြားနှံစားသီးနှံဌာနစု၊ အပင်ရောဂါဌာနစုနှင့် ပဲမျိုးစုံသီးနှံဌာနစုတို့မှ စိုက်ပျိုးရေးပညာရှင်များက ရှင်းလင်းပြောကြား၍ တက်ရောက်လာသော တောင်သူများက ပြန်လည်ဆွေးနွေးကြပြီး လွိုင်ကော်ခရိုင်အတွင်းရှိ လွိုင်ကော်၊ ဒီးမော့ဆို၊ ဖရူဆို၊ ရှားတောမြို့နယ်ရှိ ကျေးရွာအုပ်စုများမှ တောင်သူ ၁၄၅ ဦး၊ ဝန်ထမ်း ၄၀ စုစုပေါင်း ၁၈၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဒွေးမယ်နော် ( ၈၄ စိုက်ပျိုးရေး)**

# ပျက်ကျ Y-8 လေယာဉ်၏ ကိုယ်ထည်အစိတ်အပိုင်းများ ထပ်မံတွေ့ရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ပျက်ကျ Y-8 လေယာဉ်၏ ကျန်ရှိသေးသည့် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေတွေ့ရှိရေး တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် ဒေသခံငါးဖမ်းစက်လှေများ ပူးပေါင်းပြီး ရှာဖွေရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ဆိုနာစနစ်ဖြင့် ရှာဖွေရရှိသည့် ပုံရိပ်များအပေါ်မူတည်၍ လေယာဉ်အမြီးပိုင်း ရှာဖွေတွေ့ရှိခဲ့သည့် နေရာတစ်ဝိုက်၌ ဒေသခံငါးဖမ်းစက်လှေသုံးစင်းက ငါးဖမ်းပိုက်များဖြင့် တရွတ်ဆွဲရှာဖွေရာ ယနေ့တွင် လေယာဉ်အစိတ်အပိုင်းများအား ထပ်မံရှာဖွေဆယ်ယူရရှိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**




## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၂၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင် အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့နှင့် မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။ **(မိုး/ဇလ)**

# ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်နိုင်ဖို့ ငြိမ်းချမ်းရေးဂီတပွဲတော်ဟာ ပြည်သူလူထုကြားထဲမှာ တစ်စုံတစ်ရာ အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်

**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း**

**တွေ့ဆုံမေးမြန်း-မင်းသစ်(MNA)၊ ဓာတ်ပုံ-ဇော်ဇော်၊ တင်အေး(ပြန်/ဆက်)**

**အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအတွက် နိုင်ငံတော်မှ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထောက်ခံဂုဏ်ပြုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV မှ ငြိမ်းချမ်းရေးဂီတပွဲတော်ကြီးကို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့ကြီးများတွင် ကျင်းပပေးလျက်ရှိသည်။**

ဩဂုတ် ၂၀ ရက် ညပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ငြိမ်းချမ်းရေးဂီတပွဲတော်ကို ကျင်းပခဲ့ရာ ပွဲတော်သို့ တက်ရောက်လာသူများအား ငြိမ်းချမ်းရေး ဂီတပွဲတော်နှင့်စပ်လျဉ်းပြီး တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားတင်ပြလိုက်ရပါသည်။

**ဦးဖြိုးမင်းသိန်း**
**ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်**

ငြိမ်းချမ်းရေးဆိုတာ ပဋိပက္ခဖြစ်နေတာကြောင့် ငြိမ်းချမ်းရေးတစ်ရပ် လိုအပ်နေပါတယ်။ လူသားတွေအားလုံးဟာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးနယ်ပယ်တွေမှာ ပဋိပက္ခတွေရှိနေပါတယ်။ မတူညီမှုတွေကို ပေါင်းစုံပြီး နေထိုင်ကြဖို့အတွက် ငြိမ်းချမ်းရေးက လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဂီတပွဲတော်ကတစ်ဆင့် မတူညီတဲ့ အတွေးအခေါ် စဉ်းစားမှုတွေ၊ မတူညီတဲ့ အယူအဆတွေ၊ မတူညီတဲ့လူမျိုးတွေကြားမှာ ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်နိုင်ဖို့ ငြိမ်းချမ်းရေးဂီတပွဲတော်ဟာ ပြည်သူလူထုကြားထဲမှာ တစ်စုံတစ်ရာ အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်။

**ဦးမြင့်ထွေး (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)**

ငြိမ်းချမ်းရေး ဂီတပွဲတော်က ဖျော်ဖြေပွဲသက်သက်မဟုတ်ဘဲ ရောက်တဲ့နေရာဒေသတိုင်းမှာ ပရဟိတလုပ်ငန်းတွေ ဆောင်ရွက်တယ်။ ငြိမ်းချမ်းရေးဂီတပွဲတော်ရဲ့ အနှစ်သာရပေါ့။ တိုက်ပွဲရှောင်စခန်းတွေဆီသွားခဲ့တယ်။ အဲဒီမှာရှိတဲ့ တိုက်ပွဲရှောင် ပြည်သူတွေနဲ့ သွားတွေ့ပြီး သူတို့ရဲ့အခက်အခဲတွေကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးခဲ့တယ်။ အစားအသောက် အဝတ်အထည်တွေ လှူဒါန်းပေးခဲ့တယ်။ တိုက်ပွဲရှောင်ပြည်သူတွေနဲ့တွေ့ပြီး သူတို့ရင်ထဲမှာရှိတဲ့ ငြိမ်းချမ်းရေးအပေါ် ဘယ်လောက်မျှော်လင့်ထားသလဲဆိုတာ မေးမြန်းဖြစ်ခဲ့တယ်။ မေးမြန်းလိုက်တဲ့အခါ တိုက်ပွဲရှောင် စခန်းတွေမှာရှိတဲ့ ပြည်သူတွေက ငြိမ်းချမ်းရေးကို ရင်ထဲ၊ အသည်းထဲက လိုလိုလားလားရှိနေတာတွေ့ရတယ်။

ငြိမ်းချမ်းရေး ဂီတပွဲတော်က တစ်ဆင့် တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူတွေနဲ့အတူ လူငယ်တွေကြားမှာ ငြိမ်းချမ်းရေးဆိုတဲ့အသိ၊ ငြိမ်းချမ်းရေးဖော်ဆောင်ချင်တဲ့ဆန္ဒ တိုးပွားလာစေချင်တယ်။ နိုင်ငံတော်က ဆောင်ရွက်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ အားလုံးအုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ ပါဝင်ဆောင်ရွက်စေချင်ပါတယ်။

**တေးသံရှင် နွဲ့ယဉ်ဝင်း**
**(ငြိမ်းချမ်းရေးဂီတပွဲတော် အကဲဖြတ်ဒိုင်)**

ငြိမ်းချမ်းရေးက အရေးကြီးတယ်။ သီချင်းနဲ့ ငြိမ်းချမ်းရေးက ဘာဆိုင်သလဲလို့ ပြောကြတယ်။ သို့သော်လည်း သီချင်းက အားလုံးရဲ့စိတ်ကို လှုံ့ဆော်တယ်။ သီချင်းနဲ့ လှုံ့ဆော်တာ အကောင်းဆုံးပဲ။ ဂီတက အားလုံးကိုစိတ်ချမ်းသာစေတယ်။ ငြိမ်သက်စေတယ်။ ဂီတသံနဲ့ အားလုံးစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြစ်သွားမယ်လို့ ယုံကြည်တယ်။ အောင်မြင်မယ်လို့ ယုံကြည်တယ်။

**ဦးဝင်းမောင်မောင်**
**(ပွဲတော်သို့တက်ရောက်လာသူ)**

ငြိမ်းချမ်းရေး ဂီတပွဲတော်က တစ်နိုင်ငံလုံးနဲ့ဆိုင်တယ်။ ငြိမ်းချမ်းရေးဂီတပွဲတော်ကြီး အောင်မြင်ချင်တဲ့စိတ်၊ တစ်တပ်တစ်အားပါဝင်ကူညီချင်တဲ့စိတ်ကြောင့် ဒီနေ့ အလှူငွေလာလှူဒါန်းတာပါ။ ငြိမ်းချမ်းရေးက တစ်ရက်တည်းနဲ့တော့ မရနိုင်ဘူး။ တရွေ့ရွေ့နဲ့တော့ ချဉ်းကပ်ပြီးသွားနေတယ်။ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုက အရေးအကြီးဆုံးပဲ။ နားလည်မှုတွေရလာတဲ့ တစ်နေ့မှာ ငြိမ်းချမ်းရေးက မလွဲမသွေ ရမှာသေချာတယ်လို့ ယုံကြည်တယ်။ ကျွန်တော်တို့ သက်ရှိထင်ရှား ရှိနေတုန်းမှာ ရပါစေလို့ ဆုတောင်းတယ်။

လူတွေရဲ့စိတ်ကို ပြောင်းလဲစေတာ ဂီတပဲ။ ဂီတက အထိရောက်ဆုံးဖြစ်လို့ ဂီတလက်နက်နဲ့ လူတွေရဲ့စိတ်ကို စေ့ဆော်ပြီး ငြိမ်းချမ်းရေးဘက်ကို ဆောင်ရွက်တယ်လို့ ယူဆတယ်။ လူငယ်တွေရဲ့စိတ်မှာလည်း ငြိမ်းချမ်းရေးဆိုတာ သိသွားပြီ။ သီချင်းဆိုတာတင် မကဘူး။ နောက်ကွယ်က ဘာကြောင့်လဲဆိုတာ ငြိမ်းချမ်းရေးဆိုတဲ့စကားလေး လူငယ်တွေ ခေါင်းထဲဝင်သွားရင် အများကြီး ထိရောက်မှာပါ။


ဦးဖြိုးမင်းသိန်း
ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်


ဦးမြင့်ထွေး (ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)


တေးသံရှင် နွဲ့ယဉ်ဝင်း
(ငြိမ်းချမ်းရေးဂီတပွဲတော် အကဲဖြတ်ဒိုင်)


ဦးဝင်းမောင်မောင်

# အထောက်အထားမပြည့်စုံ၍ နေရပ်ပြန်လိုသော မြန်မာရွှေ့ပြောင်းအလုပ်သမားများအား နေရပ်ပြန်နိုင်ရန် စီစဉ်လျက်ရှိ

**တာချီလိတ် ဩဂုတ် ၂၁**

ရက်ပေါင်း ၈၀ အတွင်း မဖမ်းဆီးရန် ကန့်သတ်ထားသည့် အချိန်တွင် အထောက်အထားများ မပြည့်စုံ၍ ပြန်လာသော ရွှေ့ပြောင်းမြန်မာအလုပ်သမားများအား မြို့နယ်အဆင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကြိုဆိုလက်ခံရေးအဖွဲ့နှင့် အလုပ်သမား သံအရာရှိရုံးမှ နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်တင့်၊ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး အေးမင်းဦး၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ မြို့နယ်အဆင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကြိုဆိုလက်ခံရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းဝင်းအောင်၊ CNCMC ကော်မတီမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များက ပြန်လည်ရောက်ရှိလာသော ရွှေ့ပြောင်းအလုပ်သမား အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ၄၀ နှင့် ရင်ခွင်ပိုက်ကလေးလေးဦး စုစုပေါင်း ၈၇ ဦးတို့အား ကြိုဆိုခဲ့ရာ နေရပ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းထားပါသည်။

**ဦးထွန်းဝင်းအောင် (မြို့နယ်အဆင့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ကြိုဆိုလက်ခံရေးအဖွဲ့ဥက္ကဋ္ဌ)**

ကျွန်တော်တို့က ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို ပြန်လည်လက်ခံပြီး သူတို့နေရပ်ကို ပြန်လည်ပို့ဆောင်ပေးတာဖြစ်ပါတယ်။ နယ်စပ်ကနေ တစ်ဆင့် တာချီလိတ်ခရိုင်ကို ဝင်ရောက်လာတာဖြစ်ပါတယ်။ အခုဆိုရင် ၁၅ ကြိမ်မြောက်ဖြစ်ပါပြီ။ လက်ခံရေးအဖွဲ့က မြန်မာနိုင်ငံမှ မော်တော်ယာဉ်တွေနဲ့ ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှာရှိတဲ့ လဝကရုံးမှာ သွားရောက်ခေါ်ယူပါတယ်။ အဖွဲ့နဲ့ ကြိုဆိုလက်ခံပြီး နေရပ်ပြန်ဖို့ စီစဉ်ပေးပါတယ်။ လက်ရှိမှာ ချက်ချင်းမပြန်နိုင်သေးဘူးဆိုရင် ဆေးခမ်းရပ်ကွက်မှာရှိတဲ့ ဘုန်းကြီးကျောင်းမှာ တည်းခိုနေနိုင်ဖို့ စီစဉ်ပေးပါတယ်။ လူမှုရေးအသင်းအဖွဲ့တွေ စုပေါင်းပြီး စားသောက်ရေး စီစဉ်ပေးပါတယ်။ ပြန်မယ့်သူတွေကို ကားဂိတ်အရောက်ပို့ဆောင် စီစဉ်ပေးပါတယ်။


နေရပ်ပြန် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို တွေ့ရစဉ်

**ဦးနိုင်မင်းသူ**
**(ထိုင်းနိုင်ငံ၊ အလုပ်သမား သံအရာရှိ)**

ရက်ပေါင်း ၈၀ မဖမ်းဆီးရန် ကန့်သတ်ထားတဲ့အချိန်မှာ ပြန်ချင်တယ်ဆိုပြီး ကျွန်တော်တို့ဆီကို အကြောင်းကြားတယ်။ ပြန်လာတဲ့ ရွှေ့ပြောင်းမြန်မာအလုပ်သမားတွေကို ထိုင်းနိုင်ငံ ချင်းမိုင်မြို့ရှိ အလုပ်သမားသံအရာရှိရုံးက လိုအပ်တဲ့ ရုံးစာရွက်စာတမ်းတွေကို သွားရေးလာရေးလွယ်ကူဖို့ ထုတ်ပေးထားပါတယ်။ သူတို့ပြန်တဲ့အချိန် ထိုင်းနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးရုံးနဲ့ ချိတ်ဆက်ပြီး မြန်မာနိုင်ငံ တာချီလိတ်ဘက်မှာ တာဝန်ရှိသူအဖွဲ့အစည်းတွေကို တရားဝင်လွှဲပြောင်းပေးတာဖြစ်ပါတယ်။

ပြန်လာရတဲ့အကြောင်းအရင်းက သူတို့မှာ အထောက်အထား မပြည့်စုံလို့ ပြန်လာတာပါ။ ထိုင်းနိုင်ငံရှိ အလုပ်သမားဟောင်းတွေအတွက်က ၂၀၁၇ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၇ ရက်အထိ ထိုင်းနိုင်ငံက စာရင်းကောက်ထားတာရှိပါတယ်။ အလုပ်ရှင်က သူ့အလုပ်သမားမှန်ကန်ကြောင်းကို သတ်မှတ်ထားတဲ့ရက်မှာ စာရင်းသွားပေးရမယ်။ ပေးပြီးရင် အလုပ်သမားရုံးက ပြန်စီစစ်ပြီးမှန်ကန်ကြောင်း ထုတ်ပေးမှာပါ။ ထုတ်ပေးတဲ့ အထောက်အထားနဲ့ ထိုင်းနိုင်ငံ 7 Eleven ဆိုင်မှာ ဘတ်ငွေ ၃၀၀ သွင်းပြီး CI ထုတ်ပေးဖို့အတွက် စီစဉ်ထားပါတယ်။ ထိုင်းနိုင်ငံမှာ သွားရောက်အလုပ်လုပ်မယ့် မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအနေနဲ့ တရားဝင်သွားရောက်ဖို့ဆိုရင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်ပကို အလုပ်သမားစေလွှတ်တာနဲ့ ပတ်သက်ပြီး လိုင်စင်ထုတ်ပေးရတဲ့ ကုမ္ပဏီတွေရှိပါတယ်။ လိုင်စင်ထုတ်ပေးထားတဲ့ ကုမ္ပဏီတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး သွားမယ်ဆိုရင် သက်ဆိုင်ရာနိုင်ငံမှာရှိတဲ့ ဥပဒေအရ အခွင့်အရေးတွေ ရရှိမှာဖြစ်သလို ကာကွယ်စောင့်ရှောက်မှုတွေလည်း ပိုပြီးတော့ ရရှိမှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံအလုပ်အကိုင်ဌာနက နိုင်ငံအတွင်း အလုပ်လုပ်ကိုင်လျက်ရှိပြီး အထောက်အထားမဲ့ ဖြစ်သွားသူများကို သက်ဆိုင်ရာ နယ်မြေရုံး ၉၀ ကျော်က စာရင်းကောက်လျက်ရှိပါတယ်။ သတ်မှတ်ရက်အတွင်း အလုပ်ရှင်က သူ့အလုပ်သမားဖြစ်ကြောင်း သွားရောက်စာရင်းပေးရပါမယ်။ အလုပ်သမားရုံးကတစ်ဆင့် ထောက်ခံပေးတဲ့စာရွက်နဲ့ အလုပ်သမားက မိမိကိုယ်တိုင် သက်ဆိုင်ရာရုံးမှာ CI သွားရောက်ထုတ်ယူနိုင်ပါတယ်။ CI ထုတ်ပေးရာမှာ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ Visa နှင့် Workpermit ကို ထိုင်းနိုင်ငံက ပေးမှာဖြစ်ပါတယ်။ ထိုင်းနိုင်ငံက ထုတ်ပေးထားတဲ့ ကတ်ပန်းရောင်တွေဟာလည်း ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် သက်တမ်းကုန်မှာဖြစ်တာကြောင့် ချိန်ကိုက်ပြီး ဆောင်ရွက်ထားတာ ဖြစ်ပါတယ်။ သက်တမ်းတိုးဖို့ ဆက်လက်ထုတ်ပေးသွားဖို့လည်း ရှိပါတယ်။

**မြင့်မိုရ်(တာချီလိတ်)**

❀ *ကျောဖုံးမှ*

ဒီပြိုင်ပွဲမှာက အဓိက အသံပိုင်းဆိုင်ရာကိုကြည့်ပြီး ရွေးချယ်တာပါ။ ဖိလစ်ပိုင်နဲ့ ဗီယက်နမ်က အဆိုတော်တွေကလည်း တော်တော်လေးကောင်းကြပါတယ်။ အဲဒီကြားထဲက အခုလိုဒုတိယဆုကို နိုင်ငံကိုယ်စားပြုရရှိခဲ့လို့ ဝမ်းသာမဆုံးဖြစ်မိပါတယ်”ဟု မျှော်လင့်ချက်တစ်စုံတစ်ရာဖြင့် အကောင်းဆုံး ဒုတိယဆုရရှိခဲ့သော နိုင်ငံကျော်တေးသံရှင် နီနီခင်ဇော်က ပြောသည်။

ဗီယက်နမ်နိုင်ငံတွင် အကြိမ်(၅၀)မြောက် ကျင်းပခဲ့သော အာဆီယံ+၃ သီချင်းဆိုပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် နိုင်ငံကျော်တေးသံရှင် နီနီခင်ဇော်နှင့် အောင်ထက်တို့ သွားရောက်ယှဉ်ပြိုင်ခဲ့ရာ အာဆီယံနိုင်ငံတွင်းမှ နာမည်ကြီးအဆိုတော် ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး 1 to 10 ရွေးချယ်မှုတွင် နီနီခင်ဇော် ပါဝင်ရွေးချယ်ခံရပြီး မျှော်လင့်ချက်တစ်စုံတစ်ရာသီချင်းဖြင့် ယခုကဲ့သို့ ဒုတိယဆုရရှိခဲ့ခြင်းဖြစ်သည်။ အောင်ထက်မှာ 1 to 10 အတွင်း ရွေးချယ်မခံခဲ့ရသော်လည်း အချစ်ဘယ်ကစ သီချင်းဖြင့် Orient Award ဆုကို ရွေးချယ်ချီးမြှင့်ခံခဲ့ရကြောင်း သိရသည်။

“ကျွန်တော် ဒီဆုရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီပြိုင်ပွဲမှာ အတွေ့အကြုံကောင်းတွေ တော်တော်လေးရခဲ့ပါတယ်။ အဲဒီအတွေ့အကြုံတွေက ကျွန်တော့်အတွက် တန်ဖိုးမဖြတ်နိုင်ပါဘူး။ အထူးသဖြင့် ဖိလစ်ပိုင်နဲ့ ဗီယက်နမ်က အဆိုတော်တွေက တော်တော်လေးကို ကောင်းကြပါတယ်။ တကယ်တော့ ကျွန်တော်တို့ ဒီ ဆုတွေရခဲ့တယ်ဆိုတာ စိတ်ဓာတ်ခွန်အားနဲ့ ရခဲ့တာပါ။ ပြိုင်ပွဲတစ်လျှောက်လုံး နီနီရော၊ ကျွန်တော်ပါ တော်တော် အခက်အခဲတွေကို ရင်ဆိုင်ခဲ့ရပါတယ်။ ဒါကြောင့်လည်း အခုလို အထိုက်အလျောက် အောင်မြင်မှုတွေရခဲ့တယ်လို့ ထင်ပါတယ်”ဟု Orient Award ဆုရရှိခဲ့သော နိုင်ငံကျော်တေးသံရှင် အောင်ထက်က ပြောသည်။

ယင်းပြိုင်ပွဲတွင် အာဆီယံနိုင်ငံအဖွဲ့ဝင်နိုင်ငံများမှ နာမည်ကြီးအဆိုတော် ၁၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တရုတ်၊ ဂျပန်နှင့် ကိုရီးယားနိုင်ငံမှ နာမည်ကြီးအဆိုတော်များလည်း လာရောက်အားဖြည့် သီဆိုပေးခဲ့သည်။ ပြိုင်ပွဲတွင် တေးဂီတဆိုင်ရာထူးချွန်မှု၊ သီဆိုမှုအတတ်ပညာနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုတို့အပြင် အသံပိုင်းဆိုင်ရာကို ဦးစားပေးရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယခုယှဉ်ပြိုင်ခဲ့သော အာဆီယံသီချင်းဆိုပြိုင်ပွဲတွင် ပထမဆုကို ဖိလစ်ပိုင်နိုင်ငံမှ နာမည်ကြီးတေးသံရှင်တစ်ဦးက ရရှိခဲ့ပြီး ပူးတွဲဒုတိယဆုကို မြန်မာနိုင်ငံနှင့် အိမ်ရှင်ဗီယက်နမ်နိုင်ငံတို့က ရရှိခဲ့ခြင်းဖြစ်သည်။

● *ရှေ့ဖုံးမှ*

**ပြည်သူမှ အချိုးကျထည့်ဝင်ငွေ**

ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင်၏ **ပလက်ဝမြို့နယ်ရှိ လျှပ်စစ်မီးမရရှိသေးသော အိမ်ထောင်စုများအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးတပ်ဆင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပလက်ဝမြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသော အိမ်ထောင်စု ၁၈၅၃၁ အိမ်ကို ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ရန်အတွက် ပြည်သူမှအချိုးကျ ထည့်ဝင်ငွေ ထည့်ဝင်ရန် အဆိုပြုတင်ပြထားသည့် ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေပေါင်း ၁၀၂၂ အိမ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ဆိုလာမီးလင်းရေးဆောင်ရွက်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ကျန်ရှိသော အိမ်ထောင်စုများအတွက် NEP ၏မူနှင့် ကိုက်ညီပြီး ပြည်သူမှ အချိုးကျထည့်ဝင်ငွေ ထည့်ဝင်နိုင်မည်ဆိုပါက ဘဏ္ဍာရေးနှစ်အလိုက် လျာထားတင်ပြပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်းနှင့် ဆောမဲဆန္ဒနယ်မှ ဦးကျော်တင်တို့၏ မောက်မယ်မြို့နယ် ခိုဆိုင်းကျေးရွာ၊ နားသဲကျေးရွာ၊ ရွာသစ်ကျေးရွာ ကျောက်ချောလမ်းများကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လူထုကိုယ်တိုင် ဦးဆောင်ပါဝင်ဆောင်ရွက်နိုင်မည့် နည်းလမ်းများဖြင့် ဖော်ဆောင်ပေးရေး၊ ဒေသခံတောင်သူများထံမှ မြေယာငှားရမ်းဆောင်ရွက်နေမှုများကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးရေး၊ ဆောမြို့နယ်ရှိ မင်းချင်းဆည်တမံအား နိုင်ငံတော်ဘဏ္ဍာငွေမှ တည်ဆောက်ပေးရေးဆိုင်ရာ မေးခွန်းများကိုလည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း တင်သွင်းထားသည့် **နိုင်ငံတစ်ဝန်းရှိ ကျေးလက်ဒေသတွင် လျှပ်စစ်မီးရရှိရန်အတွက် ကျေးလက်မီးလင်းရေးကော်မတီ ဖွဲ့စည်းထားမှုအပေါ် ဖျက်သိမ်းပြီး လျှပ်စစ်မီးနှင့်ပတ်သက်သော ကိစ္စရပ်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်အောက်သို့ ပြန်လည်ထားရှိရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦးတို့က ဆွေးနွေးကြသည်။




ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၇ ရက်မြောက်နေ့ ကျင်းပစဉ်

**ပြတ်ပြတ်သားသား အရေးယူ**

မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်းက ကျေးလက်မီးလင်းရေးကော်မတီများအနေဖြင့် မိမိတို့ကျေးရွာ မီးလင်းရေးအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်ကိုက်ညီရန် ချမှတ်ပေးထားသော စည်းကမ်းချက် ၁၂ ချက်ကို သဘောတူလိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်များ ရေးထိုးပြီးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းစည်းကမ်းချက် ၁၂ ချက်အား လိုက်နာခြင်းမရှိဘဲ ဖောက်ဖျက်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ သက်ဆိုင်ရာက အရေးယူဆောင်ရွက်နိုင်ပါကြောင်း၊ ကျေးလက်ဒေသ လျှပ်စစ်မီးလင်းရေးကော်မတီအားလုံးကို ဖျက်သိမ်းမည်ဆိုပါက တစ်နိုင်ငံလုံး လျှပ်စစ်မီးလင်းရေးအတွက် များစွာအခက်အခဲများ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်အညီ ဆောင်ရွက်မှုမရှိသော ကျေးလက်မီးလင်းရေးကော်မတီများကိုသာ ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်းက ကျေးလက်မီးလင်းရေးကော်မတီများတွင် အများအကျိုးအမှန်တကယ်ဆောင်ရွက်မှုများရှိသကဲ့သို့ ကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်သည့်ကော်မတီများလည်းရှိပါကြောင်း၊ အချို့မီးလင်းရေးကော်မတီများသည် မိမိ၏လုပ်ပိုင်ခွင့်တာဝန်ကို လွဲမှားစွာ အသုံးချနေသည်ကိုလည်း ပကတိမြေပြင်တွင် တွေ့ရှိနေရပါကြောင်း ၊မီးလင်းရေးကော်မတီဖျက်သိမ်းလိုက်လျှင် နိုင်ငံတော်က မည်သို့တာဝန်ယူဖြေရှင်းမည်ကို စဉ်းစားရမည်ဖြစ်ပါကြောင်း၊ မီးမလင်းသေးသည့်ကျေးရွာများစွာ ကျန်ရှိသေးပါကြောင်း၊ မီးလင်းရေးကော်မတီမဖွဲ့ရပါက ကျေးရွာမီးလင်းရေးအတွက် အဟန့်အတား၊ အနှောင့်အယှက်ဖြစ်ပြီး နှောင့်နှေးကြန့်ကြာသွားနိုင်ပါကြောင်း၊ ယင်းကော်မတီများကို ဖျက်သိမ်းပြီး ဝန်ကြီးဌာနက တာဝန်ယူမည်ဆိုလျှင် ဝန်ထမ်းအင်အား ဘတ်ဂျက်အခြေအနေကြောင့် လက်ရှိတိုင်းပြည်အနေအထား ပကတိအခြေအနေနှင့် အံဝင်ခွင်ကျမဖြစ်နိုင်သေးပါကြောင်း ဆွေးနွေးသည်။

**ဆွေးနွေး**

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၊ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင်၊ အောင်လံမဲဆန္ဒနယ်မှ ဦးအောင်ထူးမြင့်၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ အရာတော်မဲဆန္ဒနယ်မှ ဒေါက်တာဦးခင်မောင်သင်း၊ ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအေးမင်း၊ တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း၊ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၊ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ခင်ဦးမဲဆန္ဒနယ်မှ ဒေါက်တာ ဦးဝင်းအောင်နှင့် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးတို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ကျေးရွာမီးလင်းရေးကော်မတီပေါင်း ၈၉၄၂ ဖွဲ့ တည်ရှိနေပြီဖြစ်သည့်အတွက် ၎င်းအဖွဲ့များအား ဖျက်သိမ်းလိုက်ပါက ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲ အခြေအနေများကို အလေးအနက် ချင့်ချိန်စဉ်းစားသင့်ပါကြောင်း၊ ကျေးရွာမီးလင်းရေးကော်မတီများကို ဖျက်သိမ်းမည့်အစား ထိုကော်မတီများကို ပိုမိုနည်းစနစ်ကျနစွာ လုပ်ကိုင်နိုင်သည့် ကော်မတီများဖြစ်လာစေရန် ပြုပြင်ပြောင်းလဲရေး ပြုလုပ်သင့်ပါကြောင်း၊ ကျေးလက်မီးလင်းရေးကော်မတီများကို Reform ပြုလုပ်နိုင်ရန်အတွက် ကျေးရွာမီးလင်းရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပေါင်းစပ်ရေးဆွဲသွားသင့်ပါကြောင်း။

**ထပ်မံတိုးချဲ့ဖွဲ့စည်း**

တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများ လျှပ်စစ်ဓာတ်အား ရရှိရေး အကောင်အထည်ဖော်ရန်နှင့် ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းများ စီမံကွပ်ကဲခြင်းကိစ္စသည် ကြီးမားကျယ်ပြန့်သည့်အတွက် ထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အင်ဂျင်နီယာချုပ်တစ်ဦး ဦးစီးသည့် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အား အကောင်အထည်ဖော်ရေးနှင့် ဖြန့်ဖြူးထိန်းသိမ်းရေးဌာနခွဲကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းအောက်တွင် ထပ်မံတိုးချဲ့ဖွဲ့စည်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

သို့ဖြစ်၍ လက်ရှိကျေးရွာမီးလင်းရေးကော်မတီများ ကြုံတွေ့နေရသော အခက်အခဲ၊ ပြဿနာများ ပြေလည်စေရန်အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများပါဝင်၍ ကျေးလက်မီးလင်းရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ရေးဆွဲကာ လက်ရှိမီးလင်းရေးကော်မတီများကို အသစ်ပြင်ဆင်ဖွဲ့စည်းသည့် Reform နည်းလမ်းက ပို၍သင့်တော်ပါကြောင်းနှင့် ယခုအဆိုကို မှတ်တမ်းအဖြစ် ထားသင့်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ရန် ဆုံးဖြတ်သည်။ **ကျော်သူထက်၊ မွေးကြူဇင်(သတင်းစဉ်)**

# မြို့နယ်စည်ပင်သာယာရေးကော်မတီများကို ဘဏ်များမှတစ်ဆင့် ငွေထုတ်ချေးပေးရန် အစီအစဉ်မရှိ

**နေပြည်တော် ဩဂုတ် ၂၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဆက်သွယ်မှုကောင်းမွန်ရေး**

အစည်းအဝေးတွင် ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးလားလ်မင်းထန်၏ **မတူပီခရိုင် မတူပီမြို့နယ်ရှိ ၂၀၁၃-၂၀၁၄ / ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းချမှတ်ပေးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် တည်ဆောက်ခြင်းမပြုနိုင်သော ပို့င့် ၈၉၆၁ နေရာတွင် GSM တာဝါတိုင် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မတူပီမြို့နယ်သာမက ချင်းပြည်နယ်အတွင်း ဆက်သွယ်မှုကောင်းမွန်ရေး အတွက် အဝေးဆက်သွယ်မှု ရိဒ် - သီရိဥတ္တမ (ကနေဒီ) - ဟားခါး - မတူပီ - မင်းတပ် မိုက္ကရိုဝေ့ဖ်ဆက်ကြောင်းသစ်ကို အိန္ဒိယ ချေးငွေဖြင့် တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပြီး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း၊ ချေးငွေစာချုပ် လက်မှတ်ရေးထိုးခြင်းနှင့် လုပ်ငန်းအပ်နှံမှုစာချုပ်ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်သဖြင့် လိုအပ်သောတာဝါနှင့် စက်ပစ္စည်းများ ၂၀၁၇ ခုနှစ် အောက်တိုဘာလကုန်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဆက်ကြောင်းသစ်တွင် မိုက္ကရိုဝေ့ဖ်စခန်း ၁၄ ခု ပါဝင်ပြီး စခန်းအသစ်ကိုးခုအတွက် စက်မှုအဆောက်အအုံ၊ ရေအိမ်၊ ရေကန်နှင့် ခြံစည်းရိုး တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ တာဝါဖောင်ဒေးရှင်း၊ Shelter ဖောင်ဒေးရှင်းနှင့် မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လည်းကောင်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

**တစ်နိုင်ငံလုံး အတိုင်းအတာ**

ယင်းမိုက္ကရိုဝေ့ဖ်ဆက်ကြောင်းသစ် တည်ဆောက်မှုတွင်ပါရှိသည့် မတူပီမြို့ လောင်ဖန်းရပ်ကွက်၌ တည်ဆောက်ပေးရန် လျာထားသော GSM/UMTS မိုဘိုင်းစခန်းအား ၂၀၁၈ ခုနှစ် မတ်လကုန်တွင် အပြီးဆောင်ရွက်သွားမည့်အပြင် ချင်းပြည်နယ်အတွင်း GSM/UMTS မိုဘိုင်းဆက်သွယ်ရေးစခန်းများနှင့် တာဝါတိုင်များကို တိုးချဲ့တည်ဆောက် တပ်ဆင်ပေးသွားမည် ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ချင်းပြည်နယ် ပို့ င့် ၈၉၆၁ တွင် GSM မိုဘိုင်းဆက်သွယ်ရေးစခန်းနှင့် တာဝါတိုင်အား တည်ဆောက်ပေးရန် အတွက် မူဘောင်ညီညွတ်ပါက ဆက်သွယ်ရေးအော်ပရေတာများမှ ထည့်ဝင်ရန်ပုံငွေ Universal Service Fund ရရှိနိုင်မည့် အခြေအနေပေါ် မူတည်၍ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးစားပေးအဆင့်အလိုက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၄၆ ရက်မြောက်နေ့ ကျင်းပစဉ်

**မြို့အင်္ဂါရပ်နှင့်အညီ**

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့်၏ **ညောင်လေးပင်မြို့၌ မီးရထားခုံးကျော်တံတားပြုလုပ်ပေးရန်နှင့် မြို့ရှောင်လမ်းအား အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက မီးရထားခုံးကျော်တံတား တည်ဆောက်မည်ဆိုပါက လမ်းကွေ့နှင့် နီးကပ်စွာတည်ရှိခြင်းနှင့် စည်ပင်သာယာဈေးနှင့် နီးကပ်စွာ တည်ရှိနေသည့်အတွက် ယာဉ်ကြောကျပ်တည်းမှုကို အတိုင်းအတာတစ်ခု အထိသာ ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ အဆိုပါ မီးရထားလမ်းအား တစ်ရက်လျှင် အစုန်၊ အဆန်ရထားများ ၂၂ ကြိမ်ခန့် ဖြတ်သန်းလျက်ရှိသည့်အတွက် မြို့ကွက်အား စနစ်တကျ ဖွံ့ဖြိုးမှုဖြစ်ရန်အတွက် Town Plan ရေးဆွဲထားသည့်အတိုင်း မြို့ပတ်လမ်းဖောက်လုပ်၍ ဆောင်ရွက်ပါက ယာဉ်ကြောကျပ်တည်းမှုပြဿနာကို ဖြေရှင်းနိုင်မည့်အပြင် မြို့ကွက်သည်လည်း မြို့အင်္ဂါရပ်နှင့်အညီ စနစ်တကျသပ်ရပ်စွာ ဖြစ်ထွန်းလာနိုင်မည် ဖြစ်ပါကြောင်း။

ညောင်လေးပင် မြို့ရှောင်လမ်းအား အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် မြို့နှင့်ကပ်လျက်ရှိသည့် ပြွန်တန်ဆာမြို့တွင်လည်း ယာဉ်ကြောပိတ်ဆို့မှုများရှိသည့်အတွက် ၎င်းမြို့နှစ်မြို့အား တစ်ပေါင်းတည်း မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်ခြင်းဖြင့် ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုကို ဖြေလျှော့နိုင်မည့်အပြင် မြို့ကွက်များလည်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ညောင်လေးပင်နှင့် ပြွန်တန်ဆာမြို့တို့တွင် တစ်ပေါင်းတည်း မြို့ရှောင်လမ်းဖောက်လုပ်နိုင်ရန်အတွက် လိုအပ်လျက်ရှိသည့် ပြွန်တန်ဆာမြို့ Town Plan အား မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇ ခုနှစ် ဩဂုတ်လကုန်တွင် စတင်ရေးဆွဲသွားမည်ဖြစ်ပြီး နှစ်လခန့်ကြာမြင့်မည် ဖြစ်ပါကြောင်း၊ ပြွန်တန်ဆာမြို့၏ Town Plan ကို ရေးဆွဲပြီးစီးပါက မြို့ရှောင်လမ်းဖောက်လုပ်ရန်အတွက် အထက်ဌာန၏ အတည်ပြုချက်ရယူ၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

**ဦးစားပေးဆောင်ရွက်**

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးကင်းရှိန်၏ **မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီများသို့ ဘဏ်များမှ တစ်ဆင့်ငွေများကို ထုတ်ချေးပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က နိုင်ငံခြားချေးငွေယူရာတွင် ပေးအပ်သည့် အဖွဲ့အစည်းများက စီမံကိန်းဖြစ်နိုင်စွမ်းများကို လေ့လာပြီးမှသာ ပေးခြင်းဖြစ်ပါကြောင်း၊ ရရှိသည့် ဝင်ငွေ၊ သုံးငွေ မလုံလောက်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဘတ်ဂျက်မှ ကျခံသုံးစွဲရန်ဖြစ်ပါကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ယခုကဲ့သို့မေးမြန်းသည့် အမြော်

*စာမျက်နှာ ၈ သို့*

# ဟံသာဝတီဦးဝင်းတင် စနေစာပေဝိုင်း ( ဆဋ္ဌမအကြိမ် )ကျင်းပ




ရန်ကုန် ဩဂုတ် ၂၁

**ဟံသာဝတီ ဦးဝင်းတင်အား ဂုဏ်ပြုသောအားဖြင့် ပြုလုပ်သည့် ဟံသာဝတီဦးဝင်းတင် စနေစာပေဝိုင်း (ဆဋ္ဌမအကြိမ်)ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တော်ဝင်နှင်းဆီစားသောက်ဆိုင်ရှိ ငြိမ်းချမ်းရေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ဟံသာဝတီ ဦးဝင်းတင် စနေစာပေဝိုင်း၏ သဘာပတိဖြစ်သူ မုံရွာဦးအောင်ရှင်က ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများအကြောင်း၊(၂၁)ရာစုပင်လုံဆွေးနွေးပွဲနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရလေ့ရှိသော အခက်အခဲများ စသည့်တို့ကို စာတမ်းမိတ်ဆက်အနေဖြင့် ပြောကြားသည်။

ထို့နောက် ဆရာအေးမောင်ကျော်က "ငြိမ်းချမ်းရေးဆွေးနွေးပွဲ အတွေ့အကြုံနှင့် (၂၁) ရာစု ပင်လုံ" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက စာတမ်းအပေါ် ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဆွေးနွေးဖြေကြားသည်။

"ဆရာဦးဝင်းတင်က ဒီလို စနေစာပေဝိုင်းကို တစ်ပါတီစနစ်အောက်မှာကတည်းက ကိုယ့်ရဲ့လုပ်ပိုင်ခွင့်ဘောင်ကို ချဲ့ပြီးလုပ်ဆောင်ခဲ့တာပါ။ ကျွန်တော်တို့ လုပ်နေတဲ့ အချိန်ကာလနဲ့တော့ မတူပါဘူး။ ဆရာဦးဝင်းတင် လက်ထက်က ဖတ်ခဲ့တဲ့ စာတမ်းတွေက အထူးသဖြင့် နိုင်ငံရေးကို ဦးစားပေးတဲ့ စာတမ်းတွေများပါတယ်။ အခုလုပ်တဲ့ စာပေဝိုင်းမှာတော့ စာပေအမျိုးအစားစုံလင်စွာပါပါတယ်။ ဒီလို စာပေဝိုင်းကို လူငယ်တွေ များများတက်စေချင်တယ်။ လူငယ်တွေအနေနဲ့ ဒီလို စကားဝိုင်းတွေ၊ စာပေတွေနဲ့ အဆက်ပြတ်နေတဲ့အတွက် သူတို့ကို များများလာစေချင်ပါတယ်" ဟု မုံရွာဦးအောင်ရှင်က ပြောသည်။

ဟံသာဝတီ ဦးဝင်းတင် စနေစာပေဝိုင်းကို ဟံသာဝတီ ဦးဝင်းတင် ဖောင်ဒေးရှင်းနှင့် ဆရာဦးဝင်းတင်ကိုချစ်မြတ်နိုးသူများက စုပေါင်းပြုလုပ်ခြင်းဖြစ်ပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် လစဉ် အလှည့်ကျ ကျင်းပလျက်ရှိကြောင်း သိရသည်။

ထိုသို့ကျင်းပရာတွင် နိုင်ငံတစ်ဝန်းရှိ စာပေနယ်ပယ်နှင့် နိုင်ငံရေးအသိုင်းအဝိုင်းမှ ဆရာဦးဝင်းတင်ကို ချစ်မြတ်နိုးသူများက စာတမ်းများပြုစု၍ ဖတ်ကြားကြကြောင်း သိရသည်။

"ဟံသာဝတီ ဦးဝင်းတင်ရဲ့စာအုပ်တွေကို မကြာခဏ ပြန်ဖတ်ဖြစ်ပါတယ်။ အခုလို စာပေဝိုင်းကိုလာရောက်တာကတော့ ဒါဟာ ပထမဆုံးအကြိမ်ပါ။ ဒီစာပေဝိုင်းကနေ ကျွန်တော်တို့ နိုင်ငံရဲ့ ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ဖော်ဆောင်ခဲ့မှု သမိုင်းကြောင်းတွေကို သိခွင့်ရတဲ့အတွက် အများကြီး အကျိုးရှိပါတယ်" ဟု အဆိုပါ စာပေဝိုင်းသို့ တက်ရောက်သူ ကမာရွတ်မြို့နယ်မှ စာပေဝါသနာရှင် ကိုမင်းသူက ဆိုသည်။

**ဇော်ကြီး(ပဏီတ)**

# ပထမအကြိမ် မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲ(ဗဟို) အဆင့် ပြိုင်ပွဲများကျင်းပ

**နေပြည်တော် ဩဂုတ် ၂၁**

ပထမအကြိမ် မြန်မာဘာသာစကား စွမ်းရည်ပြိုင်ပွဲ(ဗဟို)အဆင့် ပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

ယနေ့တွင် မြန်မာစာ စာစီစာကုံး၊ ကဗျာနှင့် မြန်မာစာအရွတ်အဖတ် စွမ်းရည်များ ယှဉ်ပြိုင်ကြသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာအောင်မြင့်ဦးက "ဒီနေ့ ကျင်းပတဲ့ပွဲကတော့ မြန်မာဘာသာစကားစွမ်းရည်ပြိုင်ပွဲ ဗဟိုအဆင့်ပြိုင်ပွဲ ဖြစ်ပါတယ်။ ပြိုင်ပွဲဖြစ်မြောက်ဖို့အတွက် အဆင့်သုံးဆင့်နဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။ ပထမအဆင့်က ကျောင်းအဆင့်ဖြစ်ပါတယ်။ အဲဒီမှာ တက္ကသိုလ်နဲ့ ကောလိပ်ပေါင်းစုံက ကျောင်းသား ကျောင်းသူတွေဟာ မိမိတို့ရဲ့ ကျောင်းများမှာ ယှဉ်ပြိုင်ကြတာဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ အထက်နဲ့အောက်မြန်မာနိုင်ငံ ဦးစီးအဆင့်ယှဉ်ပြိုင်ပါတယ်။ အဲဒီအထက်နဲ့အောက်မြန်မာနိုင်ငံက အမှတ်အများဆုံးရတဲ့ ကျောင်းသား ကျောင်းသူ ၁၈ ဦးစီ စုစုပေါင်း ၃၆ ဦးကို ဗဟိုအဆင့်အနေနဲ့ နေပြည်တော်မှာ လာရောက်ယှဉ်ပြိုင်ကြတာဖြစ်ပါတယ်။ ပြိုင်ပွဲကို မြန်မာဘာသာစကားစွမ်းရည် သုံးရပ်ဖြစ်တဲ့ အရေး၊ အပြောနဲ့ အရွတ်အဖတ်စွမ်းရည်တွေကို ယှဉ်ပြိုင်စေတာဖြစ်ပါတယ်။ စွမ်းရည်တစ်ရပ်စီမှာ ပြိုင်ပွဲနှစ်မျိုး ကျင်းပပါတယ်။ အရေးပြိုင်ပွဲမှာ စာစီစာကုံးရေးသားခြင်းနဲ့ ကဗျာစပ်ဆိုခြင်း၊ အပြောဆိုရင် ကျပန်းစကားပြောခြင်းနဲ့စကားရည်လုခြင်း၊ အဖတ်မှာဆိုရင် ကဗျာရွတ်ဖတ်ခြင်းနဲ့ ရသစာတမ်းရွတ်ဖတ်ခြင်းဖြစ်ပါတယ်။ ကဗျာကို အလွတ်ရွတ်ရမှာဖြစ်ပြီး ရသစာတမ်းကိုတော့ ယှဉ်ပြိုင်သူတွေအနေနဲ့ ပေးထားတဲ့ ရသစာတမ်းကို စာတမ်းရဲ့ဆိုလိုချက်ပေါ်အောင် ရသပေါ်အောင် အသံနေအသံထားမှန်မှန်နဲ့ ခံစားမှုပေါ်အောင် ရွတ်ဖတ်ပြရမှာဖြစ်ပါတယ်" ဟု ပြောသည်။



ပထမအကြိမ် မြန်မာဘာသာစကား စွမ်းရည်ပြိုင်ပွဲ ဗဟိုအဆင့်တွင် တာဝန်ထမ်းဆောင်ကြမည့်ဒိုင်များနှင့် စပ်လျဉ်း၍လည်း "ဒိုင်လူကြီးတွေနဲ့ စပ်လျဉ်းလို့ ပြောရမယ်ဆိုရင် အထက်နဲ့ အောက်မြန်မာနိုင်ငံက မြန်မာဘာသာနဲ့ ပတ်သက်လို့ ကျွမ်းကျင်တဲ့ ပညာရှင်ကြီးတွေ၊ လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ မြန်မာစာဌာနက ပါမောက္ခ၊ ဌာနမှူးတွေ၊ ဒုတိယ ပါမောက္ခချုပ် တာဝန်ထမ်းဆောင်နေတဲ့ ဆရာကြီး ဆရာမကြီးတွေနဲ့ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူတွေမပါတဲ့ တက္ကသိုလ်၊ ကောလိပ်က ဆရာ ဆရာမတွေက ဒိုင်တွေအဖြစ် တာဝန်ထမ်းဆောင်ကြတာ ဖြစ်ပါတယ်။ ပြိုင်ပွဲတစ်ပွဲကို ဒိုင်တစ်ဖွဲ့စီနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

"မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ဒီလိုပြိုင်ပွဲတွေ ဆောင်ရွက်လို့ ဝမ်းသာရပါတယ်။ မြန်မာဘာသာစကားဟာ ဂုဏ်ယူစရာဖြစ်ပါတယ်။ မြန်မာစာပေဟာ အစဉ်အလာကြီးမားတဲ့ စာပေဖြစ်ပါတယ်။ ကိုယ့်စာပေ ကိုယ့်ဘာသာစကားကို မြှင့်တင်ခွင့်ရလို့ ဝမ်းသာရပါတယ်။ ဒီလိုပြိုင်ပွဲတွေ ကျင်းပပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူတွေကြားမှာ မြန်မာဘာသာစကားကို ပိုမိုစိတ်ဝင်စားလာကြပါတယ်။ ဒီပြိုင်ပွဲမှာ တက္ကသိုလ်ပေါင်းစုံ၊ ကောလိပ်ပေါင်းစုံက ကျောင်းသား ကျောင်းသူတွေ၊ ဘာသာရပ်အထူးပြုအမျိုးမျိုးက ကျောင်းသား ကျောင်းသူတွေ ပါဝင်တယ်ဆိုတာ တွေ့ရပါတယ်။ ပြိုင်ပွဲဖြစ်မြောက်အောင်စီစဉ်ပေးတဲ့အတွက် အထူးဝမ်းသာရပါတယ်။ မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ဖို့၊ လူငယ်ထုအတွင်း မြန်မာစာပေနဲ့ မြန်မာ့ယဉ်ကျေးမှုတွေကို တန်ဖိုးထားတတ်စေဖို့၊ စာပေဖတ်ရှုတဲ့ အလေ့အထတွေ ပိုမိုတိုးပွားလာစေဖို့နဲ့ မြန်မာကဗျာရဲ့အနှစ်သာရတွေကို အလေးထားတတ်စေဖို့စတဲ့ ရည်ရွယ်ချက်တွေနဲ့ ကျင်းပခြင်းဖြစ်ပါတယ်" ဟု ၎င်းက ဆိုသည်။

ပထမအကြိမ် မြန်မာဘာသာစကား စွမ်းရည်ပြိုင်ပွဲ (ဗဟို) အဆင့်ပြိုင်ပွဲ ဒုတိယနေ့တွင် ကျပန်းစကားပြောပြိုင်ပွဲများနှင့် စကားရည်လုပြိုင်ပွဲများကို ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတတိယနေ့တွင် ကဗျာ အရွတ်အဖတ်ပြိုင်ပွဲ၊ ရသစာတမ်းဖတ်ပြိုင်ပွဲများနှင့် ဆုချီးမြှင့်ပွဲများကို ကျင်းပမည်ဖြစ်သည်။

**မောင်ဇော်သန့် (သတင်းစဉ်)**

***အမျိုးသားလွှတ်တော်မှ***

အမြင်နှင့် စိတ်ဆန္ဒအား သိမြင်သော်လည်း ယခုအချိန်၌ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်နေရသည့် အချိန်ကာလဖြစ်သည့်အတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီများသို့ ဘဏ်များမှတစ်ဆင့် ငွေထုတ်ချေးပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

### ပြန်လည်ရှင်းလင်း

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေးနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးဆက်အောင်တို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော **ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာကြောင်း အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးပြောကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

### အကြံပြုဆွေးနွေး

ယင်းနောက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ **မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက် ရပ်တည်နိုင်ရေးအတွက် အရေးတယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ကျော်ဝင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဦးမျိုးဝင်းတို့က အကြံပြုဆွေးနွေးကြသည်။

### စဉ်းစားသုံးသပ်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မှ ဦးမျိုးဝင်းက ရခိုင်ဒေသအား ယခုအခါ၌ အလျှင်အမြန် ကုစားရမည်ဖြစ်ပါကြောင်း၊ ရခိုင်ဖြစ်ရပ်အား သုံးသပ်ရပါက ရခိုင်ရွာများအား အကြမ်းဖက်ခံရချိန်တွင် မိမိတို့ဘက်မှ တုံ့ပြန်ဆောင်ရွက်မှုကို လူနည်းစုများအပေါ် အနိုင်ကျင့်နေကြသည်ဟု မီဒီယာမှတစ်ဆင့် ကမ္ဘာသို့တင်ပြရာ အမှန်တကယ် စိုးရွံ့ထိတ်လန့်နေရသော ရခိုင်တိုင်းရင်းသားများ၏အရေးမှာ နောက်ကွယ်တွင် မှုန်ဝါးပြီးကျန်ရစ်ခဲ့ပါကြောင်း၊ တစ်စုံတစ်ဦး၊ အဖွဲ့အစည်းတစ်ခုအား တိုက်တွန်းခြင်းသည် ယင်းတာဝန်ကို မလုပ်သည့်အခါမှသာ တွန်းအားပေးပြုလုပ်ရခြင်းဖြစ်ပြီး မိမိလုပ်ရမည့်တာဝန်ကို အဆက်မပြတ်လုပ်ဆောင်နေသူများအပေါ် ထပ်ပြီး တိုက်တွန်းရန် သင့်၊ မသင့်အား လွှတ်တော်ကိုယ်စားလှယ်များက စဉ်းစားသုံးသပ်ရန် လိုအပ်ပါကြောင်း စသည်ဖြင့် ဆွေးနွေးသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ၄၇ ရက်မြောက်နေ့ကို ဩဂုတ် ၂၂ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**သူရဇော်၊ မီမီဖြိုး (သတင်းစဉ်)**



# အာဆီယံတံဆိပ်ခေါင်းပြိုင်ပွဲ တံဆိပ်ခေါင်းဆုရသူများအား ဆုချီးမြှင့်

**ညောင်ဦး ဩဂုတ် ၂၁**

ညောင်ဦးမြို့နယ်အသင်း(မန္တလေး)၏ သတ္တမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် အာဆီယံနိုင်ငံများ ထူထောင်သည့် နှစ်(၅၀) ပြည့် အထိမ်းအမှတ် (Asean People and Countries) ခေါင်းစဉ်ဖြင့် တံဆိပ်ခေါင်းဆုရသူအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၆၈ လမ်း သိပ္ပံလမ်းတောင်ဘက်ရှိ သစ္စာမဏ္ဍိုင်ကျောင်းတိုက်၌ ကျင်းပသည်။

ဦးစွာ ညောင်ဦးမြို့နယ် အသင်း(မန္တလေး)၏ ဥက္ကဋ္ဌ ဦးညွန့်မောင်က ဂုဏ်ပြုစကားပြောကြားပြီး သက်ကြီး ၁၅ ဦးအား ပူဇော်ကန်တော့ကာ အာဆီယံထူထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်တံဆိပ်ခေါင်းဆုရ ညောင်ဦးသန်းဌေး၊ Ph.D ဘွဲ့ရနှစ်ဦးနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ဥက္ကဋ္ဌနှင့် အမှုဆောင်များက ဆုချီးမြှင့်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# အလုံဈေးသူဈေးသားများ မြို့တော်ခန်းမရှေ့ သွားရောက်ဆန္ဒထုတ်ဖော်

**ကျောက်တံတား ဩဂုတ် ၂၁**

အလုံမြို့နယ် အလုံဈေးသူ ဈေးသား ၁၀၀ ကျော်ခန့်သည် ဩဂုတ် ၂၁ ရက် နံနက် ၁၁ နာရီခွဲက ကျောက်တံတားမြို့နယ်ရှိ မြို့တော်ခန်းမကို ပတ်ကာ ဈေးတည်ဆောက်မှုအတွက် ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ဩဂုတ် ၁၉ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီခန်းမရုံး၌ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် မြို့တော်ဝန် ဦးမောင်မောင်စိုးက “ဈေးသူဈေးသားတွေကို ဒီအစည်းအဝေးတက်ရောက်ဖို့ ဖိတ်ကြားခဲ့ပေမယ့် တက်ရောက်ခြင်းမရှိခဲ့ပါဘူး၊ ဈေးသူဈေးသားတွေရဲ့ဆန္ဒအတိုင်း မူလဆိုင်ခန်းနေရာ၊ အကျယ်အဝန်းအတိုင်း ဈေးသစ်မြေညီထပ်မှာ ရရှိဖို့လုပ်ဆောင်သွားမှာပါ”ဟု ဆိုထားသည်။



အလုံဈေးကိစ္စနှင့်ပတ်သက်၍ မြို့တော်ဝန်က ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အလုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဈေးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး ထိုဆွေးနွေးပွဲတွင် ဈေးသူဈေးသားများအား မူလဆိုင်ခန်းနေရာအတိုင်း ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

ဆန္ဒထုတ်ဖော်ရာတွင် ဦးဆောင်ပါဝင်သည့် ဦးသဲမောင်က “အခုတော့ မူလနေရာအတိုင်း ပြန်ပေးမယ်လို့ ဆိုလာပါတယ်၊ ဒါပေမယ့် ရှေ့ကဖြစ်ခဲ့တဲ့ အဖြစ်အပျက်တွေကြောင့် ကျွန်တော်တို့မယုံရဲဘူး ခိုင်မာတဲ့စာရွက်စာတမ်းမျိုးနဲ့ ဖြစ်စေချင်တယ်၊ အဲဒါကြောင့် ကျွန်တော်တို့က နဂိုကတည်းက စီစဉ်ထားတဲ့အတိုင်းမဖျက်ဘဲ ဆက်ပြီး ဆန္ဒထုတ်ဖော်ရတာပါ”ဟု ဆိုသည်။

ဆန္ဒထုတ်ဖော်ခြင်းကို တရားဝင်ခွင့်ပြုချက် တောင်းခံပြီး အလုံဈေးမှ ကမ်းနားလမ်း၊ ထိုမှ မဟာဗန္ဓုလလမ်းအတိုင်း အလုံမြို့နယ်၊ လမ်းမတော်မြို့နယ်၊ လသာမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်မှ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့သို့ သွားရောက်ခဲ့ခြင်း ဖြစ်သည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

# မြောင်းမြပြည်သူ့ဆေးရုံကြီး၌ (H1N1) သံသယရှိသူ အမျိုးသမီးတစ်ဦးသေဆုံး

**မြောင်းမြ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြ ပြည်သူ့ဆေးရုံကြီး ခုတင် ၂၀၀၌ (H1N1) သံသယရှိသူ အမျိုးသမီးတစ်ဦး ယနေ့ နံနက် ၇ နာရီက သေဆုံးသွားကြောင်း အဆိုပါ ဆေးရုံ မှတ်တမ်းများအရ သိရသည်။

သေဆုံးသူ အမျိုးသမီးမှာ မြောင်းမြမြို့နယ် စက်ကုန်းကျေးရွာအုပ်စု တောင်ပူဇာကျေးရွာမှဖြစ်ပြီး ဩဂုတ် ၁၇ ရက်က ဖျားပြီး ချောင်းဆိုး မောပန်းကာ ဩဂုတ် ၂၀ ရက်တွင် မြောင်းမြပြည်သူ့ဆေးရုံကြီး ဖျားနာဆောင်သို့ ရောက်ရှိလာရာ လိုအပ်သော ဆေးဝါးကုသမှုများ ပြုလုပ်ခဲ့သော်လည်း အဆိုပါ အမျိုးသမီးမှာ ဩဂုတ် ၂၁ ရက် နံနက်၌ သေဆုံးသွားခဲ့သည်။ အဆိုပါ သေဆုံးသူ အမျိုးသမီးထံမှ နှာခေါင်းတို့ဖတ်ရယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဌာနသို့ ပေးပို့စစ်ဆေးထားရှိပြီး လောလောဆယ်တွင် (H1N1) သံသယရှိ လူနာအဆင့် သတ်မှတ်ထားကြောင်း သိရသည်။

သေဆုံးသူ အမျိုးသမီးမှာ ရှစ်လရှိ ရင်သွေးငယ်ကို ကိုယ်ဝန်ဆောင်ထားပြီး မိခင်ရော ကလေးပါ သေဆုံးခြင်းဖြစ်ကာ လက်ရှိတွင် အမျိုးသားတစ်ဦး၊ အမျိုးသမီးလေးဦး စုစုပေါင်း သားသမီးငါးဦး အိမ်တွင်ကျန်ရှိခဲ့ကြောင်းလည်း သိရသည်။

လက်ရှိအခြေအနေတွင် မြောင်းမြ ခုတင် ၂၀၀ ဆေးရုံကြီး၌ မြောင်းမြမြို့ ၁၁ လမ်းရှိ ဆွေမျိုးများအိမ်တွင် လာရောက်နေထိုင်လျက်ရှိသူ မကံထူးတည်(၄ နှစ်)ဖခင် ဒေါက်တာအောင်မျိုးဦး (အသုတ်တိုက်နယ်ဆေးရုံ)၏ သမီးငယ်မှာ မြောင်းမြ ပြည်သူ့ဆေးရုံကြီးသို့ ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီက ဖျားနာ ချောင်းဆိုးပြီး ရောက်ရှိလာရာ ဓာတ်ခွဲနမူနာများရယူ၍ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဌာနသို့ ပေးပို့ဆောင်ရွက်ထားပြီး လိုအပ်သောကုသမှုများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြောင်းမြတွင် ဩဂုတ် ၁၄ ရက်ကလည်း ကျားကွင်း၊ စစ်ကွင်းကျေးရွာနေ ဒေါ်သူဇာခိုင် (၃၀ နှစ်)မှာ စကမြားတိုက်နယ်ဆေးရုံ၌ ကလေး ခွဲစိတ်မွေးဖွားပြီး လေးရက်မြောက်နေ့တွင် မြောင်းမြဆေးရုံကြီးသို့ရောက်ရှိကာ ဆေးကုသမှုခံယူရင်း (H1N1) သံသယဖြင့် သေဆုံးခဲ့ပြီး ဓာတ်ခွဲစမ်းသပ်အတည်ပြုချက်အရ ဩဂုတ် ၁၉ ရက်က (H1N1) Positive ဖြစ်ကြောင်း အတည်ပြုပြန်ကြားခဲ့သည့်အတွက် (H1N1)ဖြင့် ကနဦး သေဆုံးသူဖြစ်ကြောင်း ဆေးရုံမှတ်တမ်းများအရ သိရသည်။

ရောဂါတွေ့ရှိပြီးနောက်ပိုင်း မြောင်းမြခရိုင် ကျန်းမာရေးဦးစီးဌာနမှ သေဆုံးသူ၏ ကျေးရွာနှင့် အဆိုပါ ကျေးရွာနှင့် ထိစပ်နေသော လူနေထူထပ်သည့် ကျေးရွာများတွင်( H1N1) ရာသီတုပ်ကွေးနှင့် ပတ်သက်သော ရောဂါလက္ခဏာများ ကာကွယ်ရေး၊ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် အထောက်အကူပြု ကျေးရွာအဖွဲ့အစည်းများအား ရောဂါ၏ သံသယလက္ခဏာများကို နေ့စဉ်စောင့်ကြည့်ပြီး လိုအပ်ပါက နီးစပ်ရာ တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံများသို့ အချိန်မီ ညွှန်းပို့ပြီး ထိရောက်သော ကုသမှုခံယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ခရိုင် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**အောင်မင်း (မြောင်းမြ)**

# အိန္ဒိယနိုင်ငံက A(H1N1)အတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၁**

ယခုနှစ်အတွင်း အခြားကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအတွင်း၌လည်း ရာသီတုပ်ကွေးရောဂါ (Seasonal Influenza A (H1N1) pdm 09) ဖြစ်ပွားလျက်ရှိရာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများအား နိုင်ငံတကာမှ ကူညီလှူဒါန်းလျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း ရာသီတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အိန္ဒိယနိုင်ငံမှ ဩဂုတ် ၂၁ ရက်အထိ လူ ၈၀၀၀ အတွက် ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးများ၊ ရောဂါ စမ်းသပ်သည့်ပစ္စည်း (Test Kit) အခု ၁၀၀၀၀၊ ရောဂါဆေးကုသသည့် Tamiflu ဆေးပြား ၅၀၀၀၀ နှင့် ဆေးအမှုန့်ဘူး ၁၀၀၀၊ N95 နှာခေါင်းစည်း အခု ၁၉၂၀၀၀ တို့ကို လှူဒါန်းခဲ့ပြီးဖြစ်သည်။

အိန္ဒိယနိုင်ငံမှ ကူညီလှူဒါန်းထားသည့် ဆေးနှင့် ဆေးပစ္စည်းများအား ရာသီတုပ်ကွေးရောဂါ ကာကွယ်ခြင်း၊ ရောဂါစမ်းသပ်စစ်ဆေးခြင်းနှင့် ဆေးကုသမှုပေးခြင်း စသည့် လုပ်ငန်းများ၌ အကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား အကူအညီပေးရာ၌ အိန္ဒိယသံရုံးမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အိန္ဒိယနိုင်ငံအနေဖြင့်လည်း လိုအပ်သည့် အကူအညီများအား ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# စစ်တွေမြို့၌ (H1N1) လူနာသစ်တစ်ဦး ထပ်မံတွေ့ရှိ ယခင် ရောဂါဖြစ်ပွားသောကလေးများ ဆေးရုံမှဆင်းသွားပြီဖြစ်

**စစ်တွေ ဩဂုတ် ၂၁**

စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ယနေ့ မွန်းလွဲပိုင်းက (H1N1) လူနာတစ်ဦး ထပ်မံတွေ့ရှိရပြီး အသက်တစ်နှစ်နှင့် သုံးလအရွယ် ယောကျ်ားလေး ဖြစ်ကြောင်း စစ်တွေဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

“ဒီနေ့ မွန်းလွဲပိုင်းလောက်မှာပဲ စစ်တွေဆေးရုံကြီးမှာ (H1N1) လူနာတစ်ဦး ထပ်မံတွေ့ပါတယ်။ အသက်ကတော့ တစ်နှစ်နဲ့ သုံးလပါ။ စစ်တွေနာရီကန်က ယောကျ်ားလေးပါပဲ။ ကျွန်တော်တို့က ကလေးကို သံသယရှိတာကြောင့် RDT နဲ့ စစ်ဆေးလိုက်တော့ A (H1N1) Positive ဖြစ်နေတာ တွေ့ရပါတယ်။ ပိုသေချာအောင် ကလေးရဲ့ နှာခေါင်းတို့ဖတ်တွေကို အမျိုးသားဓာတ်ခွဲခန်းကိုပို့ပြီး အတည်ပြုချက်ရယူသွားမှာပါ။ ကလေးကတော့ အခြေအနေကောင်းပါတယ်။ သီးသန့်အခန်းနဲ့ ထားပြီးတော့ အထူးဂရုစိုက်ပြီး ကုသပေးနေပါတယ်”ဟု စစ်တွေ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ် ဒေါက်တာ ကျော်နိုင်ဝင်းက ဖုန်းဖြင့် မေးမြန်းမှုကို ပြောကြားသည်။

စစ်တွေတွင် ပထမဆုံး (H1N1) Positive တွေ့ရသော ဗျိုင်းဖြူရွာမှ ယောကျ်ားလေးမှာ ရောဂါကောင်းသွားပြီး လွန်ခဲ့သော ရက်အနည်းငယ်က ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း၊ ဒုတိယ တွေ့ရသော လမ်းမတော်မြောက်ရပ်ကွက်မှ အမြွှာညီအစ်မ နှစ်ဦးမှာလည်း ရောဂါကောင်းသွားပြီး စနေနေ့ကတည်းက ဆေးရုံက ဆင်းသွားပြီဖြစ်ကြောင်း၊ စစ်တွေတွင် (H1N1) ဖြစ်ပွားမှုမှာ ယခုလူနာနှင့်ဆိုပါက လေးဦးဖြစ်သွားပြီဖြစ်ပြီး ကလေးငယ်များသာ ဖြစ်နေကြောင်း သိရသည်။ **လေးဝတီထွန်းစောခိုင်**

# မင်္ဂလာဒုံမြို့နယ်ရှိ ရေသန့်စက်ရုံ ခြောက်ရုံကို ရက်အကန့်အသတ်မရှိ ပိတ်သိမ်း

**ရန်ကုန် ဩဂုတ် ၂၁**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ခွဲ) ရန်ကုန်ရုံးအဖွဲ့သည် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီမှ အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်၊ ရန်ကုန်မြို့တော် သာယာရေးအဖွဲ့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ပါဝင်သောအဖွဲ့တို့ဖြင့် လှည်းကူးမြို့နယ်ရှိ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လျှောက်ထားခြင်းမရှိသော သောက်ရေသန့်လုပ်ငန်းသုံးခုနှင့် စိစစ်ဆဲသောက်ရေသန့် လုပ်ငန်းနှစ်ခုကို ဩဂုတ် ၂၁ ရက်က ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လျှောက်ထားခြင်းမရှိသော သောက်ရေသန့်လုပ်ငန်းသုံးခုနှင့် စိစစ်ဆဲသောက်ရေသန့်လုပ်ငန်းနှစ်ခုကို ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်(GMP)နှင့် ကိုက်ညီမှုမရှိသောကြောင့် ရက်အကန့်အသတ်မရှိ ပိတ်သိမ်းအရေးယူခဲ့ပြီး ထောက်ခံချက်ရရှိပြီး သက်တမ်းလွန်နေသော သောက်ရေသန့်လုပ်ငန်း တစ်ခုကိုလည်း ထပ်မံပိတ်သိမ်းအရေးယူခဲ့ကြောင်း သိရသည်။

အဆိုပါ ပိတ်သိမ်းအရေးယူခဲ့သော သောက်ရေသန့်များမှာ ဝတီ၊ အာသီသ၊ ရှုပါဦး၊ A 10 mile ၊ Clever နှင့် Rex အမှတ်တံဆိပ်များဖြစ်သည်။

ထောက်ခံချက်မရှိသော သောက်ရေသန့်လုပ်ငန်းများ အနေဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ ထောက်ခံချက်လျှောက်ထား၍ (GMP) နှင့် ကိုက်ညီမှသာ ပြန်လည်ထုတ်လုပ်ခွင့်ပြုမည်ဖြစ်ပြီး စိစစ်ဆဲလုပ်ငန်းများနှင့် သက်တမ်းကုန်ဆုံးနေသော သောက်ရေသန့်လုပ်ငန်းများ အနေဖြင့် ထောက်ခံချက်ရယူပြီး သက်တမ်းတိုးထောက်ခံချက် ရရှိပြီးမှသာ ထုတ်လုပ်ဖြန့်ဖြူးခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သောက်ရေသန့်အမှတ်တံဆိပ်များ ဈေးကွက်ထဲတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေခြင်းတွေ့ရှိပါက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ခွဲ) ရန်ကုန် သို့မဟုတ် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ(မင်္ဂလာဒုံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန) သို့ အထောက်အထားနှင့်တကွ တိုင်ကြားနိုင်ပြီး ဆက်လက် အရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(ခွဲ) ရန်ကုန်ရုံးအဖွဲ့မှ သိရသည်။

**ဇင်ဦး (မြန်မာ့အလင်း)**

**လူကုန်ကူးမှုမှန်သမျှ ဝိုင်းဝန်းပူးပေါင်းဆန့်ကျင်ကြ**

# မိုးညို အ.ထ.က (ခွဲ) ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးဟောပြော

**မိုးညို ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ ဇောတိကရပ်ကွက် ဆရာစံလမ်းရှိ (အထက)မိုးညို သရဖူခန်းမ၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဩဂုတ် ၁၈ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် (အထက)မိုးညိုမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက အမှာစကားပြောကြားပြီး မိုးညိုမြို့မစခန်းမှူး ဒုရဲမှူး ကျော့ဟန်က ယာဉ်စည်းကမ်းနှင့်ပတ်သက်၍ လည်းကောင်း၊ အမှတ်(၃) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ပဲခူး)မှ ရဲအုပ် လှဇော်ဝင်းက လူကုန်ကူးမှုသိကောင်းစရာများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ပြစ်မှုကျူးလွန်သူများ၏ ဓလေ့စရိုက်များကို လည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ဟောပြောပွဲသို့ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဗထူး**

*ကျော့ဖုံးမှ*

ဟိန်းသီဟဇော်နေရာတွင် နန္ဒကျော်တို့ကိုသာ ပြောင်းလဲအသုံးပြုခဲ့သည်။ ကွင်းလုံးပြည့်နီးပါး ပရိသတ်များ၏အားဖြင့် အိမ်ရှင် မလေးရှားအသင်းသည် ဂိုးရရန် ကြိုးပမ်းခဲ့ပြီး မြန်မာအသင်းမှာ မလေးရှားအမှားကိုစောင့်ကာ ထိုးဖောက်ခဲ့သည်။

ပထမပိုင်းတွင် မြန်မာအသင်းတိုက်စစ်မှူး အောင်သူ အပိုင်အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ မိနစ် ၃၀ ကျော်တွင် မလေးရှားအသင်း ဂိုးများ ဆက်တိုက်ရခဲ့ပြီး ၃၂ မိနစ်တွင် နာဒါရာဂျာက အဖွင့်ဂိုး သွင်းယူခဲ့သည်။ အဖွင့်ဂိုးရပြီး တစ်မိနစ်အကြာတွင် မလေးရှားအသင်း ဒုတိယဂိုး ထပ်ရခဲ့ပြီး ဘင်ရာဆစ်က ခေါင်းတိုက်သွင်းယူခဲ့သည်။

**တိုက်စစ်အားမြှင့်**

ဒုတိယပိုင်းတွင် မြန်မာအသင်းသည် ချေပဂိုးရရန် တိုက်စစ်အား မြှင့်လာခဲ့သည်။ သန်းပိုင်နှင့် ရွှေကိုအား ထည့်ကာ အပြောင်းအလဲပြုလုပ်ခဲ့ပြီး မလေးရှားဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခဲ့သည်။

မြန်မာအသင်းမှာ ချေပဂိုးရရှိရေး ကြိုးစားရာတွင် စိတ်လောနေ၍ လူပေးအမှားများခဲ့သည်။ ၇၅ မိနစ်တွင် ရွှေကို အပိုင်ကန်ခွင့် ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ဘဲ ၈၂ မိနစ်တွင် ဂိုးထပ်ပေးခဲ့ရသည်။ မလေးရှားအတွက် တတိယဂိုးကို နာဒါရာဂျာကပင် သွင်းယူခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းအတွက် ချေပဂိုးကို ၈၆ မိနစ်တွင် သန်းပိုင်က သွင်းယူခဲ့သည်။

**ဆီမီးဖိုင်နယ်သို့ တက်ရောက်**

အုပ်စု(က)တွင် အိမ်ရှင်မလေးရှားနှင့် မြန်မာအသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်ရောက်သွားပြီး မြန်မာအသင်းက ပွဲကုန်လေးပွဲကစားအပြီးတွင် ကိုးမှတ်ရရှိကာ မလေးရှားအသင်းက သုံးပွဲကစားပြီး ကိုးမှတ်ရထားသည်။

# ချင်းပြည်နယ် ဟားခါးနှင့် ဖလမ်းမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

ဟားခါး ဩဂုတ် ၂၁

**ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့် သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်း၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးရွှေထီးအိုး၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးလာလ်တင်မန်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၉ ရက်က ဟားခါးမြို့နယ်နှင့် ဖလမ်းမြို့နယ်များအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံဆွေးနွေးကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုသည်။**

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ဟားခါးမြို့နယ် ချွန်ကျုံးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ရပ်မိရပ်ဖများ၊ ကျေးလက်နေပြည်သူများနှင့်တွေ့ဆုံရာ ဇိန်မူတောင် အမျိုးသားဥယျာဉ်ဖွဲ့စည်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုဝန်ကြီး ဦးမန်ဟင်းဒါလ်းနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဇိန်မူတောင်အမျိုးသားဥယျာဉ်ဖွဲ့စည်းဆောင်ရွက်နိုင်ရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက မိမိတို့၏အခက်အခဲ လိုအပ်ချက်များကိုတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သဘာဝဘေးသင့်အိမ်ထောင်စုများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖလမ်းမြို့ မြို့နယ်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံရာ မြို့မိမြို့ဖများနှင့် ဌာနဆိုင်ရာများ၏ ဒေသလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဖလမ်းမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးနှင့် မြို့တွင်းကားလမ်းမြေထိန်းနံရံတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ဖလမ်းမြို့ သူနာပြုသင်တန်းကျောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံးနှင့် ဟရန်ထီးရိုးအားကစားကွင်း၊ ထလန်ရောန်ကျေးရွာဘောလုံးကွင်း စက်ယန္တရားများဖြင့် တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တလန်ဇာရ်ကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်သည်။

**( ပြည်နယ် ပြန်/ဆက် )**



# မောင်တောခရိုင်တွင် ပိုလီယိုရောဂါကာကွယ်ဆေး အပိုဆောင်း ထိုးနှံတိုက်ကျွေးမှု ဒုတိယအကြိမ်ပြုလုပ်

မောင်တော ဩဂုတ် ၂၁

**မောင်တောခရိုင်တွင် ဒုတိယအကြိမ် မွေးကင်းစမှငါးနှစ်အထိ ကလေးငယ်များအား ပိုလီယိုရောဂါကာကွယ်ဆေး အပိုဆောင်း ထိုးနှံတိုက်ကျွေးခြင်းကို ဩဂုတ် ၂၁ ရက်မှ ၂၅ ရက်ထိ ဆောင်ရွက်လျက်ရှိသည်။**

ပိုလီယိုရောဂါကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေးအတွက် ဌာနဆိုင်ရာများပူးပေါင်းပါဝင်သော ကွင်းဆင်းဆေးတိုက်ကျွေးရေး အထောက်အကူပြုကော်မတီများကို မောင်တောမြို့နယ်တွင် ကိုးဖွဲ့၊ ဘူးသီးတောင်မြို့နယ်တွင် ရှစ်ဖွဲ့ ဖွဲ့စည်း၍ ယနေ့နံနက်ပိုင်းတွင် စတင်ကာ တိုက်ကျွေးခဲ့ကြသည်။



မောင်တောပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီး ဒေါက်တာကျော်မောင်မောင်သိန်း ဦးဆောင်သော ကျန်းမာရေးအဖွဲ့သည် ငါးခူရကျေးရွာနှင့် ကြိမ်ချောင်းကျေးရွာများတွင် ပိုလီယိုကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခဲ့ကြသည်။

အလားတူ မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာအုပ်စု၊ ပညောင်ပင်ကြီးအုပ်စု၊ ဈေးကုန်းတန်းနှင့် မောင်တူလာကျေးရွာများတွင်လည်း ပိုလီယိုကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းများ ပြုလုပ်ခဲ့သည်။

" အခုပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းက ပုံမှန်တိုက်ကျွေးခြင်းလုပ်ငန်းအပြင် အပိုဆောင်းနှစ်ကြိမ် တိုက်ကျွေးခြင်းဖြစ်ပါတယ်။ ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းနဲ့အတူ ပိုလီယိုကာကွယ်ဆေးထိုးခြင်းကိုပါ တစ်ပြိုင်တည်းဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ မွေးကင်းစမှ ငါးနှစ်အထိကလေးငယ်တွေကို ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးပြီး သုံးလမှ နှစ်နှစ်အရွယ်ကလေးငယ်များကို တိုက်ကျွေးခြင်းအပြင် ထိုးဆေးကိုပါ ထိုးပေးပါတယ်။ ကာကွယ်ဆေးထိုးနှံရတဲ့ အဓိကအကြောင်းကတော့ ရခိုင်ပြည်နယ် မောင်တောဒေသမှာ ပိုလီယိုအသွင်ပြောင်းပိုး တွေ့ရှိခဲ့တဲ့အတွက် ပိုလီယိုထိုးဆေးကို ကလေးငယ်တွေ တစ်ယောက်မကျန် ထိုးနှံနိုင်အောင် ဆောင်ရွက်နေပါတယ်"ဟု အလယ်သံကျော် တိုက်နယ်ဆေးရုံကျန်းမာရေးဌာနမှ ဦးသိန်းဆွေမြင့်က ပြောသည်။

အလယ်သံကျော် တိုက်နယ်ကျန်းမာရေးဌာနမှ ဒေါ်တင်နုကလည်း "ကလေးတွေက ပိုလီယိုဆေးတိုက်တာဆိုတော့ လာကြတယ်။ ထိုးတာကျတော့ သိပ်မထိုးချင်ဘူး။ ထိုးတာကျတော့ ကြောက်တာကိုး။ ဒါပေမယ့် ကာကွယ်ဆေးဖြစ်တဲ့အတွက် မဖြစ်မနေထိုးပေးရမယ်။ သူတို့ကို ပညာပေးရတာပေ့ါ။ ကာကွယ်ဆေးက ဘယ်လို သက်ရောက်မှုရှိတယ်ဆိုတာပြောပြတော့ သူတို့ကလေးတွေကို လာထိုးကြပါတယ်။ လုပ်ငန်းလည်းအဆင်ပြေအောင် ကလေးတွေလည်း ဆေးထိုးဖို့မကျန်ရလေအောင် အတတ်နိုင်ဆုံးလုပ်ပေးပါတယ်"ဟု ပြောသည်။

မောင်တောမြို့ပေါ်တွင် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ခေါင်းဆောင်သောအဖွဲ့ဝင် ခြောက်ဦးသည် မြို့မအရှေ့၊ အနောက်၊ တောင်၊ မြောက်ရပ်ကွက်၊ လေးမိုင်၊ ရွာသစ်ကေ၊ မြို့ဦး၊ ကညင်တန်းမြို့မှ ရပ်ကွက်များနှင့် မြို့သူကြီး၊ ရွှေစား၊ သီဟိုဋ္ဌကျွန်း၊ ညောင်ချောင်းကျေးရွာများသို့ ကွင်းဆင်းတိုက်ကျွေးခဲ့ကြောင်း သိရှိရသည်။

ပိုလီယိုကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရန် ကျန်ရှိသည့် ရပ်ကွက်၊ ကျေးရွာများကိုလည်း နယ်မြေဒေသအခြေအနေအရ ဩဂုတ် ၂၉ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေဝမ်းစိုး၊ မျိုးသူဟိန်း**
**ဓာတ်ပုံ- အောင်ကျော်စိန်(ခရိုင် ပြန်/ဆက်)**

# ဒုတိယအကြိမ် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်များစုပေါင်း၍ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ကျောက်ဖြူ ဩဂုတ် ၂၁**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ဒုတိယအကြိမ် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် စေတနာရှင်များစုပေါင်း၍ ကျောက်ဖြူမြို့ပေါ်ရှိ ကျောင်းတိုက် ၆၃ တိုက်မှ သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားမစတင်မီ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦးနှင့် ဝန်ထမ်းများ၊ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ ရဲလွင်မောင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမှတ်(၂၁)ယာဉ်ထိန်းတပ်ဖွဲ့ဝင်များမှ Seasonal Influenza A(H1N1) သိကောင်းစရာ လက်ကမ်းစာစောင်များကို ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွရောက်လာကြသော သံဃာတော်များနှင့် ဌာနဆိုင်ရာ ဧည့်ပရိသတ်များကို ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ကျောက်ဖြူမြို့ပေါ်ရှိ ဘုန်းကြီးကျောင်းတိုက်များမှ ရဟန်း၊ သာမဏေများနှင့် သီလရှင်များအား ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များက ဆွမ်းဆန်၊ ဆီ၊ ဆား၊ ဆီမီး၊ ခေါက်ဆွဲခြောက်၊ ခေါက်ဆွဲထုပ်များ၊ ဆပ်ပြာများ၊ သွားတိုက်ဆေး သွားတိုက်တံများ၊ ဆေးဝါးများ၊ အသုံးအဆောင်ပစ္စည်းစသည့်တို့ကို လောင်းလှူကြသည်။

အဆိုပါလောင်းလှူပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးနှင့်ဇနီး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနှင့်ဇနီး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးရွှေလှအောင်နှင့် ဇနီး၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ စေတနာရှင် စုစုပေါင်း ၁၅၀ ခန့်က လောင်းလှူခဲ့ကြသည်။ ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကို ဝါတွင်းကာလ လပြည့်၊ လကွယ်နေ့များတွင် လောင်းလှူကြမည်ဖြစ်ရာ ကျောက်ဖြူခရိုင်အတွင်းရှိ ရမ်းဗြဲ၊ မာန်အောင်၊ အမ်းမြို့နယ်များတွင်လည်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**



ရခိုင်ပြည်နယ် သံတွဲမြို့ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းဝင်းအတွင်းရှိ ချုံနွယ်နှင့်အမှိုက်များကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မောင်မောင်စိုးနှင့် စက်မှုလက်မှုသိပ္ပံကျောင်းအုပ်ကြီး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးဝန်ထမ်းများ ဩဂုတ် ၁၉ ရက်က စုပေါင်းရှင်းလင်းကြစဉ် (၁၆၄)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၁**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရခိုင်ပြည်နယ်တွင် မိုးပိုလာနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

# ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် တံတားဦးမြို့နယ်အတွင်းရှိ လူဦးရေ ၅၂၂၇ ဦး ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့ပေးထား

**မန္တလေး ဩဂုတ် ၂၁**

မန္တလေးမြို့ရှိ ဧရာဝတီမြစ်ရေသည် ဩဂုတ် ၁၉ ရက်မှစ၍ စိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိလာသဖြင့် မြစ်ရေဝင်ရောက်လာမှုကြောင့် ဩဂုတ် ၁၉ ရက်မှ ၂၀ ရက်အထိ တိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၈ အုပ်စုမှ အိမ်ခြေ ၁၂၉၆ လုံး၊ အိမ်ထောင်စု ၁၃၃၃ စု၊ လူဦးရေ ၅၂၂၇ ဦးနှင့် တိရစ္ဆာန် ၃၀၉၆ ကောင်တို့အား ရေလွတ်ရာသို့ ယာယီပြောင်းရွှေ့ပေးထားရကြောင်း တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

"ကျွန်တော်တို့ဌာနက သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး တံတားဦးမြို့နယ်အတွင်း ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် သောက်သုံးရေရှားပါးတဲ့ လက်ဆောင်ယူရွာနဲ့ ဉယျာဉ်ရွာမှ အိမ်ထောင်စု စုစုပေါင်း ၂၈၅ စုအတွက် ရေသန့်ကတ် ၂၄ လုံးပါ ၃၅၀ ကို ဩဂုတ် ၂၀ ရက်မှာ စက်လှေငါးစင်းနဲ့ သွားရောက်ပြီး ပြည်သူတွေကို ထောက်ပံ့ခဲ့ပါတယ်။ တခြား ရေဝင်မြို့နယ်တွေမှာလည်း ပရဟိတအဖွဲ့တွေ ပူးပေါင်းဖွဲ့စည်းထားတဲ့ သဘာဝဘေးတုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့(မန္တလေး)က သွားရောက်ပြီး ယာယီရွှေ့ပြောင်းမှုတွေ၊ လိုအပ်တဲ့ ထောက်ပံ့မှုတွေကို ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ဌာနအနေနဲ့ကလည်း ပြောင်းရွှေ့သူတွေ စားသောက်ဖို့ အဆင်ပြေအောင် ထပ်မံထောက်ပံ့မယ့် အစီအစဉ်တွေလည်း ရှိပါတယ်"ဟု အဆိုပါဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးနေမျိုးထွန်းက ပြောသည်။

ထို့ပြင် ဧရာဝတီနှင့် ဒုဋ္ဌဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ဩဂုတ် ၁၇ ရက်မှ ၁၉ ရက်အထိ စဉ့်ကူးမြို့နယ်တွင် ၄၈ ကျောင်း၊ သပိတ်ကျင်းမြို့နယ်တွင် ခြောက်ကျောင်း၊ အမရပူရမြို့နယ်တွင် နှစ်ကျောင်း၊ မတ္တရာမြို့နယ်တွင် ၁၆ ကျောင်း၊ စဉ့်ကိုင်မြို့နယ်တွင် နှစ်ကျောင်းနှင့် တံတားဦးမြို့နယ်တွင် ငါးကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၇၉ ကျောင်း ယာယီပိတ်ထားရကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးစာရင်းများအရ သိရသည်။

"ဒီနေ့ ဩဂုတ် ၂၁ ရက် မနက်ပိုင်း တိုင်းထွာချက်တွေအရ ဧရာဝတီမြစ်ရေဟာ ၁၂၈၉ စင်တီမီတာကို ရောက်ရှိနေပေမယ့် အတိုးအလျော့မရှိ ရပ်တန့်နေတယ်။ အထက်ပိုင်းမှာ မိုးနည်းသွားတဲ့အပြင် ချင်းတွင်းမြစ်ရေကလည်း ပြန်ကျသွားတဲ့အတွက် နောက်နှစ်ရက်လောက်ဆက်ငြိမ်နေပြီး သုံးရက်မြောက်လောက်မှာ ပြန်ကျသွားမှာပါ"ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန(အထက်မြန်မာပြည်ဌာနခွဲ)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်က ပြောသည်။

မန္တလေးမြို့၏ မြစ်ရေတက်မှုအခြေအနေမှာ ၂၀၀၄ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် အမြင့်ဆုံး ၁၃၈၂ စင်တီမီတာသို့ ရောက်ရှိခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဩဂုတ် ၁ ရက်တွင် ၁၃၂၅ စင်တီမီတာအထိရောက်ရှိခဲ့ကာ ယခုနှစ် ဩဂုတ် ၂၁ ရက်တွင် ၁၂၈၉ စင်တီမီတာသို့ရောက်ရှိနေကြောင်း သိရှိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**





# ရေဘေးသင့်ပြည်သူ ၁၆၉၂ ဦးအတွက် ဆန်ရိက္ခာဖိုးနှင့်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ထီးချိုင့် ဩဂုတ် ၂၁**

ထီးချိုင့်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား စားဝတ်နေရေးအဆင်ပြေစေရန်ရည်ရွယ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၊ သက်ဆိုင်ရာဌာနများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်းကာ ဆန်ရိက္ခာဖိုးငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် ၂၁ ရက် ညနေ ၃ နာရီက အမှတ်(၃) ရပ်ကွက်ရွှေစည်းခုံကျောင်းတိုက်၌ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။

ထီးချိုင့်မြို့နယ်အတွင်းရှိ ရေဘေးသင့်နေသော ရပ်ကွက်သုံးခု၊ ကျေးရွာ ၁၀ ရွာရှိ ရွှေ့ပြောင်းအိမ်ခြေ ၃၈၄ အိမ်မှ လူဦးရေ ၁၆၉၂ ဦးတို့ကို ဆန်ရိက္ခာဖိုးတစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၃၅၅၃၂၀၀ ကို ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနကလည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် ပစ္စည်း ၁၀ မျိုးပါကစ် တစ်ဘူးစီနှင့် ရေသန့်ဆေးထုပ်လေးထုပ်နှုန်းကို တိုင်းဒေသကြီး ကြက်ခြေနီတပ်ဖွဲ့ကလည်းကောင်း၊ အိမ်ထောင်တစ်စုလျှင် မားမားခေါက်ဆွဲငါးထုပ်နှုန်းစီကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှလည်းကောင်း သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ရေသန့်ဆေးသုံးစွဲနည်းများကို လက်တွေ့ပြခဲ့ကြောင်း သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**

# ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြင်းမူမြို့နယ်ရှိ ကျေးရွာအချို့ ရေဝင်ရောက်

**မြင်းမူ ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ် ၁၅ ရက်မှစ၍ ဧရာဝတီမြစ်ရေများ တိုးလာခဲ့ပြီး ယခုအခါ မြင်းမူမြို့၏ စိုးရိမ်ရေမှတ် ၁၁၅၀ စင်တီမီတာအထက် ၁၀ စင်တီမီတာအထိ မြင့်တက်လာသည့် အခြေအနေများကြောင့် အနိမ့်ပိုင်းမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအချို့မှာ ရေများ စတင် ဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။

ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် မြင်းမူမြို့၏ အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော အရှေ့ပိုင်းရပ်ကွက်၊ တောင်ပိုင်းရပ်ကွက်နှင့် မြောက်ပိုင်းရပ်ကွက်များရှိ အိမ်ခြေ ၂၅၇ အိမ်မှ အိမ်ထောင်စု ၂၈၂ စု လူဦးရေ ၁၀၁၃ ဦးသည်လည်းကောင်း၊ မြို့နယ်အတွင်းရှိ ပုလဲတန်၊ ညောင်ရင်း၊ ရွာပိုလေး၊ မြစ်ပေါက်၊ ဆပ္ပကုန်း၊ ဆိပ်သာ၊ ကျွဲရိုက်၊ အုန်းပင်၊ သာယာပေါင်းနှင့် လက္ကပင်ကျေးရွာများရှိ အိမ်ထောင်စု ၁၁၅၆ စုမှ လူဦးရေ ၄၉၈၁ ဦး နေထိုင်ရာများတွင် ရေများဝင်ရောက်လျက်ရှိကြောင်း သိရှိရသည်။ ယခုအချိန်ထိ ရေဝင်ရောက်သည့် ကျေးရွာများနှင့်ရပ်ကွက်များမှ ဒေသခံပြည်သူများ ပြောင်းရွှေ့နေထိုင်ခြင်း မရှိသေးသော်လည်း မြစ်ကမ်းဘေးကျေးရွာများဖြစ်သော ကျွဲရိုက်၊ အုန်းပင်၊ သာယာပေါင်းနှင့် လက္ကပင်ကျေးရွာများမှ အိမ်မွေးတိရစ္ဆာန်အချို့အား မြစ်ကမ်းတာပေါင်များတွင် ပြောင်းရွှေ့ထားသည်။

**အောင်စိုးဖေ (မြင်းမူ)**

# မိုးရွာသွန်းမှုကြောင့် မကွေးတိုင်းဆေးရုံဝင်းအား ကာရံထားသောအုတ်တံတိုင်းများ ပြိုကျပျက်စီး

**မကွေး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံ ဝန်ထမ်းအိမ်ရာအား ကာရံထားသော အုတ်တံတိုင်းကြီး ဩဂုတ် ၂၁ ရက် ညသန်းခေါင်ယံတွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

"ညကမိုးကြီးလို့ ထကြည့်မိတော့ လိုင်းထဲမှာရေတွေဝင်ပြီး ဖိနပ်တွေ၊ ပစ္စည်းတွေ မျောသွားမှာစိုးလို့ လိုက်လံသိမ်းဆည်းနေတုန်း ဝုန်းဆိုတဲ့အသံကြီးကြားလို့ထကြည့်တော့ အုတ်တံတိုင်းကြီးပြိုလဲသွားတာတွေ့ရပြီး ရေတွေဝင်လာလို့ ပစ္စည်းတွေ မပျောက်ပျက်အောင် ထိန်းသိမ်းဖို့ သတိပေးတော့ ဝန်ထမ်းတွေ နိုးလာပါတယ်၊ ည ၁ နာရီလောက်ဆိုတော့ အားလုံးက အိပ်မောကျနေတော့ သိပ်မသိကြဘူး"ဟု ဝန်ထမ်းတစ်ဦးက ပြောသည်။

"ပြိုကျပျက်စီးသွားတဲ့ အုတ်တံတိုင်းတွေမှာ ဆောက်လုပ်ထားတာ မကြာသေးပါဘူး။ တာဝန်ယူဆောက်လုပ်ထားတဲ့ လေလံအောင်တဲ့ကုမ္ပဏီတွေအနေနဲ့ ခိုင်ခံ့မှုရှိအောင် စနစ်တကျ တာဝန်ယူဆောက်လုပ်စေချင်တာပေါ့၊ တာဝန်ရှိသူတွေအနေနဲ့လည်း လုပ်ငန်းတွေ မပြီးခင်ကတည်းက ကွင်းဆင်းလေ့လာမှုတွေလုပ်လို့ ရေရှည်ကျရင် နိုင်ငံတော်ဘဏ္ဍာငွေ ထိခိုက်ဆုံးရှုံးမှုနည်းတာပေါ့"ဟု ဆေးရုံဝင်းနေသူတစ်ဦးက ဖြည့်စွက်ပြောပြသည်။

**ပိုင်ဇေ(မကွေး)**

# အနုပညာရှင်ဘောလုံးအသင်းနှင့် စိန်ပေါလ်ကျောင်းသားဟောင်းများအသင်း ချစ်ကြည်ရေးရန်ပုံငွေပွဲ ရန်ကုန်မြို့၌ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဩဂုတ် ၂၁**

ချစ်ကြည်ရေးရန်ပုံငွေပွဲအဖြစ် ယှဉ်ပြိုင်ကစားမည့် အနုပညာရှင် (Actor Star ) ဘောလုံးအသင်းနှင့် စိန်ပေါလ်ကျောင်းသားဟောင်းများအသင်းတို့သည် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးအားကစားပြိုင်ကွင်း၌ လာမည့် စက်တင်ဘာ ၁ ရက် ညနေ ၃ နာရီခွဲတွင် စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၂ နာရီတွင် စိန်ပေါလ်ကျောင်း၌ ကျင်းပသော ပွဲကြိုမီဒီယာရှင်းလင်းပွဲမှ သိရသည်။

"အနုပညာရှင် (Actor Star) ဘောလုံးအသင်းနဲ့ ကျွန်တော်တို့ စိန်ပေါလ်ကျောင်းသားဟောင်းအသင်း ချစ်ကြည်ရေးရန်ပုံငွေဘောလုံးပွဲဟာ တခြားဘယ်ကဏ္ဍအတွက်မှ မဟုတ်ပါဘူး။ အရင် စိန်ပေါလ်ကျောင်း အခု အထက-၆ ဗိုလ်တထောင်မှာ တက်ရောက်နေတဲ့ကလေးတွေ အားကစားမြင့်မားရေးအတွက် အဓိကထားပြီး ကျင်းပမှာဖြစ်ပါတယ်။ တကယ်တော့ မြန်မာ့အားကစားမြင့်မားဖို့ဆိုရင် အခြေခံကျောင်းတွေက အားကစားကဏ္ဍကို မြှင့်တင်ပေးနေမှ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မှာဖြစ်ပါတယ်။ အခြေခံပညာကျောင်းတွေမှာ ကျောင်းပညာရေးသာမကဘဲ အားကစားကဏ္ဍမြင့်မားရေးကလည်း အရေးကြီးတဲ့ကဏ္ဍက ပါဝင်နေပါတယ်"



ဟု စိန်ပေါလ်ကျောင်းသားဟောင်းဘောလုံးအသင်း နာယက ဦးသိန်းဆွေက ပြောကြားသည်။

စိန်ပေါလ်ကျောင်းသားဟောင်းများအသင်းမှ အားကစားသမားဟောင်းကြီးများ ပါဝင်မည်ဖြစ်ပြီး Actor Star ဘောလုံးအသင်းမှ အနုပညာရှင်များဖြစ်သည့် ဇာနည်၊ သူထူးစံ၊ ကျော်ကျော်၊ ပြေဇင်၊ ထွန်းထွန်း၊ နေမင်းစသည်ဖြင့် အနုပညာရှင်သရုပ်ဆောင်များ ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အဆိုပါ ရန်ပုံငွေပွဲအတွက် ကွင်းဝင်ကြေး ငွေကျပ် ၃၀၀၀ သတ်မှတ်ပေးထားပြီး ရရှိသောဝင်ငွေအားလုံးကို ယခင်စိန်ပေါလ်(အထက-၆ ဗိုလ်တထောင်) ကျောင်းသားများ အားကစားကဏ္ဍဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးပြုသွားမည်ဖြစ်သည်။ လတ်တလောအနေဖြင့် အလှူရှင် ၁၇ ဦးက ငွေကျပ် ၇၉ သိန်း ၇သောင်း လှူဒါန်းထားကြောင်း သိရသည်။

"ကျွန်တော်တို့ Actor Star အနုပညာရှင်ဘောလုံးအသင်းအနေနဲ့ အခုလိုရန်ပုံငွေပွဲ၊ CSR ပွဲတွေ ဘယ်ပွဲမဆို ပါဝင်လှုပ်ရှားဖို့ အဆင်သင့်ပါပဲ။ ဒီပွဲဆို ကျွန်တော်တို့ အနုပညာရှင်တွေအနေနဲ့ ကလေးတွေရဲ့အားကစားကဏ္ဍမြှင့်တင်ဖို့ ပါဝင်ကြရမှာဆိုတော့ အားလုံးက ပိုပြီးစိတ်ဝင်စားကြပါတယ်"ဟု အနုပညာရှင်ဘောလုံးအသင်း (Actor Star) နည်းပြချုပ် ကိုဟန်လင်းက ပြောသည်။

ယခုအခါ စိန်ပေါလ်(အထက-၆ ဗိုလ်တထောင်)အနေဖြင့် ဘောလုံးအသင်း၊ ဘော်လီဘောအသင်း၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘောစသည်ဖြင့် အသင်းအဖွဲ့များကို စနစ်တကျဖွဲ့စည်းပေးထားပြီး ဘောလုံးအသင်းအတွက် ကစားသမား ၃၀ ကို ရွေးချယ်ကာ စခန်းသွင်းလေ့ကျင့်ပေးမှုများ ပြုလုပ်ပေးနေပြီဖြစ်သည်။ စက်တင်ဘာ ၁ ရက်တွင်ကျင်းပမည့် အဆိုပါ ချစ်ကြည်ရေးရန်ပုံငွေဘောလုံးပြိုင်ပွဲတွင် ပြည်တွင်းအနုပညာရှင်များကလည်း ဖျော်ဖြေရေးအစီအစဉ်ဖြင့် ပါဝင်သီဆိုသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်**

# လူနှစ်ဦးကို မတရားချုပ်နှောင်ခဲ့သူများအား အရေးယူ

**ဘုရားသုံးဆူ ဩဂုတ် ၂၁**

ကရင်ပြည်နယ် ဘုရားသုံးဆူမြို့တွင် သံစားကျောက် ပြုလုပ်ခိုင်းသည်ကို လုပ်ဆောင်ပေးခြင်းမရှိသည့် အမျိုးသားနှစ်ဦးအား အမျိုးသားခြောက်ဦးပါဝင်သောအဖွဲ့မှ ၁၅ ရက်အကြာ မတရားချုပ်နှောင်ထားမှုအား ပူးပေါင်းအဖွဲ့များဖြင့် ဖော်ထုတ်၍ ဘုရားသုံးဆူနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက လူနှစ်ဦးကို မတရားဖမ်းဆီးချုပ်နှောင်ထားကြောင်း သတင်းအရ ဘုရားသုံးဆူနယ်မြေရဲစခန်း ခေတ္တစခန်းမှူး ဒုရဲအုပ် နေမျိုး ဦးစီးအဖွဲ့၊ နယ်မြေခံတပ်များ၊ နယ်ခြားစောင့်တပ်များ ပါဝင်သော ပူးပေါင်းအဖွဲ့များသည် ဘုရားသုံးဆူမြို့ အမှတ်(၃)ရပ်ကွက် စကားဝါလမ်းသွယ်(၁) ရှိ နေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးရာမှ နေအိမ်အတွင်း၌ လဲဝန်းကျေးရွာ ဥတ္တရသီရိမြို့နယ်နေသူများဖြစ်သည့် မောင်ဝိုင်းကျော် (၃၀ နှစ်)နှင့် အောင်ဇော် (၄၄ နှစ်) တို့နှစ်ဦးအား ချုပ်နှောင်ထားကြောင်း စစ်ဆေးတွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘုရားသုံးဆူမြို့နေသူများဖြစ်သည့် စောခင်မောင်ဝင်း၊ စိန်လွင်၊ ကျော်လွင်၊ ရန်နိုင်ဦး၊ အောင်နိုင်ထွန်း(ခ)စိုင်းနော်၊ သိန်းထွန်း (ခ) ကိုထွန်းတို့အဖွဲ့မှ မောင်ဝိုင်းကျော်နှင့် မောင်အောင်ဇော်တို့နှစ်ဦးအား နေအိမ်အတွင်း ချုပ်နှောင်ထားပြီး တစ်ဦးလျှင် ငွေကျပ် ၃၅ သိန်းစီ ပေးဆောင်ရန် တောင်းဆိုရာမှ ပေးဆောင်နိုင်ခြင်း မရှိ၍ ချုပ်နှောင်ခဲ့သဖြင့် စောခင်မောင်ဝင်းပါ ခြောက်ဦးအား ဘုရားသုံးဆူနယ်မြေရဲစခန်းမှ အမှုဖွင့်ထားကြောင်း သိရသည်။

**မင်းသူ/ထွန်းထွန်းထွေး(ဘားအံ)**

# အမြန်လမ်းတွင်ဖြစ်ပွားခဲ့သော လုယက်မှုမှ ပြစ်မှုကျူးလွန်သူအားလုံးဖမ်းဆီးရမိ

**ရေတာရှည် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင် (၁၇၆/၄ နှင့် ၁၇၆/၅) အကြားဖြစ်ပွားခဲ့သော လုယက်မှုမှ ထွက်ပြေးတိမ်းရှောင်နေသည့် ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဩဂုတ် ၂၁ ရက် နံနက် ၈ နာရီခွဲက ကရင်ပြည်နယ် မြဝတီမြို့၌ ဖမ်းဆီးရမိသဖြင့် ပြစ်မှုကျူးလွန်သူလေးဦးစလုံး ဖမ်းဆီးရမိပြီဖြစ်ကြောင်း သိရသည်။

အမှုမှာ ဇူလိုင် ၁၃ ရက် နံနက် ၅ နာရီခွဲက မိတ္ထီလာမှ ရန်ကုန်ဘက်သို့ ဦးနိုင်ဝင်း (၄၂ နှစ်) မရမ်းကုန်းမြို့နယ်နေသူမောင်းနှင်ပြီး ဦးဘဂျမ်း (၃၂ နှစ်) အောင်မင်္ဂလာ(၁)လမ်း ၈မိုင် မရမ်းကုန်း မြို့နယ်နေသူလိုက်ပါလာသော 3J/----HYUNDAI STARX ယာဉ်သည် အခင်းဖြစ်ပွားသည့်နေရာတွင် စက်ချွတ်ယွင်းသဖြင့်ရပ်တန့်ထားစဉ် လူသုံးဦးခန့်က ဓားများကိုင်ဆောင်ရောက်ရှိလာခဲ့ပြီး ခြိမ်းခြောက်၍ ရွှေ၊ ငွေ၊ ဖုန်းနှစ်လုံး စုစုပေါင်းငွေကျပ် ၈၅ သိန်းဖိုးခန့် လုယက်ယူဆောင်ထွက်ပြေးသွားခဲ့သဖြင့် သာဂရနယ်မြေရဲစခန်းတွင် အမှုဖွင့်စစ်ဆေးခဲ့သည်။ အမှုမှန်အမြန်ဆုံးပေါ်ပေါက်နိုင်ရန် တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးကြီး သန်းထွန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ အမြန်လမ်းရဲတပ်ဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခဲ့ရာတွင် ဩဂုတ် ၁၂ ရက် ညနေ ၄ နာရီခန့်က နေပြည်တော် လယ်ဝေးမြို့နယ် အေလာအုပ်စု ကုလားရွာနေ မိုးကြီး (ခ) မိုးမင်းအောင်၊ ဇင်လေး(ခ)ဇင်လင်းအောင်တို့နှစ်ဦးကို ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်များအရ ၎င်းတို့နှင့်အတူ ဖိုးစိုး ဇမ္ဗူသီရိဆေးရုံဝင်းနေသူ၊ အေးမင်း(ခ)မျိုးချစ် အောင်သုခကျေးရွာ နေပြည်တော်နေသူတို့နှစ်ဦးပါဝင်ကြောင်း သိရှိရပြီး ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သော ဓားနှစ်ချောင်း၊ ငွေစက္ကူရောရာ ၁၂သိန်းကျော်နှင့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းနိုင်ခဲ့သည်။

ထွက်ပြေးတိမ်းရှောင်သွားသူနှစ်ဦးကို တာချီလိတ်၊ လွိုင်ကော်၊ မြဝတီမြို့ရှိ ရဲစခန်းများသို့ ဆက်သွယ်အကြောင်းကြားဖမ်းဆီးခဲ့ရာ ဖိုးစိုးနှင့် အေးမင်း(ခ) မျိုးချစ်တို့နှစ်ဦးကို မြဝတီမြို့မရဲစခန်း စခန်းမှူး ဒုရဲမှူး ကိုကိုနိုင်နှင့်အဖွဲ့က ဩဂုတ် ၂၁ ရက်၌ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ပျဉ်းမနားမြို့၌ဖြစ်ပွားသည့် လူသတ်မှုမှ တရားခံအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်

**ပျဉ်းမနား ဩဂုတ် ၂၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်တွင် ဧပြီ ၅ ရက်က ဖြစ်ပွားခဲ့သည့်လူသတ်မှုအား ပျဉ်းမနားမြို့မရဲစခန်းတွင် (ပ)၃၇၂/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့်ရေးဖွင့်၍ တရားစွဲဆိုတင်ပို့ခဲ့ရာ ဒက္ခိဏခရိုင်တရားရုံးမှ ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်၍ တရားခံအား ဩဂုတ် ၁၈ ရက်က အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်ကြောင်း သိရသည်။

အမှုဖြစ်စဉ်မှာ ဧပြီ ၅ ရက် မွန်းလွဲ ၁ နာရီက ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် ဦးဘွားလမ်း အိမ်အမှတ်(၁၂/၁၉)နေ မြတ်မင်းဟန် (ခ) မြတ်ကြီး (၃၅ နှစ်)မှာ နေအိမ် အခန်းအတွင်း ခုတင်ပေါ်တွင် ဒဏ်ရာများရရှိ၍ သေဆုံးမှုအား ဖခင်ဖြစ်သူ ဦးကျော် မင်းသိန်းက လူသတ်မှုကျူးလွန်သူကို ဖော်ထုတ်အရေးယူဆောင်ရွက်ပေးပါရန် ဧပြီ ၅ ရက်က ပျဉ်းမနား မြို့မရဲစခန်းသို့တိုင်တန်းရာ ရဲစခန်းမှ (ပ)၃၇၂/၂၀၁၇ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့်ရေးဖွင့်၍ ပျဉ်းမနားမြို့မ ရဲစခန်းမှူး ဒုရဲမှူးတင်ဌေးက ပြစ်မှုကျူးလွန်သူအား အမြန်ဆုံးဖမ်းဆီးရမိရေးဆောင်ရွက်ရာ လူသတ်မှုကျူးလွန်သူ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် သာယာကုန်း(ခ) ကန်းနားလမ်းနေ ဇင်မင်းဦး (၂၉ နှစ်)အား ဧပြီ ၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ "လပြည့်" တည်းခိုခန်း၌ ဖမ်းဆီးရမိခဲ့သည်။

အမှုဖြစ်စဉ်နှင့်ပတ်သက်၍ တရားခံ ဇင်မင်းဦး (၂၉ နှစ်)အား အသေးစိတ်စစ်ဆေးခြင်းများဆောင်ရွက်၍ စွဲချက်အမှတ် ၄၃၀/၂၀၁၇၊ ရာကြီးအမှတ် ၃၃/၂၀၁၇ ဖြင့် ပြစ်မှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်၍ တရားခံ ဇင်မင်းဦး(၂၉နှစ်)အား ဒက္ခိဏခရိုင်တရားရုံးမှ ဩဂုတ် ၁၈ ရက်က အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ်ချမှတ်လိုက်ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**

# မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် ကုန်စည်များဖမ်းမိ

**နေပြည်တော် ဩဂုတ် ၂၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၀ ရက်က ရန်ကုန်သို့ သွားရောက်မည့် Canter ယာဉ်၊ Hilux ယာဉ်နှင့် ခရီးသည်တင်မှန်လုံယာဉ်တို့ကို မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်ဆီ (5L × 4) (30) Pkgs, (2L × 6) (60) Pkgs, (18L) (15) Pkgs ၊ Cat Food (20kg) (25)Pkgs ၊ Computer Mouse (80) U ၊ Queen အချိုရည် (1 ×12) (40) Pkgs ၊ Lipo (1 × 50 Pcs) (1 × 100 mm) (50) Pkgs စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၇ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# ငွေကျပ်သိန်း ၃၅၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၂၁**

မူးယစ်တပ်ဖွဲ့စု(၂၇)လွိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၀ ရက် မွန်းလွဲ ၂ နာရီခန့်က မိုင်းပန်မြို့နယ် တာဆန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခွန်တပေး မောင်းနှင်ပြီး စိုင်းနွံခေး၊ မအေးရင်နှင့် မနန်းယွန်းတို့လိုက်ပါလာသည့် မော်တော်ယာဉ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် ဘိန်းစိမ်း ၂၄ ဒသမ ၅ ကီလိုကို ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၃ နာရီခွဲခန့်က မူးယစ်တပ်ဖွဲ့စု(၃၂)မြဝတီမှ ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၂)ရပ်ကွက် စိန်နဂါး(၂)မိုတယ်ရှေ့၌ နေလင်းထွန်းမောင်းနှင်ပြီး မင်းမင်းဖြိုး လိုက်ပါလာသည့် မော်တော်ယာဉ်အားရှာဖွေရာ မင်းမင်းဖြိုး၏ လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅ ပြား၊ နေလင်းထွန်းထံမှ ငွေကျပ် ၁၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ မြဝတီမြို့ Royal Palace ဧည့်ရိပ်သာ၌ တည်းခိုနေသူ ဝတုတ်(ခ) စည်သူကျော်နှင့် မယမင်းစုစုလှိုင်တို့ကို တွေ့ရှိပြီး လက်ဆွဲအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၇၅ ၊ လက်ကိုင်ဖုန်းနှစ်လုံးနှင့် ငွေကျပ်တစ်သိန်းတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**


## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ နောင်တောကျေးရွာအုပ်စု၊ နောင်တောကျေးရွာမှ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သူ မမေသဇင်ဖွေးနှင့် အထက(၃) မုံရွာတက္ကသိုလ်ဝင်တန်းမှ မခိုင်သဇင်ဌေးတို့၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆန်း(ခ)ဦးမောင်ဆန်း ၅/ဟမလ(နိုင်)၀၃၂၆၀၃သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ ချောင်းဆုံမြို့ အထက တက္ကသိုလ်ဝင်တန်း(က)မှ ကျောင်းဝင်အမှတ်(၄၄/၂၀၁၂) မသဲသဲထိုက်၏ မိခင်အမည်မှန်မှာ ဒေါ်ရီရီမြင့် ဖြစ်ပါသည်။

**ဒေါ်ရီရီမြင့် ၁၀/ခဆန(နိုင်)၀၇၀၅၀၈**

## ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ ချောင်းဆုံမြို့ အထက တက္ကသိုလ်ဝင်တန်း(က)မှ ကျောင်းဝင်အမှတ်(၂၈/၂၀၁၂) မောင်နိုင်နေလင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်ခိုင် ဖြစ်ပါသည်။

**ဦးမောင်ခိုင် ၆/ဘပန(နိုင်)၀၁၃၅၇၁**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5H/1201 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ဝန်ထမ်းအမြန်အလိုရှိသည်

(လစာကောင်းမည်၊ Bonus ကောင်းကောင်းပေးမည်)

Sale & Marketing ကျား/မ (၅)ဦး
Sale & Driving ကျား(၅)ဦး

အထက်တန်းပညာ (သို့) ဘွဲ့ရ ဖြစ်ရမည်။
အသက်(၁၈)နှစ်မှ (၄၀)အတွင်းဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၁)နှစ်ရှိရမည်။ ရန်ကုန်မြို့တွင် နေထိုင်သူဖြစ်ရမည်။
ခရီးသွားနိုင်သူဖြစ်ရမည်။ လူမှုဆက်ဆံရေးကောင်းမွန်ပြေပြစ်ရမည်။
လျှောက်ထားလိုသူများသည်ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သက်ဆိုင်ရာပညာရေးမိတ္တူ၊ ရပ်ကွက်ထောက်ခံစာနှင့်အတူ ခုနစ်ရက်အတွင်း လူကိုယ်တိုင် (သို့) Email (သို့) Viber မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။

Double Cow milk Product Co.,Ltd

**ဆက်သွယ်ရန်-**
Aung mini mart
အမှတ်(၅၈၁)၊ မေဓာဝီလမ်းမကြီး၊ (စျ)ရပ်ကွက်၊ ရတနာသိင်္ဂီဈေးအနီး၊ မြောက်ဥက္ကလာ၊ Ph-09-5081366
Email: eagletrader581@gmail.com, kyawthusoelin@gmail.com, unyanlinnaung@gmail.com
Viber:09-5081366

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/ 6935 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/ 5497 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄)၊မြေကွက်အမှတ်(၁၀)၊ဧရိယာ(၄၀'×၆၀')၊မြေကွက်တည်နေရာအမှတ်(၁၀)၊ပီမိုးနင်းလမ်း၊၃ရပ်ကွက်၊လှိုင်သာယာမြို့နယ်၊ဦးစိုးမြင့်အမည်ပေါက်ပါမစ်မြေအားအမည်ပေါက်ဦးစိုးမြင့်ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူထားသူဦးမောင်ငယ်(၁၂/တတန(နိုင်)၀၆၅၀၆၅)၊ဒေါ်သက်ဆဇင်နိုး(၁၂/လသယ(နိုင်)၀၆၃၁၂၉)တို့မှပါမစ်မူရင်းတွင်မိသားစုဓာတ်ပုံ၊ရွှေပြောင်းမည့်သူများ၏ရာဇဝင်အကျဉ်းချုပ်နှင့်အိမ်ရာဆောက်လုပ်နေထိုင်ခွင့်တို့တင်ပြပြီးမြေနေရာချထားပေးခဲ့ရသူများ၏မိခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲပါမစ်မစုံဖြင့်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ညောင်ဦးမြို့၊ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေဖြစ်သော ညောင်ဦးမြို့၊ အမှတ်(၅)ရပ်ကွက်၊ သီရိပစ္စယာတိုးချဲ့ (၅)ရပ်၊ ဝိုင်းအကွက်အမှတ် (၅၉၆)၊ ဦးကြည်ဝင်း (ဘ)ဦးကျော်မောင် ၉/ညဥန(နိုင်)၀၀၁၉၆၁ အမည်ပေါက်ဝိုင်းမြေကွက်အတွက် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ရွှေစည်းခုံစေတီတော်ပိုင် ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့် ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူ ဦးကြည်ဝင်းသို့ ရွှေစည်းခုံစေတီတော်ပုံတော်ပါ ဝတ္တကမြေပေါ်တွင် နေထိုင်ခွင့်ရရှိကြသည့်ပုဂ္ဂိုလ်များထံမှ အလှူတော်ငွေရပြေစာ စာရွက်ထုတ်ပေးရေးကိစ္စကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ရွှေစည်းခုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃(သမိုင်း)၊ မြေကွက်အမှတ်-၃၂၊ အကျယ်ဧရိယာ ၀ ဒသမ ၀၆၀၊ မြေအမျိုးအစား-နှစ်၆၀ဂရန်ရှိမြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၌ ဦးပလို့ (DI-၀၁၂၀၄၆)နှင့် ဦးလှကျော် (AKB-၂၀၃၁၈၈) အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက် အကျယ် ၀ ဒသမ၀၆၀ ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ မြောက်ဘက်ခြမ်း (အလျား ၅၄/၅၈×အနံ၃၃/၃၆) အကျယ်ရှိမြေကွက်ကို ဦးပလို့က ဦးလှကျော်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အပြီးအပိုင်စွန့်လွှတ်ပေးကမ်းခြင်းစာချုပ်အမှတ်-၂၀၆၃/၁၉၉၄ အရ စွန့်လွှတ်ခဲ့ပြီး အဆိုပါမြေကွက်အစိတ်အပိုင်းကို ဦးလှကျော်က ဒေါ်ခင်သိင်္ဂီစိုး (၁၂/ကမတ(နိုင်)၀၅၁၂၅၀)သို့ မြေနှင့်အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ်-၈၅၆၁/၂၀၁၅ အရ ရောင်းချခဲ့ရာ ဒေါ်ခင်သိင်္ဂီစိုးက လက်ရောက်ရရှိနေထိုင်ခဲ့ပါသည်။ ထိုသို့ပိုင်ဆိုင်ခဲ့သူ ဒေါ်ခင်သိင်္ဂီစိုးက အဆိုပါ(အလျား ၅၄/၅၈×အနံ ၃၃/၃၆) အကျယ်ရှိမြေကွက်ကို ၎င်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူပြီး ကာလတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား အပြည့်အစုံဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကေသီကျော်**
**LL.B, D.B.L, D.I.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၃၅၀)**
**ဖုန်း-၀၉-၅၅၀၆၁၄၃၊ ၀၉-၇၉၉၄၈၇၂၈၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## တိုင်းရင်းဆေးပညာဦးစီးဌာန
## တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး
## မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး) (၂)နှစ်သင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနအောက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၌ ၂၀၁၈ ပညာသင်နှစ်တွင် ဖွင့်လှစ်သင်ကြားမည့် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး)(၂)နှစ်သင်တန်းသို့ သတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

၂။ **အရည်အချင်းသတ်မှတ်ချက်**

(က) တိုင်းရင်းဆေးပညာဒီပလိုမာအောင်မြင်ပြီးသူဖြစ်ရမည်။
(ခ) အနည်းဆုံးအခြေခံပညာ(က)အဆင့်(သို့မဟုတ်)တက္ကသိုလ်ဝင်တန်း အောင်မြင်သူဖြစ်ရမည်။
(ဂ) မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီတွင် မှတ်ပုံတင်ထားပြီး တိုင်းရင်းဆေးဆရာမှတ်ပုံတင်လက်မှတ်ကိုင်ဆောင်သည့် လက်ရှိနိုင်ငံ့တာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့် ၁၅-၉-၂၀၁၇ ရက်တွင် လုပ်သက် (လစာမဲ့ခွင့်မပါ) အနည်းဆုံး (၃)နှစ်ပြည့်ရမည်။
(င) သင်တန်းတက်ရောက်အောင်မြင်ပြီးပါက (၅)နှစ်ဆက်တိုက် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာများကို တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး၊ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှူးရုံးများနှင့် ခုတင်(၁၀၀)ဆံ့ သင်ကြားရေးတိုင်းရင်းဆေးရုံကြီးတို့တွင် ရယူနိုင်ပါသည်။
၄။ လျှောက်လွှာပိတ်ရက်မှာ ၁၅-၉-၂၀၁၇ ရက် ဖြစ်ပါသည်။
၅။ လျှောက်လွှာများကို တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးမြို့၊ ဘွဲ့လွန်နှင့်စာမေးပွဲဌာနသို့ ပေးပို့လျှောက်ထားရမည်။
၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၂၃-၉-၂၀၁၇ရက် (စနေနေ့) ဖြစ်ပါသည်။
၇။ မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (ပေါင်းကူး)(၂)နှစ်သင်တန်း ဝင်ခွင့်လျှောက်ထားသူများသည် မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့(ပေါင်းကူး) သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ်-၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂)၊ မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် ငွေစာရင်းအမှတ် MD-013136 သို့ ပေးသွင်းရမည်။
(**မှတ်ချက်။** ။ မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၂)၊ မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် ငွေစာရင်းအမှတ် MD-013136 သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးပို့နိုင်ပါသည်။)
၈။ လျှောက်လွှာခေါ်ယူသည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို တိုင်းရင်းဆေးတက္ကသိုလ်၊ ဘွဲ့လွန်နှင့်စာမေးပွဲဌာနနှင့် မော်ကွန်းထိန်းရုံးခန်းများတွင် ဖုန်း-၀၂-၇၅၆၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေး**




# မြန်မာ Squash အသင်း လိုက်ပါလာသည့်ကား မတော်တဆမှုဖြစ်ပွား

**ကွာလာလမ်ပူ ဩဂုတ် ၂၁**

မြန်မာ့လက်ရွေးစင် Squash ကစားသမားများ လိုက်ပါလာသည့် မော်တော်ယာဉ်သည် ယနေ့ နံနက်ပိုင်းက မတော်တဆဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

မြန်မာ Squash အသင်းသည် ပြိုင်ပွဲကျင်းပမည့် ဘူကစ်ဂျာလီကွင်းအနီးသို့ သွားရောက်ခဲ့ရာ ရောက်ခါနီးတွင် ယာဉ်တန်းနှင့် အတူပါလာသည့် ရှေ့ကားကို ဝင်တိုက်မိခဲ့ခြင်းဖြစ်သည်။ ယင်းဖြစ်ရပ်ကြောင့် ကစားသမားရှစ်ဦးစလုံး ပွန်းပဲ့ဒဏ်ရာ ရခဲ့ပြီး ကစားသမားနှစ်ဦးမှာ နှစ်ရက်ခန့် အနားယူရမည်ဖြစ်သည်။ ဆီးဂိမ်း Squash ပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်က စတင်ကျင်းပလျက်ရှိပြီး မြန်မာကစားသမားများ၏ ပွဲစဉ်အချို့ကို အချိန်ပြောင်းလဲပေးခြင်း၊ ဒဏ်ရာရသည့် ကစားသမားအချို့နေရာတွင် အစားထိုးလဲလှယ်ခြင်းများ ပြုလုပ်ခွင့်ပေးခဲ့သည်။ ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအသင်းအား တင်ဆောင်လာသည့်ယာဉ်နှင့် ထိုင်း၊ ဖိလစ်ပိုင်အသင်းတို့ကို တင်ဆောင်လာသည့် မော်တော်ယာဉ်တို့မှာ ယာဉ်ထိန်းရဲဖြင့် ရှေ့ဆင့်နောက်ဆင့် သွားရောက်ခဲ့ပြီး ပြိုင်ပွဲကျင်းပမည့်ကွင်းသို့ ရောက်ခါနီးတွင် ယင်းကဲ့သို့ဖြစ်ရပ် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

"ကစားသမားရှစ်ဦးလုံး ဒဏ်ရာရခဲ့ပေမယ့် ပွန်းပဲ့တာမျိုးပါ။ နှစ်ယောက်တော့ နည်းနည်းပိုပြင်းထန်ပြီး နှစ်ရက်လောက်နားရမှာပါ။ ရှေ့ကားက အရှိန်လျှော့တာကို ကျွန်မတို့ လိုက်ပါလာတဲ့ကားက အရှိန်မထိန်းနိုင်လို့ နောက်ကဝင်တိုက်သွားတာပါ" ဟု မြန်မာ Squash အသင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**သတင်း-စိုးညွန့် (ခေတ္တ-မလေးရှား)**

❑ *ကျောဖုံးမှ*

ယင်းပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် မြတ်သက်စုဝေဖြိုးမှာ အဆင့် (၄) နေရာသာ ရခဲ့သည်။ အမျိုးသား ချန်းစုပြိုင်ပွဲတွင် မင်းခန့်ဇော်၊ အမျိုးသားကွန့်စုနှင့် တောင်းစုပြိုင်ပွဲ နှစ်ခုပေါင်းတွင် မျိုးမင်းကြီးတို့ ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

ညနေပိုင်းပွဲစဉ်များတွင် အမျိုးသားနန်းကွန့်ပြိုင်ပွဲ၌ မြန်မာဝူရှူးလက်ရွေးစင် ကစားသမား သိန်းသန်းဦးသည် နန်းတောင်းနှင့်နန်းကွန့်ပြိုင်ပွဲ နှစ်ခုပေါင်းတွင် ရွှေတံဆိပ် ရယူနိုင်ခဲ့သည်။ သိန်းသန်းဦးသည် ယမန်နေ့က ယှဉ်ပြိုင်သည့် နန်းတောင်းပြိုင်ပွဲတွင် ၉ ဒသမ ၆၇ မှတ်၊ ယနေ့ယှဉ်ပြိုင်သည့် နန်းကွန့်ပြိုင်ပွဲတွင် ၉ ဒသမ ၆၇ မှတ်ဖြင့် နှစ်ရက်ပေါင်း ၁၉ ဒသမ ၃၄ မှတ်ဖြင့် ရွှေဆုရခဲ့ပြီး ဗီယက်နမ်က ငွေတံဆိပ်၊ မလေးရှားက ကြေးတံဆိပ်ရခဲ့သည်။ မြန်မာဝူရှူးအဖွဲ့သည် ယနေ့ပွဲအပြီးတွင် ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးတစ်ခုရရှိခဲ့ပြီး နောက်ဆုံးနေ့ကို ယနေ့ ဆက်လက်ကျင်းပမည်ဖြစ်သည်။



(၂၉) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာနှင့် မလေးရှား အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးပွဲကို ဩဂုတ် ၂၁ ရက် ညက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ မြို့တော်ခန်းမရှေ့တွင် LED ပရိုဂျက်တာများဖြင့် တိုက်ရိုက်ပြသရာ ဘောလုံးဝါသနာရှင်ပရိသတ်များ ကြည့်ရှုအားပေးစဉ်

ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

## (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဆုတံဆိပ်ရရှိမှုအခြေအနေ (၂၁-၈-၂၀၁၇) အထိ

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မလေးရှား | ၂၃ | ၁၉ | ၁၅ | ၅၇ |
| ၂ | စင်ကာပူ | ၁၃ | ၁၂ | ၁၁ | ၃၆ |
| ၃ | ဗီယက်နမ် | ၈ | ၅ | ၉ | ၂၂ |
| ၄ | အင်ဒိုနီးရှား | ၇ | ၁၀ | ၁၄ | ၃၁ |
| ၅ | ထိုင်း | ၆ | ၈ | ၁၀ | ၂၄ |
| ၆ | ဖိလစ်ပိုင် | ၃ | ၆ | ၆ | ၁၅ |
| ၇ | မြန်မာ | ၃ | ၂ | ၁ | ၆ |
| ၈ | လာအို | ၀ | ၁ | ၁ | ၂ |
| ၉ | ဘရူနိုင်း | ၀ | ၀ | ၄ | ၄ |
| ၁၀ | ကမ္ဘောဒီးယား | ၀ | ၀ | ၃ | ၃ |
| ၁၁ | တီမောလက်စ်တေ | ၀ | ၀ | ၀ | ၀ |

**ဖခင်အမည်မှန်**

ကျုံပျော်မြို့နယ် အထက(အထောင်) တက္ကသိုလ်ဝင်တန်း(B)မှ မကေဇင်ဖူး၏ ဖခင် အမည်မှန်မှာ ဦးသန့်စင်ထွန်း ၁၄/ကပန(နိုင်)၁၇၇၄၈၆ ဖြစ်ပါသည်။

**ဦးသန့်စင်ထွန်း**

**ဖခင်အမည်မှန်**

ကျုံပျော်မြို့နယ် အထက(အထောင်) တတိယတန်း(A)မှ မောင်ကျော်ဇင်မျိုး၏ ဖခင်အမည်မှန်မှာ ဦးသန့်စင်ထွန်း ၁၄/ကပန(နိုင်)၁၇၇၄၈၆ ဖြစ်ပါသည်။

**ဦးသန့်စင်ထွန်း**

**အမည်မှန်**

ကျုံပျော်မြို့နယ်၊ ကုန်းမဲဇလီကျေးရွာနေ မန်းအောင်ညွှန့်-ဒေါ်အုန်းကြည်တို့၏ သမီး နန့်ဂေးစိန်၏ အမည်မှန်မှာ ဒေါ်ဂေးစိန် ၁၄/ကပန(နိုင်)၀၆၄၁၀၅ ဖြစ်ပါသည်။

**ဒေါ်ဂေးစိန်**

**ဖခင်အမည်မှန်**

ရွှေဘိုမြို့ အထက(၂)တက္ကသိုလ်ဝင်တန်း(B)မှ မောင်သန့်ဇေအောင် ၅/ခဥန(နိုင်)၁၄၂၂၃၄၏ ဖခင်အမည်မှန်မှာ ဦးထွန်းဦး ၅/ခဥန(နိုင်)၀၂၄၈၂၆ ဖြစ်ပါကြောင်း။

**ဦးထွန်းဦး**

**ဖခင်အမည်မှန်**

ကျွန်းလှမြို့နယ် အထက(ခွဲ)ရေရှင် တက္ကသိုလ်ဝင်တန်းမှ မမြသဥ္ဇာမော် ၅/ကလန(နိုင်)၀၇၃၂၃၁၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်လင်း ၅/ကလန(နိုင်)၀၃၈၁၃၀ ဖြစ်ပါကြောင်း။

**ဦးအောင်နိုင်လင်း**

**ဖခင်အမည်မှန်**

အထက(၁)ဟုမ္မလင်း ကျောင်းဝင်အမှတ်(၁၂၄၅၈) တက္ကသိုလ်ဝင်တန်း(G)မှ မောင်ရဲမြင့်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး(ခ)ဦးမျိုးကျော် ၅/ဟမလ(နိုင်)၀၅၂၂၀၅ ဖြစ်ပါကြောင်း။

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၆-၈-၂၀၁၇ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ ၂၆တွင်ပါရှိ သော ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာတွင် ဒုတိယဗိုလ်ချုပ်မှူး ကြီးလွင်စိုးအစား ဒုတိယဗိုလ်မှူးကြီးလွင်စိုးဟု ပြင်ဆင်ဖတ်ရှုပါရန်။

**မွေးသက္ကရာဇ် အမှန်**

ဦးခင်မောင်ကျော်၏ သမီး နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ အထက(၁၉) စတုတ္ထတန်း(ခ)မှ မအိခွန်းချိုသာ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုစာရင်း(ပုံစံ-၆၆)အရ ၁၁-၁၁-၂၀၀၇ဖြစ်ပါကြောင်း။

**CLAIMS DAY NOTICE**

**M.V DREAM DIAMOND VOY:N0(1)**

Consignees of cargo carried by M.V DREAM DIAMOND VOY:No(1) are here by notified that the vessel will arrive on about 23-8-2017 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ပျောက်ဆုံးကြောင်းကြေငြာခြင်း**

**High-Tech Princess Services Co.,Ltd ၏**

Import Declaration 744127, Customs Statement 43624,

Import Declaration 755131 , Customs Statement 68741

ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်

**PH : 09 250004282**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄)ရပ်ကွက်၊ နဝရတ်၄လမ်း၊ အမှတ် ၁၁၄၇၊ ဧရိယာ ပေ(၂၀×၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ တစ်ထပ်တိုက် အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်ဝင်းဝင်းသန်း ၁၂/တမန(နိုင်)၀၃၄၇၀၉ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသီဟကျော်(ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ(စဥ်-၃၄၈၆၀)**
**(ရုံး)ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**
**ဖုန်း-၀၉-၄၂၁၀၂၅၁၅၈**





# မလျော်မကန်လုပ်သော အရာရှိများကို ဖော်ထုတ်အရေးယူမည်ဖြစ်ကြောင်း ဒူတာတေးပြော

**မနီလာ ဩဂုတ် ၂၂**

အစိုးရ၏မူးယစ်နှိမ်နင်းရေး စစ်ဆင်မှုများကိုခုတုံးလုပ်ပြီး မလျော်မကန်ပြုလုပ်မှုများရှိကြောင်း ဖိလစ်ပိုင်သမ္မတ ရိုဒရီကို ဒူတာတေးက ဩဂုတ် ၂၂ ရက်ကပြောခဲ့သည်။ ထို့အပြင် လွန်ခဲ့သောရက်သတ္တပတ်က အထက်တန်းကျောင်းတက်နေသူ တစ်ဦး သေဆုံးခဲ့မှုတွင်ပါဝင်ခဲ့သော အရာရှိများအား ဖမ်းဆီးထိန်းသိမ်းမှုများပြုလုပ်ရန်အတွက် ရဲတပ်ဖွဲ့အား ဒူတာတေးက လမ်းညွှန်ချက်များပေးခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သမ္မတအိမ်တော်၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဖိလစ်ပိုင်သမ္မတဒူတာတေးက အဆိုပါ မလျော်မကန် ပြုလုပ်သူများကို ခွင့်လွှတ်ပေးမည်မဟုတ်ကြောင်း၊ ရဲအရာရှိများအနေဖြင့်လည်း ၎င်းတို့၏ လုပ်ရပ်အကျိုးဆက်ကို ခံစားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရဲဘက်ဆိုင်ရာဖြစ်စဉ်များတွင် မလျော်မကန်ဖြစ်ရပ်များ ရှိနေသည်မှာ ဖြစ်နိုင်သောကိစ္စတစ်ခုဖြစ်ကြောင်း ဖိလစ်ပိုင် သမ္မတဒူတာတေးက ပြောကြားခဲ့သည်။

အဆိုပါမလျော်မကန်လုပ်ရပ်များကို လုပ်ဆောင်နေသော ရဲအရာရှိများသည် နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အစိုးရ၏ ဂုဏ်သိက္ခာကို ထိခိုက်ပျက်စီးစေကြောင်း ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ဆက်လက်ပြောကြားခဲ့သည်။ ဂုဏ်သိက္ခာကင်းမဲ့သော အစိုးရနောက်သို့ မည်သည့်နိုင်ငံသားတွေကလိုက်မှာလဲဟု ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။

(ရိုက်တာ)

## တောင်ကိုရီးယား၌ ရေနံတင်သင်္ဘောတစ်စင်း မီးလောင်ပေါက်ကွဲ

**ဆိုးလ် ဩဂုတ် ၂၁**

တောင်ကိုရီးယားနိုင်ငံ တောင်ပိုင်း ဂျီဆန် ပြည်နယ် ချင်းဝန်မြို့ရှိ အက်စ်တီ အိတ်ချ် သင်္ဘောတည်ဆောက်ရေး သင်္ဘောကျင်း ၌ ယမန်နေ့က ရေနံတင်သင်္ဘော တစ်စင်းမီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ ကြောင်း ယွန်ဟပ်သတင်းအေဂျင်စီက မကြာသေးမီတွင် ဖော်ပြခဲ့သည်။

ရေနံတင်သင်္ဘောတစ်စင်း မီး လောင်ပေါက်ကွဲမှုသည် ဆိုးလ်မြို့မှ အရှေ့တောင်ဘက် ၄၅၀ ကီလိုမီတာအကွာရှိ ချန်ဝန်မြို့၌ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၃၇မိနစ်တွင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ပေါက်ကွဲမှုကြောင့် အနက် ၁၂မီတာရှိ ရေနံတင်သင်္ဘောကိုယ်ထည်အတွင်း ဆေးသုတ်နေသော သင်္ဘောသားများ မီးလောင်ကျွမ်းခဲ့ကြောင်း တောင်ကိုရီးယားအမျိုးသား မီးသတ်အေဂျင်စီ၏ပြောကြားချက်ကို ကိုးကားကာ ယွန်ဟပ်သတင်းအေဂျင်စီကဖော်ပြခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းခဲ့သော ရေနံတင်သင်္ဘောပေါ်တွင် ကုန်ပစ္စည်းတန်ချိန် ၇၄၀၀၀ ဝင်ဆံ့ကြောင်း သိရသည်။ ယခုအခါတွင် မီးလောင်ပေါက်ကွဲရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက် ရှိကြောင်း သိရသည်။

(ဆင်ဟွာ)

## အမေရိကန်စစ်သင်္ဘောတစ်စင်း ရေနံတင်သင်္ဘောနှင့်တိုက်မိပြီး သင်္ဘောသားများပျောက်ဆုံး

**စင်ကာပူ ဩဂုတ် ၂၁**

စင်ကာပူအရှေ့ဘက်ကမ်းခြေအနီး၌ တနင်္လာနေ့ နံနက်အစောပိုင်းက အမေရိကန်စစ်သင်္ဘောတစ်စင်းနှင့် ရေနံတင်သင်္ဘောတစ်စင်းတို့ ခေါင်းချင်းဆိုင်တိုက်မိခဲ့ရာ သင်္ဘော၏ဘေးဘက်အခြမ်းတွင် ပျက်စီးသွားခဲ့ပြီး သင်္ဘောသားများ အိပ်စက်သည့်နေရာများပါဝင်သည့် အခန်းငယ်များ ရေနစ်မြုပ်သွားခဲ့ကြောင်း အမေရိကန်ရေတပ်ကပြောကြားခဲ့သည်။

USS John S.Mc Cain ဖျက်သင်္ဘောနှင့် Alnic MC ရေနံတင်သင်္ဘောတို့ တိုက်မိမှုသည် အာဆီယံရေပိုင်နက်အတွင်း၌ အမေရိကန်ရေတပ် ဖျက်သင်္ဘောနှင့် ကုန်တင်ရေယာဉ်တစ်စင်းတို့ တိုက်မိမှုဖြစ်ပွားခဲ့ပြီး နှစ်လကျော်အကြာတွင် ဒုတိယအကြိမ်ထပ်မံဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်စစ်သင်္ဘောသည် စင်ကာပူသို့ဦးတည်ခုတ်မောင်းလာစဉ် သင်္ဘောနှစ်စင်းတိုက်မိခဲ့ကြခြင်းဖြစ်ကြောင်း ရေတပ်ကဖော်ပြခဲ့သည်။



မလက္ကာရေလက်ကြားတွင် မတော်တဆ တိုက်မိမှုဖြစ်ပွားခဲ့သော အမေရိကန်ဖျက်သင်္ဘော ဂျွန်အက်စ်မက်ကိန်းအားတွေ့ရစဉ်

သင်္ဘောနှစ်စင်းတိုက်မိပြီးနောက် ဂျွန်အက်စ်မက်ကိန်း ဖျက်သင်္ဘော၏ ဘေးဘက်တွင် ထိခိုက်ပျက်စီးသွားခဲ့ပြီး လတ်တလောတွင် သင်္ဘောသား ၁၀ ဦး ပျောက်ဆုံးလျက်ရှိပြီး ငါးဦးမှာထိခိုက်ဒဏ်ရာရရှိထားကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားခဲ့သော်လည်း ဖျက်သင်္ဘောသည် ဆိပ်ကမ်းသို့ ဆိုက်ကပ်နိုင်ရန် ဆက်လက်မောင်းနှင်ထွက်ခွာခဲ့ကြောင်း သိရသည်။ လတ်တလောတွင် ရေနံတင်သင်္ဘော၏ အခြေအနေကို မသိရသေးကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူများအနက် လေးဦးကို ရဟတ်ယာဉ်ဖြင့်ကယ်ဆယ်ခဲ့ပြီး စင်ကာပူဆေးရုံသို့ပို့ဆောင်ခဲ့ကာ ဒဏ်ရာပြင်းထန်မှုမရှိကြောင်း ရေတပ်က ပြောကြားခဲ့သည်။ စစ်သင်္ဘောနှင့် အခြားယာဉ်ကြီးများတိုက်မိမှုသည် ရှားပါးသော ကိစ္စရပ်ဖြစ်ကြောင်း သိရသည်။

ပျောက်ဆုံးနေသောသင်္ဘောသားများအား ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို စင်ကာပူသင်္ဘောများ၊ ဟယ်လီကော်ပတာများ၊ တွန်းသင်္ဘောများနှင့် အမေရိကန်ရေတပ်လေယာဉ်များအသုံးပြုလျက် ကြိုးစားလုပ်ဆောင်နေကြောင်း သိရသည်။

(ရိုက်တာ)

# အမေရိကန်နှင့် တောင်ကိုရီးယား ပူးတွဲစစ်ရေးလေ့ကျင့်မှုများစတင်

**ဆိုးလ် ဩဂုတ် ၂၁**

မြောက်ကိုရီးယားနှင့်တင်းမာမှုများ မြင့်တက်လာချိန်တွင် အမေရိကန်နှင့်တောင်ကိုရီးယား အင်အားစုများသည် နှစ်စဉ်ပြုလုပ်မြဲဖြစ်သည့် နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုများကို စတင်ဆောင်ရွက်ခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဩဂုတ် ၃၁ ရက်မတိုင်မီအထိကြာမြင့်မည့် Ulchi -Freedom Guardian စစ်ရေးလေ့ကျင့်မှုများကို တောင်ကိုရီးယားနိုင်ငံ၌ တနင်္လာနေ့မှ စတင်ကာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင်ပြုလုပ်သည့်စစ်ရေးလေ့ကျင့်မှုများသည် အဓိကအားဖြင့် ကွန်ပျူတာပိုင်းဆိုင်ရာ လှုံ့ဆော်မှုများပါဝင်ပြီး ပူးပေါင်းဆောင်ရွက်မှုနှင့် စီမံကွပ်ကဲထိန်းချုပ်မှုကွင်းဆက်များကို စစ်ဆေးနိုင်ရန် ဒီဇိုင်းရေးဆွဲထားသည်ဟု သတင်းရင်းမြစ်များက ဖော်ပြထားသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း တောင်ကိုရီးယားတပ်မတော်မှ တာဝန်ရှိသူ ငါးသောင်းခန့်ပါဝင်ဆောင်ရွက်လျက်ရှိသည်။

အမေရိကန်တပ်မတော်မှတပ်ဖွဲ့ဝင်များပါဝင်မှုမှာ ပြီးခဲ့သည့် နှစ်က ၂၅၀၀၀ ခန့်ပါဝင်ခဲ့ရာမှ ယခုနှစ်တွင် ၁၇၅၀၀သို့ လျှော့ချခဲ့ကြောင်း သိရသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှုအတွင်း၌ အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်ကိုလျှော့ချလိုက်ခြင်းသည် မြောက်ကိုရီးယားနိုင်ငံနှင့် ဖြစ်ပွားနေသည့် တင်းမာမှုများ ပိုမိုပြင်းထန်လာခြင်းကို ရှောင်ရှားရန်လျှော့ချလိုက်ခြင်းဖြစ်သည်ဟု တောင်ကိုရီးယားသတင်း မီဒီယာတချို့ကထင်ကြေးပေးခဲ့ကြသည်။

(အင်န်အိတ်ချ်ကေ)



# နိုင်ငံတကာ သတင်းတိုထွာ

## တရုတ်နိုင်ငံ မွန်ဂိုမြောက်ပိုင်းတွင် အိမ်တစ်လုံးမီးလောင်ခဲ့ရာ ငါးဦးသေဆုံး

**ဟိုဟော့ ဩဂုတ် ၂၁**

တရုတ်နိုင်ငံမွန်ဂိုမြောက်ပိုင်း၌ ဩဂုတ် ၁၉ ရက်က အိမ်တစ်လုံးမီးလောင်ခဲ့ရာ လူငါးဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ယူလန်ကွတ်ဘ် မီးသတ်ဌာနမှ မီးလောင်မှုသတင်းကို ဒေသစံတော်ချိန် နံနက် ၄ နာရီ ၁၆ မိနစ်တွင် ရရှိခဲ့သည်။ ထို့နောက် တစ်နာရီခွဲကြာပြီးနောက် အဆိုပါမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်ကျွမ်းရသည့်အကြောင်းရင်းအား စုံစမ်းလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

## တောင်ကိုရီးယားစစ်ရေးလေ့ကျင့်မှု တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**ဆိုးလ် ဩဂုတ် ၂၁**

မြောက်ကိုရီးယားနိုင်ငံနှင့် ထိစပ်နေသော အရှေ့ပိုင်းပြည်နယ် နယ်စပ်တွင် တောင်ကိုရီးယားက လက်နက်ကြီးများဖြင့် စစ်ရေးလေ့ကျင့်စဉ် မတော်တဆပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ တောင်ကိုရီးယားတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ပြီး အခြား ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယွန်ဟတ်သတင်းဌာနက ဖော်ပြခဲ့သည်။

မြောက်ကိုရီးယားနှင့် နယ်နိမိတ်ထိစပ်လျက်ရှိသော ဂန်ဝန်ပြည်နယ် ချိုဝန်မြို့ရှိ အမြောက်ပစ်ကွင်း၌ ဒေသစံတော်ချိန် ညနေ ၃ နာရီက မတော်တဆပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာအာဏာပိုင်များ၏ ပြောကြားချက်ကို ကိုးကားကာ အဆိုပါ သတင်းဌာနက ဖော်ပြခဲ့သည်။

လေ့ကျင့်မှုပြုလုပ်စဉ် ဒဏ်ရာရရှိခဲ့သော တပ်ဖွဲ့ဝင် ခုနစ်ဦးကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း တပ်ဖွဲ့ဝင်တစ်ဦးမှာ ဆေးကုသမှုခံယူနေစဉ် သေဆုံးသွားခဲ့ခြင်း ဖြစ်သည်။ မတော်တဆပေါက်ကွဲမှု ဖြစ်ပွားခဲ့ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

## ဘာစီလိုနာအကြမ်းဖက်ဖြစ်စဉ်တွင် ဗင်ကားမောင်းသူသေဆုံးခဲ့သည်ဆိုသည့် သတင်း ရဲတပ်ဖွဲ့အတည်မပြုသေး

**ဘာစီလိုနာ ဩဂုတ် ၂၁**

စပိန်နိုင်ငံ ဘာစီလိုနာမြို့၏ အချက်အချာဖြစ်သော ကမ္ဘာလှည့်ခရီးသွားများဆွဲဆောင်ရာ လက်စ်ရမ်ဘလက်စ်လမ်းပေါ်ရှိ လူအုပ်ထဲသို့ ကားတစ်စီးဖြင့် အကြမ်းဖက်ဝင်တိုက်ခဲ့သော ဗင်ကားမောင်းသမား သေဆုံးခဲ့ပြီဆိုသည့် အစောပိုင်းမီဒီယာဖော်ပြချက်ကို ရဲတပ်ဖွဲ့က အတည်မပြုသေးကြောင်း သိရသည်။

မူဆာအောက်ကဘာအမည်ရှိ အဆိုပါ ဗင်ကားမောင်းသမားသည် လူအုပ်ကြားထဲသို့ ဗင်ကားဖြင့်ဝင်တိုက်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့က အပူတပြင်း လိုက်လံပစ်ခတ်နှိမ်နင်းရာ ဩဂုတ် ၁၈ ရက်တွင် ၎င်းကို ကာတလန်ပင်လယ် အပန်းဖြေစခန်းတွင် ပစ်ခတ်သတ်ဖြတ်နိုင်ခဲ့ကြောင်း ပြည်တွင်းမီဒီယာတစ်ခုဖြစ်သော အယ်လ်အက်စ်ပန်နော်က ဖော်ပြခဲ့သည်။ ယင်းသတင်းဖော်ပြချက်အပေါ် စပိန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသ ကက်တလိုးနီးယား ရဲတပ်ဖွဲ့အကြီးအကဲက ဗင်ကားမောင်းသမားမှာ သေဆုံးသူငါးဦးထဲတွင် မပါနိုင်သေးကြောင်း ပြောခဲ့သည်။

ဘာစီလိုနာအကြမ်းဖက်ဖြစ်စဉ်ကြောင့် သေဆုံးသူအရေအတွက်မှာ ၁၅ ဦးအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။ **(ရိုက်တာ)**

# အဆိပ်သင့်ရန်နီးကပ်လာသည့် သယံဇာတများ

**ကလျာမိုးမြင့်**

**အိန္ဒိယနိုင်ငံမွမ်ဘိုင်းမှာ ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းက လူပြောများတဲ့အကြောင်းအရာတစ်ခု ဖြစ်သွားခဲ့ပါတယ်။ ဆွတ်ဆွတ်ဖြူနေတဲ့ ခွေးတစ်ကောင်ဟာ ကာဆာဒီမြစ်ထဲကို ရေဆင်းကူးပြီး ပြန်တက်လာတဲ့အခါမှာ တစ်ကိုယ်လုံးအပြာရောင်အဖြစ် ပြောင်းလဲသွားခဲ့တာပါ။အဲဒီရက်ပိုင်း အပြာရောင်ခွေးလေးရဲ့ပုံရိပ်ဟာ လူမှုကွန်ရက်စာမျက်နှာတွေမှာ ပျံ့နှံ့နေခဲ့ပါတယ်။**



အိန္ဒိယနိုင်ငံရဲ့ ရေထုညစ်ညမ်းမှုဟာ ဘယ်အတိုင်းအတာအထိ ရောက်နေပြီလဲဆိုတာကို အပြာရောင်ခွေးလေးတစ်ကောင်က ထင်ဟပ်ပြလိုက်သလိုပါပဲ။ ဒီအကြောင်းအရာက လူတော်တော်များများကို တုန်လှုပ်သွားစေခဲ့ပါတယ်။ နာဗီမွမ်ဘိုင်းမြို့ရဲ့ တာလိုဂျာစက်မှုဇရိယာအနီးမှာ ကျင်လည်ကျက်စားနေတဲ့ ခွေးတစ်ကောင်ဟာ ကာဆာဒီမြစ်ထဲ ဆင်းခဲ့ပါတယ်။ စက်ရုံကထွက်လာတဲ့ စွန့်ပစ်ပစ္စည်းတွေကို ကာဆာဒီမြစ်ထဲကို စွန့်ပစ်လိုက်ခြင်းကယင်းကို အပြာရောင်ခွေးတစ်ကောင်အဖြစ် အရောင်ပြောင်းသွားစေခဲ့တာပါ။

နာဗီမွမ်ဘိုင်း မြူနီစီပယ်ကော်ပိုရေးရှင်းက ပြုလုပ်ခဲ့တဲ့ ရေအရည်အသွေးစစ်ဆေးစမ်းသပ်မှုအရ အမှိုက်သရိုက်နဲ့ စွန့်ပစ်ရေဆိုးတွေကို ပြန်လည်သန့်စင်အောင် ပြုပြင်ဆောင်ရွက်နေတာဟာ လုံလောက်မှုမရှိတော့ဘူးလို့ သိရပါတယ်။ ရေထဲက သက်ရှိသတ္တဝါတွေ လုံလောက်စွာ အသက်ရှင်နေထိုင်နိုင်ဖို့အတွက် ရေတစ်လီတာမှာ အောက်ဆီဂျင် ၈၀ ရာခိုင်နှုန်း ပါဝင်ဖို့ လိုအပ်ပါတယ်။ အဆိပ်ဖြစ်စေတဲ့ ကလိုရိုက်ပါဝင်မှုပမာဏ များပြားလာတဲ့အခါ အပင်တွေ၊ ရေနေသတ္တဝါတွေနဲ့ တောရိုင်းတိရစ္ဆာန်တွေ သေဆုံးမှုပမာဏလည်း မြင့်တက်လာပါတယ်။

မြစ်အနီးမှာရှိနေတဲ့ တာလိုဂျာစက်မှုဇရိယာထဲမှာ ဆေးဝါးစက်ရုံ၊ စားသောက်ကုန်ထုတ်လုပ်ရေးစက်ရုံနဲ့ စက်မှုလုပ်ငန်းဆိုင်ရာစက်ရုံပေါင်း ၁၀၀၀ နီးပါးလောက်အထိရှိနေပြီး ညစ်ညမ်းနေပြီဖြစ်တဲ့ ရေထုဟာ လူတွေရဲ့ ကျန်းမာရေးကိုပါ ထိခိုက်လာနိုင်ဖွယ်ရာ ရှိနေပါတယ်။ လေထုနဲ့ ရေထုညစ်ညမ်းမှုဆိုင်ရာ ဗဟိုထိန်းချုပ်ရေးဘုတ်အဖွဲ့ရဲ့ လမ်းညွှန်ချက်တွေအရ ရေတစ်လီတာမှာ အောက်ဆီဂျင် ၆ မီလီဂရမ်နဲ့အထက် လိုအပ်လာခဲ့မယ်ဆိုပါက ငါးတွေ သေဆုံးနိုင်ပြီး သုံးမီလီဂရမ်ထက်ပိုပြီး လိုအပ် လာရင်တော့ လူတွေသောက်သုံးဖို့ရော သုံးစွဲဖို့ပါ မသင့်တော့ပါဘူး။

ပြုပြင်ထားခြင်းမရှိတဲ့ စက်ရုံထွက်စွန့်ပစ်ပစ္စည်းတွေဝင်ရောက်လာမှုက ကာဆာဒီမြစ်ထဲက ရေထုကို ဘေးကင်းစေတဲ့ ကန့်သတ်ပမာဏ ထက်ကျော်လွန်ပြီး ၁၃ ဆလောက် ညစ်ညမ်းသွားစေခဲ့တာဖြစ်တယ်လို့ ဟင်ဒူစတန်တိုင်းမ် သတင်းစာမှာ ဖော်ပြခဲ့ပါတယ်။

နှစ်တွေကြာတဲ့အထိ နာဗီမွမ်ဘိုင်းမြူနီစီပယ်ကော်ပိုရေးရှင်းသို့ မရေမတွက်နိုင်တဲ့ တိုင်ကြားစာတွေ ရောက်လာခဲ့ပြီးနောက်မှာ ကာဆာဒီမြစ်ထဲက အနံ့ဆိုးတွေ လျော့ကျသွားခဲ့ပါတယ်။ သို့သော်လည်း ရေထုညစ်ညမ်းမှုပမာဏကတော့ အကြီးအကျယ် ဆက်လက်မြင့်တက်လာနေခဲ့ပြီး ရေထဲမှာ အောက်ဆီဂျင်ပျော်ဝင်မှုနှုန်းကလည်း မပြောပလောက်တဲ့ ပမာဏပဲရှိတော့တယ်။ ပြီးခဲ့တဲ့နှစ်က လေ့လာမှုပြုလုပ်ခဲ့တဲ့ ဒေသဆိုင်ရာငါးဖမ်းအဖွဲ့မှ အသင်းဝင်တစ်ဦးဖြစ်တဲ့ ယိုဂက်ရှ် ပဂါဒီးက ပြောပြခဲ့ပါတယ်။

ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်းက နာဗီမွမ်ဘိုင်း တိရစ္ဆာန်များကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဟာ တစ်ကိုယ်လုံးဆေးဆိုးခံလိုက်ရသလိုမျိုး အပြာရောင်ပြောင်းသွားတဲ့ ခွေးတစ်ကောင်ကို ဓာတ်ပုံရိုက်ပြီး မှတ်တမ်းယူခဲ့ကြပါတယ်။ ပြီးတော့ စက်ရုံကတာဝန်ရှိသူတွေဟာ ဆိုးဆေးတွေကို မြစ်ထဲကို တိုက်ရိုက်စွန့်ပစ်နေကြတဲ့အတွက် အဲဒီနေရာအတွင်းမှာရှိနေတဲ့ တိရစ္ဆာန်တွေဟာ ရေထုညစ်ညမ်းမှုဒဏ်ကို ခံစားနေကြရတယ်လို့ ရေးသားဖော်ပြထားတဲ့ တိုင်ကြားစာတစ်စောင်ကို မဟာရတ်ရှ်ထရာ လေထုနှင့် ရေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဘုတ်အဖွဲ့ (MPCB)နဲ့အတူ အချက်အလက်စုစည်းပြီး ဖိုင်တွဲခဲ့ပါတယ်။

"အဖြူရောင်ဆွတ်ဆွတ်ကနေ လုံးဝအပြာရောင် ပြောင်းသွားတဲ့ ခွေးတစ်ကောင်ကို မြင်လိုက်ရတာဟာ ထိတ်လန့်တုန်လှုပ်စရာ မြင်ကွင်းတစ်ခုပါပဲ။ ဒီနားမှာ အဲဒီလို အရောင်ပြောင်းသွားတဲ့ ခွေးလေးငါးကောင်လောက်ရှိတာကို ကျွန်တော်တို့ သတိထားမိတယ်။ ပြီးတော့ အခုလိုဖြစ်အောင် လုပ်ခဲ့တဲ့ စက်ရုံတွေကို အရေးယူဆောင်ရွက်ပေးဖို့ ရေထုညစ်ညမ်းမှု ထိန်းချုပ်ရေးဘုတ်အဖွဲ့ကို တောင်းဆိုခဲ့တယ်"လို့ တိရစ္ဆာန်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့မှာ ပါဝင်လှုပ်ရှားနေတဲ့ ဒေသခံ အာရတီချော်ဟန်က ဆိုပါတယ်။

**လေထုနဲ့ ရေထုညစ်ညမ်းမှုဆိုင်ရာ ဗဟိုထိန်းချုပ်ရေးဘုတ်အဖွဲ့ရဲ့ လမ်းညွှန်ချက်တွေအရ ရေတစ်လီတာမှာ အောက်ဆီဂျင် ခြောက်မီလီဂရမ်နဲ့အထက် လိုအပ်လာခဲ့မယ်ဆိုပါက ငါးတွေသေဆုံးနိုင်ပြီး သုံးမီလီဂရမ်ထက်ပိုပြီး လိုအပ်လာရင်တော့ လူတွေသောက်သုံးဖို့ရေ သုံးစွဲဖို့ပါ မသင့်တော့ပါဘူး။**

(MPCB)အဖွဲ့ကတော့ တိုင်ကြားထားတာတွေနဲ့ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်မှုပြုလုပ်နေပြီလို့ ဖြေကြားထားပါတယ်။ ဆိုးဆေးကို ဘယ်ရေထုထဲမှာဖြစ်ဖြစ် စွန့်ပစ်တာဟာ တရားဥပဒေနဲ့ မညီပါဘူး။ ဒီလိုလုပ်တာဟာ သဘာဝပတ်ဝန်းကျင်ကို ဖျက်ဆီးနေတာပါပဲ။ အခုလို ရေထုကို ညစ်ညမ်းစေတဲ့သူတွေကို ထိထိရောက်ရောက် အရေးယူသွားမယ်လို့ (MPCB) အဖွဲ့မှ ဒေသဆိုင်ရာ အာဏာပိုင်တစ်ဦးက ပြော



ကြားပါတယ်။ ဒီအတွက် စုံစမ်းစစ်ဆေးဖို့ အဲဒီဒေသနဲ့သက်ဆိုင်တဲ့ အဖွဲ့ရဲ့ တာဝန်ရှိသူတွေကိုလည်း တိုက်ရိုက်ညွှန်ကြားထားပြီး ဖြစ်တယ်လို့ ဆိုပါတယ်။

သို့သော်လည်း တိရစ္ဆာန်များအခွင့်အရေး တက်ကြွလှုပ်ရှားသူတွေကတော့ ရေထုညစ်ညမ်းမှုနဲ့ပတ်သက်ပြီး အရေးယူဆောင်ရွက်တာတွေဟာ သိပ်ကို အချိန်နှောင်းသွားပြီလားဆိုတာကို သိလိုစိတ်ပြင်းပြနေကြပါတယ်။ "ကျွန်တော်တို့သတိထားမိတာဟာ အပြာရောင်ပြောင်းနေတဲ့ ခွေးတွေလောက်ပဲ ရှိပါသေးတယ်။ ရေထုအပြင် လေထဲကို ရောက်ရှိသွားနိုင်တဲ့ ဆိုးဆေးတွေကြောင့် ငှက်တွေ၊ တွားသွားသတ္တဝါတွေနဲ့ တခြားသက်ရှိတွေကို ထိခိုက်စေခဲ့ပြီးလား ဒါမှမဟုတ် သေကုန်ပြီလား ဆိုတာကိုတောင် မသိရသေးပါဘူး"လို့ ချော်ဟန်က ဖွင့်ဟခဲ့ပါတယ်။

ရေထုညစ်ညမ်းနေတဲ့ဧရိယာတွေမှာ စစ်တမ်းကောက်ယူမှုပြုလုပ်ခဲ့တဲ့ (MPCB) အာဏာပိုင်တွေက တာလိုဂျာ ရေဆိုးသန့်စင်စက်ရုံရဲ့ ဘေးချင်းကပ်မှာရှိနေတဲ့ ပုဂ္ဂလိကကုမ္ပဏီတစ်ခုဟာ ချေးချွတ်ဆေးနဲ့ တခြားအရာတွေ များစွာအတွက် အပြာရောင်ဆိုးဆေးတွေကို သုံးနေတယ်လို့ ပြီးခဲ့တဲ့သောကြာနေ့က ပြောကြားခဲ့ပါတယ်။ ခွေးလေးငါးခြောက်ကောင်လောက်ဟာ အဲဒီနေရာတွေထဲမှာ အစာရှာဖွေစားသောက်ဖို့ သွားလာခဲ့ပြီး အပြာရောင်ပြောင်းပြီး ပြန်ထွက်လာကြတယ်။ အဲဒီနေရာထဲမှာ ဘယ်တိရစ္ဆာန်မှ ထပ်ပြီး ဝင်ရောက်မလာစေဖို့နဲ့ အခုလိုဆိုးဆေးတွေကို နမော်နမဲ့ စွန့်ပစ်နေတာမျိုး နောက်ဘယ်တော့မှ ထပ်ဖြစ်မလာစေဖို့ ကုမ္ပဏီပိုင်ရှင်တွေကို ပြင်းပြင်းထန်ထန် သတိပေးခဲ့တယ်လို့ (MPCB) ရဲ့ ဒေသဆိုင်ရာတာဝန်ခံအရာရှိ ဂျရာဗန်ဟာဂျာရီက ပြောပြခဲ့ပါတယ်။

ကုမ္ပဏီကစွန့်ပစ်ခဲ့တဲ့ ဆိုးဆေးတွေကိုလည်း ချက်ချင်းဖယ်ရှားရှင်းလင်းပစ်ဖို့ ပြောခဲ့ပါတယ်။ အဲဒီဧရိယာတစ်ဝိုက်က ညစ်ညမ်းနေတာတွေကို တစ်ပတ်အတွင်း အပြီးဖယ်ရှားရှင်းလင်းဖို့ ကုမ္ပဏီတွေကို သတိပေးခဲ့တယ်လို့ သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဩဂုတ်လတုန်းက ငါးဖမ်းလုပ်သားတွေဟာ မြစ်ရေညစ်ညမ်းမှုကြောင့် ငါးသယံဇာတတွေထိခိုက်မှာကို အကြီးအကျယ် စိုးရိမ်ခဲ့ကြပါတယ်။ ရေဆိုးသန့်စင်စက်ရုံတွေက ထုတ်လွှတ်တဲ့ နမူနာပုံစံတွေကို စုစည်းခဲ့ကြရာမှာ စက်ရုံ ၃၀၀ လောက်က သူတို့ရဲ့စွန့်ပစ်အညစ်အကြေးတွေကို သန့်စင်အောင် ပြုပြင်ဆောင်ရွက်ဖို့ ကြိုးစားခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီတော့ စွန့်ပစ်အညစ်အကြေးတွေကို သန့်စင်အောင် ထိန်းသိမ်းတာဟာ မလုံလောက်တော့ဘူးဆိုတဲ့ အချက်ကို ပြသနေပါတယ်။

သတင်းအချက်အလက်ရယူပိုင်ခွင့်နဲ့အညီ အစိုးရမဟုတ်သော စောင့်ကြည့်ရေး ဖောင်ဒေးရှင်းအဖွဲ့တစ်ဖွဲ့က ရယူခဲ့တဲ့အချက်အလက်တွေအရ မွမ်ဘိုင်းမြို့ရဲ့အပြင်ဘက် ဧကပေါင်း ၂၁၅၇ ဧက လောက်အထိနေရာယူထားတဲ့ တာလိုဂျာစက်မှုဇရိယာအတွင်းမှာ ဓာတုစက်ရုံ၊ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ၊ စက်မှုလုပ်ငန်းသုံးပစ္စည်းစက်ရုံနဲ့ စားသောက်ကုန်ထုတ်လုပ်ရေးစက်ရုံ စုစုပေါင်း ၉၇၇ ခု ရှိနေပါတယ်။ ဒီစက်ရုံတွေမှာ အလုပ်လုပ်ကိုင်နေကြတဲ့ လူပေါင်း ၇၆၀၀၀ လောက်ရှိပါတယ်။ ဓာတု၊ ဆေးဝါးနဲ့ စားသောက်ကုန်တွေကို အများဆုံးထုတ်လုပ်ပေးနေတဲ့ အသေးစားနဲ့ အလတ်စားစက်ရုံပေါင်း ၃၄၇ ခုကထွက်လာတဲ့ စက်ရုံထွက် ရေဆိုးတွေကို အများသုံး ရေဆိုးသန့်စင်စက်ရုံ (CETP) မှာ ပြန်လည်သန့်စင်အောင် ပြုပြင်လျက်ရှိပါတယ်။

ရေသယံဇာတတွေကို ထုတ်လုပ်ပေးနေပြီး လူသားတွေအဖို့ အသက်မွေးဝမ်းကျောင်းအတွက်ရော အစားအစာအတွက်ပါ အသက်သွေးကြောသဖွယ် အရေးကြီးလှတဲ့ မြစ်ရေအပါအဝင်၊ ရေထု၊ လေထုနဲ့ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုတွေ ဒီထက်ပိုပြီး ဆိုးရွားမလာစေဖို့ နိုင်ငံသားတိုင်းမှာ တာဝန်ရှိနေပါတယ်။

**(ဟင်ဒူစတန်တိုင်းမ်၊ ဘီဘီစီ)**

# အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

**အခန်း(၄)**

**ခုံအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၄။ ခုံအဖွဲ့သည်ခုံအဖွဲ့သို့ တင်သွင်းလာသော အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုများကို ဥပဒေနှင့်အညီ ကြားနာစစ်ဆေး စီရင်ဆုံးဖြတ်ရမည်။

၁၅။ လွှဲအပ်မှုများအတွက် ဥပဒေကြောင်းနှင့် စပ်လျဉ်း၍ ဖြေရှင်းရမည့်အချက် ရှိ/မရှိ ကြားနာစိစစ်လျက် ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ တင်ပေးသင့်/မသင့် ဆုံးဖြတ်ရမည်။

၁၆။ ခုံအဖွဲ့သည်-

(က) အခွန်အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ လွှဲအပ်မှုတို့နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို တောင်းခံနိုင်သည်။ ယင်းသို့ တောင်းခံပါက အဆိုပါစာရွက်စာတမ်းများကို လက်ဝယ်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် ဌာနအဖွဲ့အစည်းများက တင်ပြရမည်၊

(ခ) အမှုနှင့်သက်ဆိုင်သည့် ပုဂ္ဂိုလ်များကို သက်သေအဖြစ် လာရောက်အစစ်ဆေးခံရန် ဆင့်ဆိုနိုင်သည်။ ဆင့်ဆိုသည့်အခါ လာရောက်ရန်ပျက်ကွက်ပါက တစ်ဖက်သတ်ဆုံးဖြတ်နိုင်သည်၊

(ဂ) ခုံအဖွဲ့သို့ သက်သေခံပစ္စည်းအဖြစ် တင်ပြရန်ခက်ခဲသောအမှုနှင့် သက်ဆိုင်သည့်ပစ္စည်းများကို လိုအပ်ပါက ကွင်းဆင်းကြည့်ရှုနိုင်သည်။ အဆိုပါ ပစ္စည်းများနှင့်စပ်လျဉ်း၍ စာရင်းဇယားများနှင့်သက်ဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၏ တင်ပြချက်အစီရင်ခံစာကိုလည်း သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့ လက်ခံဆောင်ရွက်နိုင်သည်။

၁၇။ (က) ခုံအဖွဲ့သည် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများ၏ မူလဆုံးဖြတ်ချက်များအပေါ် ဥပဒေ၊ အမှုအကြောင်းခြင်းရာပြဿနာများနှင့်အညီ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်းပြုနိုင်သည်။

(ခ) ခုံအဖွဲ့မှ ကြားနာစစ်ဆေးဆုံးဖြတ်သော အမှုများတွင် အမှုကြောင်းခြင်းရာ ပြဿနာနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးသတ်ဖြစ်သည်။

၁၈။ ခုံအဖွဲ့အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် မှတ်ပုံတင်အရာရှိတို့၏ တာဝန်ဝတ္တရားများအား နည်းဥပဒေဖြင့် သတ်မှတ်ရမည်။

**အခန်း(၅)**

**ကိုယ်စားလှယ်လွှဲအပ်ခြင်း**

၁၉။ (က) ခုံအဖွဲ့သို့ အမှုတင်သွင်းသူသည် မိမိ၏ အမှုကိစ္စများကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိမှ ခန့်အပ်သည့် ကိုယ်စားလှယ်ဖြင့် သော်လည်းကောင်း၊ အကျိုးဆောင်ရှေ့နေဖြင့်သော်လည်းကောင်း၊ သတ်မှတ်ပုံစံဖြင့် တင်သွင်းလျှောက်ထားနိုင်သည်၊

(ခ) ကိုယ်တိုင်မဟုတ်ဘဲ ကိုယ်စားလှယ်ဖြင့် လျှောက်ထားပါက သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲအပ်သည့် ကိုယ်စားလှယ်လွှဲစာပါရှိ ရမည်၊

(ဂ) ခုံအဖွဲ့ရှေ့မှောက်တွင် အကောက်ခွန်ဦးစီးဌာန သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ကိုယ်စားလိုက်ပါဆောင်ရွက်ရန်အတွက်ပြန်တမ်းဝင်အရာရှိအဆင့်အောက် မနိမ့်သောပုဂ္ဂိုလ်အား တာဝန်ပေးရမည်။

**အခန်း(၆)**

**ကြားနာခြင်း၊ အပြီးသတ် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ရုပ်သိမ်းခြင်း**

၂၀။ အမှုများကိုဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များစုံညီစွာ ကြားနာစစ်ဆေးဆုံးဖြတ်ရမည်။ ယင်းသို့ဆုံးဖြတ်ရာတွင် တာဝန်တစ်ရပ်ရပ်အရဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့် ဖြစ်စေ၊ အဖွဲ့ဝင်စုံညီစွာတက်ရောက်နိုင်ခြင်းမရှိပါက ဥက္ကဋ္ဌ အပါအဝင် အနည်းဆုံးအဖွဲ့ဝင် (၃) ဦးဖြင့် ကြားနာစစ်ဆေးဆုံးဖြတ်ရမည်။

၂၁။ ခုံအဖွဲ့ရှေ့မှောက်၌ လျှောက်ထားမှုအပေါ် ကြားနာသည့်အခါ-

(က) ကြားနာမည့်နေ့ရက်ကို ကြိုတင်၍ကြေညာရမည်၊

(ခ) ကြားနာမည့်ကိစ္စကို ဥက္ကဋ္ဌကဖြစ်စေ၊ ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သည့် အဖွဲ့ဝင်တစ်ဦးက ဖြစ်စေ အကျဉ်းချုပ်ဖတ်ကြားရမည်၊

(ဂ) ခုံအဖွဲ့သည် အမှုနှင့်စပ်လျဉ်း၍ အများပြည်သူရှေ့မှောက်၌ကြားနာ၍ သော်လည်းကောင်း၊ စာဖြင့်တင်ပြစေ၍ သော်လည်းကောင်းလျှောက်ထားချက်ကို လက်ခံနိုင်သည်၊

(ဃ) အမှုနှင့်စပ်လျဉ်း၍ ခုံအဖွဲ့၏နေ့စဉ်ဆောင်ရွက်ချက်များကို အတွင်းရေးမှူး သို့မဟုတ် တွဲဖက်အတွင်းရေးမှူးမှမှတ်တမ်းတင်ပြီး ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးထားရှိရမည်၊

(င) တရားမကျင့်ထုံးဥပဒေ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံဥပဒေနှင့် အခြားဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်ပါ ပြဋ္ဌာန်းချက်များကို ရည်ညွှန်းသုံးစွဲနိုင်သည်၊

(စ) ဘာသာစကားနှင့်စပ်လျဉ်း၍ အခက်အခဲရှိပါက ခုံအဖွဲ့၏ သဘောတူညီချက်ဖြင့် တရားလို သို့မဟုတ် တရားပြိုင်က စကားပြန်ခေါ်ယူနိုင်သည်။ စကားပြန်သည် ခုံအဖွဲ့ရှေ့မှောက်၌ ကတိသစ္စာပြုရမည်၊

(ဆ) ခုံအဖွဲ့မှလိုအပ်သည်ဟုယူဆပါက သက်သေခံချက် သို့မဟုတ် စာတမ်းအမှတ်အသား သက်သေခံချက်များကို ထပ်မံတောင်းယူနိုင်သည်၊

(ဇ) ခုံအဖွဲ့မှ လိုအပ်သည်ဟုယူဆသူ မည်သူကိုမဆို သက်သေအဖြစ် စစ်မေးရန် ဆင့်ဆိုနိုင်သည်၊

(ဈ) တည်ဆဲဥပဒေအရ တားမြစ်ထားသည်မှအပ အများပြည်သူရှေ့မှောက်တွင် ကြားနာရမည်။

၂၂။ ခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို အမှုကြားနာစစ်ဆေးသော ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များ၏ဆန္ဒမဲအများစုဖြင့် ဆုံးဖြတ်ရမည်။

၂၃။ ဆုံးဖြတ်ချက်ချမှတ်မည့်နေ့ကို ကြိုတင်ကြေညာရမည်။

၂၄။ ခုံအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ အတည်ပြုလက်မှတ်ရေးထိုးထားသော အပြီးသတ်ဆုံးဖြတ်ချက်ကို အများပြည်သူရှေ့မှောက်တွင် ထုတ်ပြန်ကြေညာရမည်။

၂၅။ အမှုနှင့် စပ်လျဉ်း၍ တင်ပြလျှောက်ထားရာတွင် အကြောင်းကိစ္စတစ်ခုခုကြောင့် တရားလို သို့မဟုတ် တရားပြိုင်က အမှုရုံးချိန်းရက် ရွှေ့ဆိုင်းပေးရန် ခုံအဖွဲ့ထံတင်ပြလာလျှင် ခုံအဖွဲ့မှ လုံလောက်သောအကြောင်းရှိသည်ဟု မှတ်ယူပါက ရွှေ့ဆိုင်းခွင့်ပြုနိုင်သည်။

၂၆။ အမှုတင်သွင်းသူက မိမိဆန္ဒအလျောက် အမှုရုပ်သိမ်းလိုကြောင်း ခုံအဖွဲ့ထံတင်ပြလာလျှင် အကြောင်းအချက်ခိုင်လုံမှုရှိပါက ရုပ်သိမ်းခွင့်ပြုနိုင်သည်။

၂၇။ ရုပ်သိမ်းခွင့်ပြုပြီးသော အမှုအား ပြန်လည်ဖွင့်လှစ်ပေးရန် ထပ်မံလျှောက်ထားခွင့်မရှိစေရ။

၂၈။ ခုံအဖွဲ့မှချမှတ်ခဲ့သည့် စီရင်ချက်အမိန့်အား တရားလို သို့မဟုတ် တရားပြိုင်မှ မိတ္တူကူးယူရန် လျှောက်ထားလာပါက ခုံအဖွဲ့ဥက္ကဋ္ဌသည် ပြည်ထောင်စု တရားလွှတ်တော်ချုပ်က ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၇၃ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ထုတ်ပြန်ထားသည့်အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေနှင့်အညီ ခွင့်ပြုနိုင်သည်။

**အခန်း(၇)**

**အထွေထွေ**

၂၉။ ခုံအဖွဲ့၏ရုံးစိုက်ရာဒေသသည် နေပြည်တော်ဖြစ်သည်။ လိုအပ်ပါက အခြားသင့်လျော်သည့်နေရာများတွင်လည်း ရုံးထိုင်စစ်ဆေးနိုင်သည်။

၃၀။ ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦး၏ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲဆိုခြင်း၊ အရေးယူခြင်းမရှိစေရ။

၃၁။ ဥက္ကဋ္ဌသည် ခုံအဖွဲ့ကြားနာစဉ်အတွင်း လိုက်နာရမည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

၃၂။ အမှုနှင့်စပ်လျဉ်း၍ သက်သေပြရန်တာဝန်သည် သက်ဆိုင်ရာအခွန်အကောက်ဥပဒေများတွင် ပြဋ္ဌာန်းထားပါက ယင်းပြဋ္ဌာန်းချက်များအရလည်းကောင်း၊ ပြဋ္ဌာန်းထားခြင်းမရှိပါက သက်သေခံဥပဒေပါ ပြဋ္ဌာန်းချက်အရလည်းကောင်းသက်သေထင်ရှားတင်ပြရမည့်ပုဂ္ဂိုလ် သို့မဟုတ် ဌာနအဖွဲ့အစည်းတို့အပေါ် ကျရောက်သည်။

၃၃။ ခုံအဖွဲ့၏ ရုံးကိစ္စများကို အခွန်အယူခံခုံအဖွဲ့ရုံးက တာဝန်ယူဆောင်ရွက်ပေးရမည်။

၃၄။ ဤဥပဒေမပြဋ္ဌာန်းမီက ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ အမိန့်ကြော်ငြာစာအမှတ် (၆/၁၉၉၉) အရ ဖွဲ့စည်းသည့် အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ဆဲလုပ်ငန်းများကို လည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကို လည်းကောင်း၊ ယင်း အမိန့်ကြော်ငြာစာအမှတ် (၆/၁၉၉၉) အား ပြင်ဆင်ထုတ်ပြန်၍ဖွဲ့စည်းသည့် အခွန်အယူခံခုံအဖွဲ့၏ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီး လုပ်ငန်းများကို လည်းကောင်း ဤဥပဒေအရ ဖွဲ့စည်းသည့် အခွန်အယူခံခုံအဖွဲ့မှ ဆက်ခံဆောင်ရွက်ရမည်။

၃၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလည်းကောင်း၊ ခုံအဖွဲ့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်လည်းကောင်း ထုတ်ပြန်နိုင်သည်။

---

# မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ခရီးသွားလာရေးလုပ်ငန်း**ဆိုသည်မှာ ခရီးသွားလာခြင်းနှင့် စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ပေးသော လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုရိပ်သာလုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်းနှင့် ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်းတို့ ပါဝင်သည်။

(ခ) **ခရီးသည်** ဆိုသည်မှာ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် မိမိတို့ အမြဲတမ်းနေထိုင်ရာဒေသမှ ပြင်ပရှိ ခရီးစဉ်ဒေသတစ်ခုခုသို့ ခရီးသွားသူကိုဆိုသည်။ ယင်းစကားရပ်တွင် မြန်မာနိုင်ငံအတွင်း သွားလာသော ခရီးသည်များ၊ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသောနိုင်ငံခြားသားခရီးသည်များနှင့်ပြည်ပသို့ သွားရောက်သော မြန်မာနိုင်ငံသားခရီးသည်များလည်း ပါဝင်ပါသည်။

(ဂ) **ခရီးသည်တည်းခိုနေထိုင်ရန်နေရာ** ဆိုသည်မှာ ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုခန်း၊ အိပ်ရာနှင့် နံနက်စာစာစီစဉ်ပေးသည့်နေရာ၊ တည်းခိုရိပ်သာ၊ စခန်းချတည်းခိုသည့်နေရာနှင့် စီးပွားရေးအလို့ငှာ အခကြေးငွေဖြင့် ငှားရမ်းနေထိုင်ခွင့်ပေးသည့် အဆောက်အအုံ သို့မဟုတ် စခန်းချနေရာကို ဆိုသည်။

(ဃ) **ခရီးစဉ်** ဆိုသည်မှာ ခရီးစတင်ထွက်ခွာသည့် နေရာဒေသတစ်ခုမှ အခြားနေရာဒေသတစ်ခုသို့ ခရီးသွားလာရေးအတွက် စနစ်တကျရေးဆွဲထားသည့် အစီအစဉ်ကို ဆိုသည်။

(င) **ခရီးစဉ်ဒေသ** ဆိုသည်မှာ ခရီးသည်များ သွားလာလည်ပတ်လေ့လာနိုင်ပြီး ဆွဲဆောင်မှုရှိသော နေရာဒေသကို ဆိုသည်။

(စ) **ခရီးလှည့်လည်ရေးလုပ်ငန်း** ဆိုသည်မှာ ခရီးသည်များတစ်နေရာမှ တစ်နေရာသို့ သွားလာရာတွင် အဆင်ပြေချောမွေ့စွာ ပို့ဆောင်ခြင်း၊ တည်းခိုရန်နေရာစီစဉ်ပေးခြင်းနှင့် ဧည့်လမ်းညွှန်စီစဉ်ပေးခြင်းများကို ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကိုဆိုသည်။

(ဆ) **ဟိုတယ်လုပ်ငန်း** ဆိုသည်မှာ ခရီးသည်များ တည်းခိုရန် သတ်မှတ်ထားသော အခန်းအရေအတွက်နှင့် အဆင့်အတန်းတို့ရှိပြီး အစားအစာ၊ အဖျော်ယမကာနှင့် အခြားဝန်ဆောင်မှုများ စီစဉ်လုပ်ကိုင်ပေးသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် မိုတယ်လုပ်ငန်းနှင့် ဧည့်ဂေဟာလုပ်ငန်းတို့ ပါဝင်သည်။

(ဇ) **တည်းခိုရိပ်သာလုပ်ငန်း** ဆိုသည်မှာ နိုင်ငံခြားခရီးသည်များအတွက်ဖြစ်စေ၊ ပြည်တွင်း ခရီးသည်များနှင့် နိုင်ငံခြားခရီးသည်များ နှစ်မျိုးလုံးအတွက် ဖြစ်စေ တည်းခိုရေးကို စီစဉ်ဆောင်ရွက်ပေးသည့် စီးပွားရေးလုပ်ငန်းကို ဆိုသည်။

(ဈ) **ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း** ဆိုသည်မှာ နိုင်ငံခြားသားများ မြန်မာနိုင်ငံသို့ လာရောက်ခြင်းဖြစ်စေ၊ မြန်မာနိုင်ငံသားများ ပြည်ပသို့ သွားရောက်ခြင်းဖြစ်စေ သွားလာသည့်ခရီးသည်များအတွက် မော်တော်ယာဉ်၊ လေယာဉ်၊ ရေယာဉ်၊ ရထား သို့မဟုတ် အခြားတစ်နည်းနည်းဖြင့်သွားလာနိုင်သော ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ တစ်နေရာမှတစ်နေရာသို့ စီးပွားရေးအလို့ငှာ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းကို ဆိုသည်။

(ည) **ဧည့်လမ်းညွှန်လုပ်ငန်း** ဆိုသည်မှာ ခရီးသည်များအား ဆွဲဆောင်နိုင်သော ခရီးစဉ်ဒေသများကို လမ်းညွှန်ပြသခြင်း၊ ပြောဆိုရှင်းပြခြင်းနှင့် ခရီးစဉ်တစ်လျှောက် အဆင်ပြေချောမွေ့စေရေးအတွက် စီးပွားရေးအလို့ငှာ စီစဉ်ဆောင်ရွက်ပေးသော လုပ်ငန်းကို ဆိုသည်။

(ဋ) **ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြားဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ ခရီးသွားလာရေးလုပ်ငန်းနှင့်သက်ဆိုင်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းကို ဆိုသည်။

(ဌ) **လိုင်စင်** ဆိုသည်မှာ ခရီးသွားလာရေးလုပ်ငန်းတွင် ပါဝင်သည့် လုပ်ငန်းတစ်မျိုးမျိုးကို လုပ်ကိုင်နိုင်ရန်အတွက် ဤဥပဒေအရထုတ်ပေးသောလိုင်စင်ကိုဆိုသည်။ ယင်းစကားရပ်တွင် ခရီးလှည့်လည်ရေးလုပ်ငန်းလိုင်စင်၊ ဟိုတယ်လုပ်ငန်းလိုင်စင်၊ တည်းခိုရိပ်သာလုပ်ငန်းလိုင်စင်၊ ခရီးသည်ပို့ဆောင်ရေး လုပ်ငန်းလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်နှင့် ခရီးသွားလာရေးလုပ်ငန်းဆိုင်ရာ အခြား ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ ပါဝင်သည်။ *(ဆက်လက်ဖော်ပြပါမည်)*

# မူလတန်းကြို ၅၁ ကျောင်းတွင် အားဖြည့်ဆန်စတင်ကျွေးမည်




**ရန်ကုန် ဩဂုတ် ၂၁**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ တိုင်းဒေသကြီးလေးခုမှ မူလတန်းကြိုကျောင်း ၅၁ ကျောင်းတွင် ကလေးငယ်များ လိုအပ်သော အာဟာရဓာတ်များ ပြည့်ဝစွာရရှိစေရန်အတွက် ဩဂုတ်လမှစတင်ကာ အားဖြည့်ဆန်ကို ကျွေးမွေးသွားမည် ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မူလတန်းကြိုကျောင်းများတွင် အသက်နှစ်နှစ်မှ ငါးနှစ်အရွယ်ကလေးများအကြား လိုအပ်တဲ့အာဟာရဓာတ်တွေ ရရှိနိုင်ဖို့အတွက် Fortifying the Future with Fortified Rice (အားဖြည့်ဆန်ဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို တည်ဆောက်ခြင်း) အစီအစဉ်ကို ရန်ကုန်၊ ဧရာဝတီ၊ ပဲခူးတိုင်းဒေသကြီးနဲ့ နေပြည်တော်တို့မှာရှိတဲ့ မူလတန်းကြိုကျောင်း ၅၁ ကျောင်းမှာ အားဖြည့်ဆန်တွေကို ဩဂုတ်လမှ စတင်ပြီး ကျွေးမွေးသွားမှာဖြစ်ပါတယ်။ ကျန်ဒေသတွေကိုတော့ တဖြည်းဖြည်းချင်း တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုအားဖြည့်ဆန်ကျွေးရတဲ့ အဓိက အကြောင်းရင်းကတော့ မြန်မာနိုင်ငံမှာ အာဟာရချို့တဲ့မှုဟာ အရေးတကြီးဖြေရှင်းရမယ့် ကျန်းမာရေးစိန်ခေါ်မှုတစ်ရပ်ဖြစ်လာပါတယ်။ အထူးသဖြင့် ကလေးသုံးဦးလျှင် တစ်ဦးမှာ အသက်အရွယ်နဲ့နှိုင်းစာပါက ပုညှပ်နေပြီး ကလေးတွေရဲ့၅၈ ရာခိုင်နှုန်းဟာ သွေးအားနည်းနေတာကိုလည်း တွေ့ရပါတယ်။

ဒီ့အတွက် ဗီတာမင်နှင့်သတ္တုဓာတ်ရစ်မျိုးပါတဲ့ အားဖြည့်ဆန်ကို မူကြိုကျောင်းတွေမှာ စတင်ကျွေးမွေးဖို့ စီစဉ်ရခြင်းဖြစ်ပါတယ်"ဟု လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်စန်းစန်းအေးက ဩဂုတ် ၁၈ ရက်တွင် နိုဗိုတယ်ဟိုတယ်၌ ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲနှင့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ပြောသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် PATH တို့ ပူးပေါင်းကာ အသက်နှစ်နှစ်မှ ငါးနှစ်အတွင်းရှိ ကလေးငယ်များ အားဖြည့်ဆန်ကျွေးမွေးနိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ မူလတန်းကြိုကျောင်းများမှ ကျောင်းအုပ်များနှင့် တာဝန်ခံဆရာမများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အာဟာရအားဖြည့်ဆန်ဆိုသည်မှာ အာဟာရဓာတ်ပါဝင်မှု မြင့်မားစေရန်အတွက် သံဓာတ်၊ ဗီတာမင်အေ၊ ဗီတာမင်ဘီ-၁၊ ဘီ-၃၊ ဘီ-၆၊ ဖောလစ်အက်စစ်၊ ဘီ-၁၂နှင့် ဇင့်ဓာတ်အစရှိသည့် ဗီတာမင်နှင့် သတ္တုဓာတ် ရစ်မျိုးဖြင့် ပြုလုပ်ထားသော ဆန်ဖြစ်သည်။ လူမှုဝန်ထမ်းဦးစီးဌာနက ယင်းဌာနအောက်ရှိ မူလတန်းကြိုကျောင်းများတွင် ကလေးငယ်များကို တစ်ရက်လျှင် စားစရိတ်ငွေကျပ် ၃၅၀ ဖြင့် ကျွေးမွေးလျက်ရှိရာမှ ယခုအခါ ကလေးငယ်များအား ကျွေးသည့် ဆန်ကို ရိုးရိုးဆန်အစား အားဖြည့်ဆန်ဖြင့် ကျွေးမွေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အားဖြည့်ဆန်များကို PATH က စတင်မိတ်ဆက်ဖြန့်ဖြူးပေးနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနကိုလည်း ၂၀၁၃ ခုနှစ်ကတည်းက ပံ့ပိုးကူညီပေးလာခဲ့ကြောင်း၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) ၏ ကူညီပံ့ပိုးမှုဖြင့် PATH က မြန်မာနိုင်ငံတွင် အားဖြည့်ဆန်ကို စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်နိုင်ရေး နည်းပညာအကူအညီများ ပေးလျက်ရှိကြောင်း၊ ယခုအခါ အားဖြည့်ဆန်ကို အာဆီယံနိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများတွင် သုံးစွဲမှုများပြားလာနေပြီဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး**

# ငါးသယံဇာတပေါကြွယ်ဝရေး စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်



**မြောင်းမြ ဩဂုတ် ၂၁**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ငါးရိက္ခာဖူလုံစေရေး၊ ငါးသယံဇာတ ပေါကြွယ်ဝရေးအတွက် စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၁၈ ရက်ကမြောင်းမြမြို့နယ်ခနုံးချောင်းကျေးရွာ တောင်သူဦးစိုးဝင်း၏ စပါးစိုက်ခင်းအတွင်း ကျင်းပပြုလုပ်ခဲ့သည်။

"ကျေးလက်နေ တောင်သူတွေ ငါးရိက္ခာ ပေါကြွယ်ဝရေးနဲ့ ငါးသယံဇာတတွေ တိုးပွားလာစေရေးအတွက် ရည်ရွယ်ပြီး ပြုလုပ်ရခြင်း ဖြစ်ပါတယ်" ဟု ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးစိုးနိုင်က ပြောသည်။

ရှေးဦးစွာ ခရိုင်ငါးလုပ်ငန်းဦးစီးမှူးက ငါးမျိုးများကို ဒေသခံ တောင်သူများသို့ ပေးဝေခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး ဦးဆောင်၍ ခရိုင်အဆင့်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဒေသခံတောင်သူ လယ်သမားများက တီလားဗီးယားငါးမျိုးကောင်ရေ ၄၅၀၀၀၊ ရွှေဝါငါးကြင်း ၃၀၀၀၀ စုစုပေါင်း ငါးမျိုးပေါက် ၇၅၀၀၀ ငါးသားပေါက်များကို စပါးခင်းများအတွင်း စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**အောင်မင်း ( မြောင်းမြ)**

# နေပြည်တော်အသေးစားနှင့် အလတ်စားစက်မှုဇုန် ကြီးကြပ်ရေးကော်မတီနှင့် လုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၁**
နေပြည်တော်အသေးစားနှင့် အလတ်စားစက်မှုဇုန်ကြီးကြပ်ရေးကော်မတီနှင့် လုပ်ငန်းရှင်များတွေ့ဆုံ၍ လုပ်ငန်းများဆောင်ရွက်ကြရာတွင် လိုအပ်သည့် အစီအမံများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက်က နေပြည်တော် ကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် နေပြည်တော်အသေးစားနှင့် အလတ်စားစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် စက်မှု၊ စီမံ/ဘဏ္ဍာ၊ လျှပ်စစ်/စွမ်းအင်၊ ဆောက်လုပ်ရေးကဏ္ဍတာဝန်ခံ ဦးတင်ထွဋ်က အမှာစကားပြောကြားပြီး နေပြည်တော်အသေးစားနှင့်အလတ်စား စက်မှုဇုန်ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဟိန်းဇော်က လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နေပြည်တော်အသေးစားနှင့် အလတ်စားစက်မှုဇုန်ကြီးကြပ်ရေးကော်မတီဝင်များနှင့် တက်ရောက်လာကြသည့် လုပ်ငန်းရှင်များက မိမိတို့၏ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် လက်ရှိလည်ပတ်ဆောင်ရွက်နိုင်မှုအခြေအနေများနှင့်လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်ရာတွင် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်သည့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဝန်ပိုကုန်တင်ယာဉ်များကြောင့် ကူးဆိပ်ချောင်းကူးတံတား သံပေါင်ကွေးကောက်

**ဖန်းမောက် ဩဂုတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် မံအင်ကျေးရွာအုပ်စုကူးဆိပ်နှင့် သရက်ကုန်းချောင်းကြီး ချောင်းကူးသံပေါင်ပျဉ်ခင်းတံတားပါတွင် ကုန်တင်ယာဉ်များ ကုန်အဆမတန်တင်ဆောင်ဖြတ်ကူးကြသောကြောင့် တံတားလက်ရန်း သံပေါင်ကြီးများမှာ ကွေ့ကောက်မှုများရှိနေကြောင်း သိရသည်။

"ကုန်တင်ကားတွေကစည်းကမ်းမရှိကြဘူး။ ကျွန်တော်တို့ ဒေသကကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားတဲ့ ရေလယ်တိုင်နှစ်တိုင်နဲ့အပေါ်က သံပေါင် ပျဉ်ခင်းကားကူးတံတားကြီး ပြီးစီးသွားတဲ့နောက်ပိုင်းမှာ ကုန်တွေအမြောက်အမြားတင်ပြီး ဖြတ်ကူးကြတယ်။ ကုန်ပစ္စည်းတွေက တံတားခံနိုင်ထက်များနေတော့ ကားတွေဖြတ်မောင်းတဲ့အခါမှာ သံပေါင်ကြီးဟာ ကွေးကောက်မှုရှိလာပါတယ်"ဟု သရက်ကုန်းကျေးရွာမှ ကိုထိန်ဝင်းက ပြောသည်။

တံတား၏ခံနိုင်ဝန်သည် ကုန်ယာဉ် ၁၃ တန်ခန့်သာခံနိုင်ဝန်ရှိပြီး ချဉ်းကပ်နံဘေးနှစ်ဖက်ကပ်ခုံများထားရှိပြီး ရေလယ်တိုင်အုတ်တိုင် နှစ်တိုင်ဖြင့်တည်ဆောက် ထားသော တံတားဖြစ်သည်။ တံတားမှာ အနံ ၁၂ ပေ၊ အလျားပေ ၃၅၀ ခန့်ရှိသော တံတားကြီးသည် ကာလတန်ဖိုးအားဖြင့် ငွေကျပ်သိန်းလေးရာကျော်ခန့် ဖြစ်သည်။ ယခုအခါ



ကုန်တင်ယာဉ်ကြီးများကို ကုန်များတင်ဆောင်ကာ ဖြတ်သန်းခြင်းမပြုရန် ဒေသခံများက တားမြစ်ထားပြီဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး (ကချင်မြေ )**

# သွေးလွန်တုပ်ကွေးမဖြစ်ပွားစေရေး ခြင်ဆေးဖျန်း

**ကာမိုင်း ဩဂုတ် ၂၁**
ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့၌ ဩဂုတ် ၁၇ ရက်က မြို့မရပ်ကွက်၊ ကောင်ရာကျေးရွာအုပ်စုနှင့် နန့်စီးအင်ကျေးရွာအုပ်စု ထွယ်ဆန်ယန် ကျေးရွာများတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသည့် နေရာပတ်ဝန်းကျင်နှင့် ကိုက် ၁၀၀ အတွင်း ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ လုပ်ငန်း၌ မြို့အုပ်ချုပ်ရေးမှူးက ဦးစီး၍ ဌာနဆိုင်ရာများ၊ ကာမိုင်းတိုက်နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်း ခုနစ်ဦး၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖားကန့်မြို့နယ်မှ ခြင်ဆေးဖျန်းအဖွဲ့များက ခြင်ဆေးဖျန်းစက် ၁၀ လုံးဖြင့် မြို့မရပ်ကွက်အတွင်းရှိ အိမ်ခြေ ၁၀၆၇၊ ကောင်ရာကျေးရွာအတွင်းရှိ အိမ်ခြေ ၃၂၈၊ နန့်စီးအင်ကျေးရွာအုပ်စု ထွယ်ဆန်ယန်ကျေးရွာရှိ အိမ်ခြေ ၁၇၉ စုစုပေါင်းအိမ်ခြေ ၁၅၇၄ တို့ကို နေရာခွဲ၍ ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကာမိုင်း (ပြန်/ဆက်)**

# လယ်ယာသုံးစက်ကိရိယာထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်

**ညောင်လေးပင် ဩဂုတ် ၂၁**
လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု(အခြေခံသင်တန်း)အမှတ်စဉ် ၁/၂၀၁၇ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လဒုတိယပတ်က ညောင်လေးပင်မြို့ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၁၂) စက်မှုလယ်ယာစခန်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင် တက်ရောက်အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းတွင် ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာမှ သင်တန်းသား ၅၃ ဦးကို ၁၂ ရက်ကြာစာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာချင်းဆက်လမ်း ပြန်လည်ပြုပြင်ရေးဆောင်ရွက်

**သုဝဏ္ဏဝတီ ဩဂုတ် ၂၁**
မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်အတွင်းရှိ သိမ်ဆိပ်- မင်းတဲစုလမ်း မင်းတဲစု - ကတိုက်လေးကျေးရွာ ကျေးရွာခြင်းဆက်လမ်းအား ဒေသခံသုံးဦးမှ ဦးဆောင်မတည်လှူဒါန်း၍ ဩဂုတ် ၁၈ ရက်၌ ပြန်လည်ပြုပြင် ဆောင်ရွက်နေကြောင်း သိရသည်။

"ပြန်လည်ပြုပြင်ရတာက ဒီလမ်းဟာ မိုးတွင်းဆို သွားလာရခက်ခဲတယ်။ ရေက ပေါင်အထိရောက်ပြီး အိမ်တွေထဲ ရေဝင်တော့ ဒုက္ခရောက်တယ်။ ဒါကြောင့် ဘက်ဟိုးငှားပြီး ရေမြောင်းဖော်တယ်။ လမ်းမပေါ် မြေဖို့၊ မြေညှိတာ လုပ်တယ်။ သိမ်ဆိပ်- မင်းတဲစုလမ်းက အကျယ်ပေ ၁၂ ရှိပြီး ပေတစ်ထောင်ကျော်ရှည်တယ်။ ပေ ၂၀ ခန့် တံတားနှစ်စင်းရှိတယ်။ ဘေလီသစ်သားတံတားဆိုတော့ ပြန်ပြင်ဖို့လည်း လိုပါတယ်။ ရာသီဥတုအခြေအနေကောင်းတာနဲ့ တစ်မိုင်ကျော်ရှိတဲ့ မင်းတဲစု- ကတိုက်လေးကျေးရွာကို ဆက်သွယ်ထားတဲ့ ကျေးရွာချင်းဆက်လမ်းပေါ်မှာ ပေ ၂၀ လောက်အရှည်ရှိတဲ့ တံတားတစ်စင်းကို ထပ်မံဆောက်လုပ်ဖို့ အစီအစဉ်ရှိပါတယ်"ဟု မတည်ဦးဆောင်သူ မင်းတဲစုပိုင်းနေ ဦးကြည်ခိုင်က ပြောသည်။ လမ်းကောင်းမွန်စေရန်အတွက် သိမ်ဆိပ် - မင်းတဲစုလမ်းအထိ ပြုပြင်မည့်ကုန်ကျစရိတ်သည် ခန့်မှန်းငွေကျပ်သိန်းတစ်ရာအထိ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

**ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်၊**
**လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့။**

# အမျိုးသားပြတိုက်(ရန်ကုန်)

**မောင်သာ(ရှေးဟောင်းသုတေသန)၊ ဓာတ်ပုံ- ခန့်ညား**



ပြတိုက်ဟူသည့်ဝေါဟာရ၏ အဓိပ္ပာယ်ကို မြန်မာ့စွယ်စုံကျမ်း အတွဲ(၇)တွင် "ပညာလိုက်စားသူအပေါင်းတို့အတွက် အဘက်ဘက်မှ အကူအပံ့ဖြစ်စေသော ပစ္စည်းအမျိုးမျိုးတို့ကို သိုမှီးပြသထားရာ အဆောက်အအုံများကို ပြတိုက်ဟု ခေါ်ဆိုနိုင်ပေသည်"ဟု ဖွင့်ဆိုသည်။ အခြေခံပြတိုက်ပညာစာအုပ်တွင်လည်း ပြတိုက်သည် ရှေးဟောင်းပစ္စည်းများသို့မဟုတ် အမှတ်တရ မှတ်တမ်းတင်ထားရှိရမည့်ပစ္စည်းများကို တစ်နေရာတည်း၌ စုစည်းထားပြီး အများပြည်သူများ စူးစမ်းလေ့လာရန်၊ သုတေသနပြုလုပ်ရန် လေ့လာကြည့်ရှုစေခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေသည့် ပညာဖြန့်ဖြူးရာဌာနကြီးဖြစ်ကြောင်း ရေးသားထားသည်။

ကမ္ဘာတစ်ဝန်း နိုင်ငံအသီးသီးတွင် ဖွင့်လှစ်ထားသည့် ပြတိုက်ပေါင်း ၅၅၀၀၀ ကျော်ရှိသည့်အနက် အမျိုးသားပြတိုက်များကို နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းကိုဖော်ညွှန်းသည့် ပြကွက်များဖြင့် ပြသလေ့ရှိသဖြင့် နိုင်ငံတိုင်းမှ အမျိုးသားပြတိုက်များသည် ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်ကြည့်ရှုလေ့လာကြရသည့် နေရာတစ်ခု ဖြစ်လာခဲ့ပေသည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့်ပြတိုက်ကြီးနှစ်ခု ဖွင့်လှစ်ပြသထားရာ ရန်ကုန်မြို့နှင့် နေပြည်တော်တွင် တစ်ခုစီ တည်ရှိကြသည်။

**ကနဦး အမျိုးသားပြတိုက်**

မြန်မာနိုင်ငံ အမျိုးသားပြတိုက်ကို လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း၊ ခေတ်အဆက်ဆက်တွင် ရန်ကုန်မြို့ နေရာအသီးသီး၌ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။

ဗြိတိသျှတို့သည် ၁၈၈၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့သဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီးနောက် များစွာသော မြန်မာ့နန်းသုံးတော်ဝင်ပစ္စည်းများသည် ပြည်ပနိုင်ငံများသို့ ရောက်ရှိသွားခဲ့သည်။ မြန်မာဘုရင်တို့၏ အထွတ်အမြတ် တော်ဝင်နန်းသုံးပစ္စည်းတစ်ခုဖြစ်သည့် သီဟာသနပလ္လင်ကို အိန္ဒိယနိုင်ငံသို့ယူဆောင်ပြီး ကလကတ္တားပြတိုက်တွင် ထားရှိခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိသောအခါ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်မောင့်ဘက်တန်က သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပေးအပ်လိုသည့်ဆန္ဒရှိကြောင်း ဗြိတိသျှဘုရင် ဂျော့ထံ အကြံပြုခဲ့သည်။ ဘုရင်က သဘောတူညီခဲ့သဖြင့် ဗြိတိသျှအစိုးရသည် သီဟာသနပလ္လင်ကို မြန်မာနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး လော့ဒ်မောင့်ဘက်တန်က မြန်မာနိုင်ငံတော်သမ္မတ စဝ်ရွှေသိုက်ထံမှောက်၌ ၁၉၄၈ ခုနှစ် မတ် ၁၂ ရက်တွင် ပလ္လင်ကြီးကို မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးခဲ့သည်။

ထိုအချိန်က အမျိုးသားပြတိုက်မရှိသေးသဖြင့် သီဟာသနပလ္လင်ကို ရန်ကုန်မြို့ အလုံလမ်းရှိ သမ္မတအိမ်တော်တွင် ထားရှိခဲ့ပြီး ၁၉၅၂ ခုနှစ်တွင် ဦးဝိစာရလမ်းရှိ ဂျူဗလီခန်းမသို့ ပြောင်းရွှေ့ပြသခဲ့သည်။ ဂျူဗလီခန်းမတွင် သီဟာသနပလ္လင်နှင့် ရှေးဟောင်းအနုပညာပစ္စည်း အနည်းငယ်ကိုသာ ပြသနိုင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် အမျိုးသားပြတိုက်ကို ဂျူဗလီခန်းမမှ ပန်းဆိုးတန်းလမ်းရှိ ဂရင်းလေးဘဏ်ဟောင်း (ယခု စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးဘဏ်)သို့ ပြောင်းရွှေ့ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်ဖေဖော်ဝါရီလတွင် အများပြည်သူများအား ဖွင့်လှစ်ပြသခဲ့သည်။ ယင်းအမျိုးသားပြတိုက်တွင် အထပ်သုံးထပ်ပါရှိပြီး မြေညီထပ်တွင် သီဟာသနပလ္လင်ကို ထားရှိခဲ့ကာ ကျန်အထပ်များတွင် မင်းခမ်းတော်ပစ္စည်းများ၊ ရှေးဟောင်းသုတေသန တူးဖော်မှုများမှ ရရှိသည့် ပစ္စည်းများ၊ မြန်မာ့လက်မှုအနုပညာလက်ရာ ပစ္စည်းများ၊ တိုင်းရင်းသားလူမျိုးများ၏ အသုံးအဆောင်ပစ္စည်းများကို ပြသခဲ့သည်။

**အမျိုးသားပြတိုက်(ရန်ကုန်)**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်လမ်း အမှတ်(၆၆/၇၄)တွင် တည်ရှိသည့် အထပ်ငါးထပ်ပါဝင်၍ အလျား ပေ ၃၈၀ နှင့် အနံ ပေ ၂၀၀ ရှိသော လက်ရှိ အမျိုးသားပြတိုက်(ရန်ကုန်)ကို ၁၉၉၀ ပြည့်နှစ်တွင် အုတ်မြစ်ချ တည်ဆောက်ခဲ့ပြီး ၁၉၉၆ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

ဧရိယာ ၃ ဒသမ ၈၀၄ ဧကကျယ်ဝန်းသည့် အမျိုးသားပြတိုက်ဝင်းအတွင်း သမိုင်းတစ်လျှောက် စည်းလုံးညီညွတ်၍ အင်အားတောင့်တင်းသည့် မြန်မာနိုင်ငံတော်ကြီးများကို ထူထောင်ခဲ့ကြသည့် မင်းတရားကြီးသုံးပါး၏ ရုပ်တုများကို စိုက်ထူထားသည်။ အမျိုးသားပြတိုက်အနီးသို့ရောက်သည်နှင့် ပထမမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် အနော်ရထာမင်းကြီး(ခရစ်နှစ် ၁၀၄၄ -၁၀၇၇)၊ ဒုတိယ မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သည့် ဘုရင့်နောင်မင်းကြီး (ခရစ်နှစ်၁၅၅၀-၁၅၈၁)နှင့် တတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သူ အလောင်းမင်းတရား ဦးအောင်ဇေယျ(ခရစ်နှစ် ၁၇၅၂-၁၇၆၀)တို့၏ သက်ရှိအရွယ် ရုပ်တုများကို မြင်ကြရပေသည်။

အမျိုးသားပြတိုက်ကို တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှလွဲ၍ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသထားကာ တစ်ဦးလျှင် ဝင်ကြေး ၅၀၀ ကျပ်ကောက်ခံပြီး ကျောင်းသား ကျောင်းသူများကို အခမဲ့ဝင်ခွင့်ပြုသည်။

မြန်မာ့သမိုင်းနှင့် အနုပညာလက်ရာများကို ပြခန်း ၁၃ ဆောင်ခွဲကာ ပြသထားသည့် အမျိုးသားပြတိုက်(ရန်ကုန်)သို့ ပြည်တွင်းပြည်ပမှ သုတေသီများအပါအဝင် ကျောင်းသားကျောင်းသူများနှင့် ဧည့်သည်များ လာရောက်လေ့လာကြည့်ရှုလျက်ရှိရာ ခရီးသွားရာသီများတွင် ပြည်ပဧည့်သည် ၁၀၀၀ ကျော် နေ့စဉ် လာရောက်ကြကြောင်း သိရှိရပေသည်။

မြေညီထပ်ပြခန်းသို့ ဝင်လိုက်သည်နှင့် ထိုးကွင်းမင်ကြောင်များထိုးထားသည့် အမျိုးသားနှစ်ဦးက ကြေးမောင်းတစ်လုံးကို ကနုတ်ထွင်းထမ်းပိုးဖြင့် ထမ်းထားသည့် မောင်းခတ်သူ ပန်းပုရုပ်အပါအဝင် ပန်းပုရုပ်များနှင့် ဦးဘညာ၊ ဦးစံဝင်း၊ ဦးနန်းဝေ၊ ဦးဘရင်ကလေး၊ ဦးဘရင်ကြီးစသည့် မြန်မာပန်းချီကျော်များ၏ ပန်းချီကားများကို မြင်တွေ့ကြရသည်။

မြေညီထပ်တွင်ပြသထားသည့် ပြခန်းသုံးခန်းအနက် မြန်မာအက္ခရာနှင့် လက်ရေးမှုပြခန်းတွင် မြန်မာအက္ခရာနှင့် ကိန်းဂဏန်းများ ပြောင်းလဲလာပုံအဆင့်ဆင့်၊ ခေတ်အဆက်ဆက် စာပေရေးသားမှု အထောက်အထားများနှင့် မဟာဆွေ၊ သိပ္ပံမောင်ဝ၊ ဒဂုန်ခင်ခင်လေးစသည့် ၂၀ ရာစု မြန်မာ စာရေးဆရာများ၏ လက်ရေးစာမူများကို ပြသထားသည်။ ယင်းအခန်းမှာပင် ၁၉၉၃ ခုနှစ် မတ်လတွင် သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်ရရှိခဲ့သည့် ဘုရားထောင်အရိုးအိုးကို တူးဖော်တွေ့ရှိခဲ့သည့် ဘုရားထောင်စေတီအနီးမှ အခင်းအကျင်းအတိုင်း ပုံစံတူပြုလုပ်ပြသထားသည်။ ဘုရားထောင်အရိုးအိုး ပတ်လည်တွင် ပျူဘုရင်များ၏ အမည်များကို ရေးထိုးထားသည်။

သလွန်၊ စုဖုရားလတ်၏ မှန်တင်ခုံ စသည်တို့ကို မြင်တွေ့ကြရသည်။ ထူးခြားသော ပြကွက်များအဖြစ် ငွေသင်ဖြူးဖျာ၊ ဇာတ်ကွက်များထွင်းထားသည့် သစ်ထွင်းစင်၊ အချိန်နာရီမောင်း၊ မှန်စီရွှေချဗီရို၊ ပြင်သစ်နိုင်ငံက ကင်းဝန်မင်းကြီးကို လက်ဆောင်ပေးခဲ့သည့် ကြေးခုတင်၊ ဆင်စွယ်ကုလားထိုင်စသည့် ရတနာပုံခေတ် နန်းသုံးပစ္စည်းများကို လေ့လာနိုင်ကြသည်။ ရတနာပုံခေတ်ပြခန်းတွင် ပြသထားသည့် ပစ္စည်းများအနက် သီပေါမင်း၏ ဒုရင်တော်နှင့် စုဖုရားလတ်၏ မဟာလတ္တာတန်ဆာ ဝတ်ရုံတော်များသည် စိတ်ဝင်စားဖွယ်အကောင်းဆုံးဟု ဆိုနိုင်သည်။ ကျောက်မျက်ရတနာများစီခြယ်၍ ဘော်ကြယ်များအထပ်ထပ်ထိုးထားသည့် ဝတ်ရုံများကို မှန်ခန်းအတွင်း စနစ်တကျ သိမ်းဆည်းပြသထားသည်။ ထို့အတူ မှူးတော်မတ်တော်များ၏ ဝတ်ရုံများကိုလည်း မြင်တွေ့နိုင်ကြသည်။

အမျိုးသားပြတိုက် ပထမထပ်တွင် မင်းခမ်းတော်ပစ္စည်းများပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်းနှင့် သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီ ပြခန်းများကို ခင်းကျင်းထားသည်။

မင်းခမ်းတော်ဝင်ပစ္စည်းများပြခန်းတွင် မြန်မာ့မင်းခမ်းတော်နှင့် မင်းခမ်းတော်မဟုတ်သည့် နန်းသုံးပစ္စည်းများကို ရှင်းလင်းရေးသားထားသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီးနောက် ပြည်ပသို့ရောက်ရှိခဲ့သည့် သီဟာသနပလ္လင်အပါအဝင် မင်းခမ်းတော်ဝင်ပစ္စည်းများ ၁၄၁ မျိုးကို လွတ်လပ်ရေးရရှိပြီးနောက် ပြန်လည်ရရှိခဲ့ရာ ယင်းတို့ကို ပြသထားသည်။

မင်းခမ်းတော်သည် မင်းခမ်းမင်းနားဆိုင်ရာ လက်ဝဲလက်ယာ အခင်းအကျင်းဖြစ်ပြီး မင်းခမ်းတော်ဝင်ပစ္စည်းများသည် မြန်မာဘုရင်များလက်ထက်က နှစ်စဉ် တော်ဝင်အခမ်းအနားများတွင် သုံးစွဲလေ့ရှိသည့် နန်းသုံးပစ္စည်းများ ဖြစ်ကြသည်။ ဇေယသင်္ချာပြုစုသည့် ရွှေဘုံနိဒါန်းတွင်



မင်းခမ်းတော် ၂၆ ပါးကို လက်ဝဲမင်းခမ်း ၁၃ ပါးနှင့် လက်ယာမင်းခမ်း ၁၃ ပါးဟု ပြဆိုပြီး အမျိုးသားပြတိုက်တွင် လက်ယာမင်းခမ်းတော် ၁၇ ပါးနှင့် လက်ဝဲမင်းခမ်းတော် ၁၈ ပါး ပြသထားသည်။

မြန်မာ့ မြို့ပြယဉ်ကျေးမှုအခန်းတွင် တကောင်း ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေ မုခ်ဦးပုံစံတူနှင့်အတူ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်ရှိ တကောင်းမြို့ဟောင်း၊ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက္ကသာမြို့ဟောင်းနှင့် ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ရှိ ဝေသာလီမြို့ဟောင်း မြေပုံများကိုချိတ်ဆွဲထားသည်။ ထို့အတူ တကောင်းမြို့ဟောင်းမှ ရရှိခဲ့သည့် အေဒီ ၁၁ ရာစုလက်ရာ အနော်ရထာမင်းကြီး အုတ်ခွက်ဘုရားများ၊ လက်ရေးစင်းပါ အုတ်ချပ်များ၊ မြေဆေးတံများ၊ ပျူမြို့ဟောင်းများမှရရှိခဲ့သည့် အရိုးအိုးများ၊ ကျောက်နှင့်မြေ အသုံးအဆောင်များကို မြင်တွေ့နိုင်ကြသည်။ ရှေးဟောင်းပစ္စည်း မှောင်ခိုသမားများကြောင့် အမေရိကန်နိုင်ငံသို့ ရောက်ရှိသွားခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ပြန်လည်ရရှိခဲ့သည့် ပျူကချေသည်ရုပ်ငါးရုပ် ပုံပွားများကိုလည်း မြင်တွေ့ကြရပေသည်။

သဘာဝသမိုင်းနှင့် မြန်မာ့သမိုင်းမတင်မီ ပြခန်းတွင် မြန်မာနိုင်ငံတွင် တွေ့ရှိခဲ့သည့် နှစ်သန်း ၄၀ သက်တမ်းရှိပြီဖြစ်သည့် ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ၊ ကုန်းနေရေနေ၊ ကျောရိုးရှိနှင့် ကျောရိုးမဲ့ သတ္တဝါများ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ၊ သက်တမ်းနှစ် ၁၀၀၀ ကျော်ကဟု ခန့်မှန်းသည့် ပြဒါးလင်းဂူ ကျောက်ခေတ်ယဉ်ကျေးမှု အထောက်အထားများ၊ မြန်မာနိုင်ငံအတွင်း နှစ် ၃၅၀၀ ဝန်းကျင်က ထွန်းကားခဲ့သည့် ကြေးခေတ်နှင့် ခရစ်တော်မပေါ်မီ ၂ ရာစုမှ ၉ ရာစု အကြား ထွန်းကားခဲ့သည့် ပျူခေတ်အထောက်အထားများကို ပြသထားသည်။ ကျောက်ဖြစ်ရုပ်ကြွင်းများ တူးဖော်တွေ့ရှိပုံ၊ အမျိုးအစားခွဲခြားပုံ၊ ထိန်းသိမ်းပုံစသည့် အသိပညာပေး အစီအစဉ်များကို မှတ်တမ်းတင်ရိုက်ကူးထားပြီး ယင်းပြခန်းတွင် ပရိုဂျက်တာဖြင့် ပြသပေးသည်။

အမျိုးသားပြတိုက် ဒုတိယထပ်တွင် မြန်မာ့လက်မှုအနုပညာ ပြခန်းနှင့် မြန်မာ့သုခုမအနုပညာပြခန်းများကို

ပျူစာပါ အုတ်ချပ်များ၊ အုတ်ခွက်ဘုရားများ၊ စဥ့်ကွင်းများနှင့် သရေခေတ္တရာမြို့ဟောင်း၊ ခင်ဘကုန်းမှ ရရှိခဲ့သည့် ရွှေပေလွှာ ဓာတ်ပုံများအပြင် မွန်စာများရေးထိုးထားသည့် မွန်ခေါင်းလောင်းကိုလည်း လေ့လာနိုင်ကြသည်။ မြစေတီ ကျောက်စာပုံတူ၊ ပဲခူးမြို့ရှိ ကမ္ဘောဇသာဒီနန်းတော်ရာမှ တူးဖော်ရရှိခဲ့သည့် ကျွန်းတိုင်ကြီးနှစ်လုံး၊ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် အလောင်းမင်းတရားရွှေပေလွှာ ဒီဂျစ်တယ်မိတ္တူတို့အပြင် လွတ်လပ်ရေးရပြီးစက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လူမျိုးစုလွှတ်တော် နာယကတို့ လွှတ်တော်တက်ချိန်၊ ဆင်းချိန်တွင် အသုံးပြုခဲ့သည့် ရွှေကျိုင်းနှစ်လက်ကို မြင်တွေ့နိုင်ကြသည်။

သီဟာသနပလ္လင်ပြခန်းတွင် ဗြိတိသျှတို့ထံမှ ပြန်လည်ရရှိခဲ့သည့် ယမနေသား မူရင်း သီဟာသနပလ္လင်ကို ပြသထားသည်။ ယင်းပလ္လင်ကို ရတနာပုံခေတ်၌ လွှတ်တော်ဆောင်တွင် ထားရှိခဲ့ပြီး မြန်မာတို့၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှု ပြယုဂ်တစ်ခုအဖြစ် ဂုဏ်ယူဖွယ် ကျန်ရှိနေပေသည်။ ပလ္လင်ရှစ်ခန်း၊ ရွှေနန်းကိုးဆောင်ဟူသည့်အတိုင်း ပလ္လင်ရှစ်မျိုး၊ အရေအတွက်ကိုးခု ရှိခဲ့သော်လည်း ကျန်ပလ္လင်ရှစ်ခုသည် ဒုတိယကမ္ဘာစစ်အတွင်းပျက်စီးခဲ့သဖြင့် ပုံတူများကို ပြသထားသည်။ သီဟာသနပလ္လင်၏ မျက်နှာချင်းဆိုင်နံရံတွင် ရာဇပလ္လင်အခေါ်အဝေါ်များ၊ သီဟာသနပလ္လင်ပြုလုပ်ပုံ၊ ပလ္လင်သမိုင်းအကျဉ်းနှင့် လောကနတ်ရုပ်အကြောင်း သိမှတ်ဖွယ်များကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ရေးသားချိတ်ဆွဲထားသည်။

မြေညီထပ်ရှိ ရတနာပုံခေတ်ပြခန်းတွင် မန္တလေးနန်းမြို့အတွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်၏ ပုံစံငယ်များ၊ ပန်းချီကားများ၊ နန်းတွင်းသုံးပရိဘောဂများ၊ တော်ဝင်မျိုးနွယ်များ၏ အခမ်းအနားသုံး ဝတ်စုံများကို မြင်တွေ့နိုင်ကြသည်။ ပြခန်းပတ်လည် နံရံများပေါ်တွင် မန္တလေးနန်းမြို့ရှိ အဆောင်များ၊ ကျုံးကူးတံတား၊ မြို့ရိုး၊ ပြအိုး၊ ပစ္စင် ဓာတ်ပုံများကို ချိတ်ဆွဲထားသည်။

ယင်းပြခန်း၌ပင် တောင်တွင်းကြီးဆရာတော် အသုံးပြုခဲ့သည့် မှန်စီရွှေချ သလွန်တော်၊ မင်းတုန်းမင်း မိဖုရားခေါင်ကြီး၏

လေ့လာနိုင်သည်။ လက်မှုအနုပညာပြခန်းတွင် မြန်မာနိုင်ငံသားများ၏ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ပစ္စည်းများ၊ သွားလာမှုတွင်သုံးစွဲခဲ့သည့် ပစ္စည်းများ၊ ရက်ကန်းပစ္စည်းများ၊ ထန်းဖြင့်ပြုလုပ်ထားသည့် ပစ္စည်းများ၊ မှန်စီရွှေချ အလှအပပစ္စည်းများ၊ စဥ့်ထည်ပစ္စည်းများစသည့် မြန်မာ့လက်မှုအနုပညာပစ္စည်းများကို ပြသထားသည်။

ပန်းပဲ၊ ပန်းတိမ်၊ ပန်းတဉ်း၊ ပန်းတော့၊ ပန်းရံ၊ ပန်းပု၊ ပန်းတမော့၊ ပန်းပွတ်၊ ပန်းချီနှင့် ပန်းယွန်းဟူသည့် မြန်မာ့ရိုးရာပန်း ၁၀ မျိုး အနုပညာလက်ရာများကိုလည်း ပြသထားရာ ပဲ တိမ် တဉ်း တော့၊ ရံ ပု မော့၊ မှတ်လော့ ပွတ် ချီ ယွန်း ဟူသည့် လင်္ကာနှင့် တွဲစပ်လေ့လာနိုင်ကြသည်။ သမင်ဦးချိုကုလားထိုင်၊ ကျောက်ကာသပိတ်၊ အုန်းမှုတ်ပန်းအိုး၊ ဆွမ်းတော်အုပ်၊ ပေထုတ်နှင့်စာပလွေ၊ သစ်သားသင်ပုန်းတို့အပြင် မြန်မာ့ရိုးရာလှည်းယဉ်ကြော့၊ အင်းသားရိုးရာလှေ၊ ဆလုံလှေ၊ ချပ်လှည်းဘီးတို့ကိုလည်း လေ့လာနိုင်သည်။

မြန်မာ့သုခုမ အနုပညာပြခန်းတွင် မြန်မာ့ မှန်စီရွှေချဆိုင်းဝိုင်းအပါအဝင် ရိုးရာသုခုမပစ္စည်းများ၊ တိုင်းရင်းသားရိုးရာလေမှုတ်နှင့် ကြိုးတပ် တူရိယာပစ္စည်းများ၊ ရုပ်သေးရုပ်များ၊ ခေတ်အဆက်ဆက်ထင်ရှားခဲ့သည့် အနုပညာရှင်များ၏ ဓာတ်ပုံ၊ ပန်းချီ၊ အသုံးအဆောင်များကိုခင်းကျင်းထားသည်။

တတိယထပ်တွင် မြန်မာပန်းချီခန်းမဆောင်နှင့် မြန်မာ့ ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်းတို့ရှိသည်။ ပန်းချီခန်းမဆောင်တွင် မြန်မာ့ရှေးဦး ကျောက်ခေတ်လူသားများ ပြဒါးလင်းဂူတွင်ရေးဆွဲခဲ့သည့် နံရံပန်းချီ ပုံတူများ၊ မြင်းကပါဂူပြောက်ကြီး၊ နန္ဒမညာ၊ ကျန်စစ်သား ဥမင်၊ စူဠာမဏိစသည့် ပုဂံရှေးဟောင်းနယ်မြေရှိ စေတီပုထိုးများရှိ နံရံဆေးရေးပန်းချီပုံတူများ၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်နှင့် ရတနာပုံခေတ်လက်ရာ နံရံဆေးရေးပန်းချီ ပုံတူများကို မြင်တွေ့နိုင်ကြသည်။ ကုန်းဘောင်ခေတ်မှ မျက်မှောက်ခေတ်တိုင် ထင်ရှားခဲ့သည့် မြန်မာပန်းချီပညာရှင်များ၏ ဆီဆေး၊ ရေဆေး၊ ခဲခြစ်၊ မင်ခြစ်၊ ခရိုင်းလစ်ဆေး ပန်းချီလက်ရာများကို ကြည့်ရှုခံစားနိုင်သည်။

ရှေးဟောင်းအဆင်တန်ဆာရတနာပြခန်းတွင် ပျူခေတ်မှ ရတနာပုံခေတ်အထိ ခေတ်အဆက်ဆက် ဆင်မြန်းဝတ်ဆင်ခဲ့သည့် လက်ဝတ်တန်ဆာများကိုပြသထားရာ ပျူခေတ်လက်ရာ ရွှေနရားလက်ကောက်ခေါင်းပိုင်း၊ နွားရုပ်ပါ ရွှေဆွဲပြား၊ ပျူခေတ်နှောင်းပိုင်းလက်ရာ ရွှေတံဆိပ်ပြားလက်စွပ်၊ ကုန်းဘောင်ခေတ်လက်ရာ ရွှေဒါလီဆန်းဘယက်တို့သည် အလွန်လက်ရာမြောက်သည့် မြန်မာ့အဆင်တန်ဆာများ ဖြစ်ကြပေသည်။

စတုတ္ထထပ်ရှိပြခန်းသုံးခန်းအနက် ဗုဒ္ဓအနုပညာပြခန်းတွင် ပျူခေတ်မှ ရတနာပုံခေတ်တိုင် ခေတ်အဆက်ဆက်လက်ရာ မြေထည်၊ ကျောက်ဆစ်၊ ကြေးသွန်း၊ သစ်သား၊ ယွန်းထည်၊ သံထည် ဗုဒ္ဓရုပ်ပွားတော်များ၊ အုတ်ခွက်ဘုရားများကို ပြသထားသည်။ ယင်းအထပ်၌ပင်ရှိသည့် တိုင်းရင်းသားယဉ်ကျေးမှုပြခန်းတွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသရုပ်ဖော်ရုပ်လုံးများ၊ တူရိယာပစ္စည်းများနှင့် ထုံးတမ်းဓလေ့သုံး ပစ္စည်းများကို ပြသထားပေသည်။ အာဆီယံပြခန်းတွင်မူ မြန်မာနိုင်ငံအပါအဝင် အာဆီယံ ၁၀ နိုင်ငံ၏ တည်နေရာ၊ မြို့တော်၊ ရုံးသုံးဘာသာစကား အစရှိသည့် သိမှတ်ဖွယ်အချက်အလက်များကို တစ်နိုင်ငံခြင်းမြေပုံ၊ ဓာတ်ပုံများဖြင့် ဖော်ပြထားသည်။ တစ်နိုင်ငံစီ၏ ယဉ်ကျေးမှုဆိုင်ရာ ပစ္စည်းများကိုလည်း လေ့လာနိုင်ကြပေသည်။

နေပြည်တော်နှင့် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်များသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းနှင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုအမွေအနှစ်များကို တစ်နေရာတည်းတွင် လေ့လာနိုင်သည့်နေရာများဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များ အပါအဝင် မြန်မာနိုင်ငံသားများသာမက ပြည်ပခရီးသွား ဧည့်သည်များပါ နေ့စဉ်လာရောက်လျက်ရှိသည့် ယဉ်ကျေးမှုမှတ်တမ်းဌာနကြီးတစ်ခုအဖြစ် ဂုဏ်ယူဖွယ် ရပ်တည်နေပေသည်။ ။

**ကိုးကား**

**(၁) မင်းခမ်းတော်ဝင်ပစ္စည်းများ (ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန)**

**(၂) အမျိုးသားပြတိုက် လေ့လာရေး မှတ်စုများ**

**(၃) မြန်မာ့သမိုင်းကိုဖော်ကျူးနေတဲ့ အမျိုးသားပြတိုက်** (Info Digest Journal, **အမှတ် ၂၄၊ ၂၅**)

# ရန်ကုန်မြို့သစ်စီမံကိန်းအတွက် ဒေသခံပြည်သူများနှင့် တွေ့ဆုံဆွေးနွေး



**တွံတေး ဩဂုတ် ၂၁**
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဆောင်ရွက်မည့် ရန်ကုန်မြို့သစ်စီမံကိန်းနှင့် ပတ်သက်၍ ဒေသခံပြည်သူများနှင့် ညှိနှိုင်းအစည်းအဝေးကို တွံတေးမြို့နယ် ကုလားတန်း သုံးအိမ်ကျေးရွာအုပ်စု သုံးအိမ်ကျေးရွာ မဟာသဒ္ဓမ္မရံသီဘုန်းတော်ကြီးကျောင်း၌ ဩဂုတ် ၁၈ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ယခင်အတည်ပြုပြီးသော ရန်ကုန်မြို့သစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး အကောင်အထည်ဖော် ဆောင်ရွက်လိုကြောင်း၊ ဒေသခံပြည်သူများ၏ ဆန္ဒများကို ဦးစားပေးနားထောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ဒေသခံများအနေဖြင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ရန်ကုန်အနောက်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးထွန်းဝေက မြို့သစ်စီမံကိန်းတွင်ပါဝင်သည့် ကြည့်မြင်တိုင်မြို့နယ်အတွင်းမှ ဝါးရုံဆိပ်ကျေးရွာနှင့် အေးရွာအနောက်ရပ်ကွက်ရှိ မြေ ၁၆၉၅ ဧကအတွင်းမှ စိုက်ပျိုးမြေဧက၊ လူဦးရေ၊ အိမ်ထောင်စုဦးရေ၊ မြေပိုင်ဆိုင်သည့်တောင်သူများ အရေအတွက်နှင့် ပြန်လည်နေရာချထားပေးမည့် ကွင်းအမှတ်(၁၅၉)နေရာတို့ကို ရှင်းလင်းပြောကြားသည်။

ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကလည်း မြို့သစ်စီမံကိန်းတွင် တွံတေးမြို့နယ်အတွင်းမှ ပါဝင်နေသောမြေ ၁၆၇၉၉ ဧကရှိ ကျေးရွာအုပ်စု ၂၂ အုပ်စု ကျေးရွာပေါင်း ၃၀ မှ စိုက်ပျိုးမြေဧက၊ လူဦးရေ၊ အိမ်ထောင်စုဦးရေ၊ မြေပိုင်ဆိုင်သည့်တောင်သူများ၏ အရေအတွက်နှင့် ပြန်လည်နေရာချထားပေးမည့် နေရာသုံးခုအကြောင်းကို ရှင်းလင်းသည်။ စီမံကိန်းအတွက် တွံတေးမြို့နယ်အတွင်းမှ ပါဝင်နေမှုမှာ ခလောက်ချိုက်၊ တမာတကော၊ တမံကြီး၊ မငေးထိန်ကုန်းနှင့် ပဒန်ရေကျော်ကျေးရွာ အုပ်စုများမှ ၅၇၆၇ ဧက၊ လက်ပံဂွ၊ ကုလားတန်း၊ ဗျောက်ရိုးနှင့် ကံရွာကျေးရွာ အုပ်စုများမှ ၆၈၇၀ ဧကနှင့် ကျွန်းကလေး၊ ဂျောင်ဝိုင်း၊ အလယ်ချောင်းကျေးရွာအုပ်စုများမှ ၄၁၅၂ ဧက စုစုပေါင်း ၁၆၇၉၉ ဧကဖြစ်ကြောင်း သိရသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်သော ဒေသခံပြည်သူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းပြီး တောင်သူကိုယ်စားလှယ်များက ကွင်းအမှတ်နေရာများကို အတည်ပြုကာ လိုလားချက်များကို တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ယခုစီမံကိန်းသည် အစိုးရမှ တရားဝင်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လမ်း၊ လျှပ်စစ်၊ ရေနုတ်မြောင်း၊ ရေချိုရရှိရေးတို့အတွက် စနစ်တကျ စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပြီး တရားဝင်ဂရန်များလည်း ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအဆောက်အအုံများ၊ သာသနိကအဆောက်အအုံများကို ယခင်အတိုင်း ထားရှိမည်ဖြစ်ကြောင်း၊ နောင်တွေ့ဆုံမှုများတွင် တောင်သူအားလုံးနှင့် တွေ့ဆုံနိုင်မည်မဟုတ်သည့်အတွက် တောင်သူများက ကိုယ်စားလှယ်များရွေးချယ်ထားကြရန်နှင့် ယင်းကိုယ်စားလှယ်များနှင့်သာ တွေ့ဆုံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာပညာရှင်အဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်ငွေ၊ အိုး/အိမ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်နိုင်နှင့်အတူ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ရန်ကုန် မြို့သစ်စီမံကိန်းဧရိယာအတွင်း ပါဝင်နေသည့် ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ၊ တောင်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**မျိုးလှိုင် (တွံတေး)**

---

## မြစ်ရေဝင်၍ ပြောင်းရွှေ့ရသော အိမ်ထောင်စုများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ရွှေဘို ဩဂုတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နှင့် ခင်ဦးမြို့နယ်တို့တွင် ဧရာဝတီမြစ်ရေဝင်ရောက်သဖြင့် နေအိမ်မှ ပြောင်းရွှေ့နေထိုင်ရသော အိမ်ထောင်စုများအား ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ဩဂုတ် ၁၉ ရက်တွင် ထောက်ပံ့ရေးပစ္စည်းများ သွားရောက်ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

ရွှေဘိုခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကျောက်မြောင်းမြို့ အမှတ်(၄) ရပ်ကွက်မှ ရေဝင်ရောက်နေ၍ ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စု ၃၆ စုတို့အတွက် ဆန်တစ်အိတ်၊ ခေါက်ဆွဲထုပ် ခြောက်ဖာ၊ ရေသန့် ခြောက်ကတ်၊ ဆေးမျိုးစုံ ခြောက်ကတ်ကိုလည်းကောင်း၊ ခင်ဦးမြို့နယ် ကဘွက်ကျေးရွာအုပ်စုမှ ရေဝင်ရောက်၍ ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စု ၄၃ စုနှင့် ကုတ္တက်ကျေးရွာမှ ပြောင်းရွှေ့နေထိုင်ရသည့် အိမ်ထောင်စု ၅၇ စုအတွက် ဆန်သုံးအိတ်၊ ခေါက်ဆွဲထုပ် ၁၂ ဖာ၊ ရေသန့် ၃၀ ကတ်၊ ဆေးမျိုးစုံ ၁၂ ကတ်ကိုလည်းကောင်း ထောက်ပံ့ခဲ့ကာ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်နှင့်အဖွဲ့ကလည်း ဆန် ၁၂ အိတ်၊ ရေသန့်ဘူးကြီး ၂၀ နှင့် ခေါက်ဆွဲထုပ် ၁၄ ဖာကို လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ရေသန့် ၃၂ ကတ်နှင့် ခတ်ဆား ခြောက်ဖာကိုလည်းကောင်း ရေဘေးကြောင့် ရွှေ့ပြောင်းနေရသူများထံ ထောက်ပံ့လှူဒါန်းခဲ့သည်။

ကျောက်မြောင်းမြို့နှင့် ခင်ဦးမြို့နယ်တို့မှ ရေဝင်ရောက်နေသည့် ကျေးရွာများတွင် လက်ရှိပြောင်းရွှေ့နေရသည့် အိမ်ထောင်စုများနှင့် ထပ်မံပြောင်းရွှေ့ရမည့် အိမ်ထောင်စုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်နှင့် နေထိုင်စားသောက်မှုများ အဆင်ပြေစေရန် ရွှေဘိုခရိုင် စီမံခန့်ခွဲမှုကော်မတီက ဆောင်ရွက်ထားကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**

---

## သဘာဝဘေးခံနိုင်ရည်ရှိ မြို့တော်များဖွံ့ဖြိုးရေး ဟောပြောဆွေးနွေး

**မန္တလေး ဩဂုတ် ၂၁**
ထိုင်းနိုင်ငံအာရှစက်မှုတက္ကသိုလ် (Asian Institute of Technology-AIT)နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့ ပူးပေါင်းစီစဉ်သည့် Urban Resilience and Sustainable Development ဟောပြောဆွေးနွေးပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ (၆)ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးမြို့တော်ဝန်ဒေါက်တာရဲလွင်က အမှာစကားပြောကြားပြီး အာရှစက်မှုတက္ကသိုလ် AIT မှ တွဲဖက်ပါမောက္ခ Dr.Vilas Nitivattananon က သဘာဝဘေးခံနိုင်ရည်ရှိသော မြို့တော်များ ဖွံ့ဖြိုးရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရမည့် ဆန်းသစ်သော အယူအဆအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ထို့နောက် AIT မှ တွဲဖက်ပါမောက္ခ Dr.Oleg Shippin က သောက်သုံးရေ စီမံခန့်ခွဲမှုနှင့် အခြေခံအဆောက်အအုံများ ထိန်းသိမ်းရေး (Water Management and Sustainable Infrastructure) အကြောင်းအရာကို ဆွေးနွေးပြောကြားပြီး ABD မှ လူမှုအဆောက်အအုံပညာရှင် ဒေါက်တာကျော်သူက မြန်မာနိုင်ငံရှိ မြို့ပြလူမှုအဆောက်အအုံစီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအကြောင်းကို ရှင်းလင်းဆွေးနွေးကာ အဖွဲ့များခွဲ၍ သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိသော မြို့တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

---

## လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်နည်း သင်တန်းဖွင့်

**နေပြည်တော် ဩဂုတ် ၂၁** - ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး ပြင်ကသာကျေးရွာအုပ်စု ပြင်ကသာကျေးရွာရုံး၌ ဩဂုတ်လဒုတိယပတ်မှ စတင်၍ လူသုံးကုန်နှင့် အလှကုန်ထုတ်လုပ်နည်းသင်တန်းကို တစ်ပတ်ကြာ(အခမဲ့) ဖွင့်လှစ်သင်ကြားခဲ့သည်။ သင်တန်းတွင် လက်ဆေးဆပ်ပြာ၊ အဝတ်လျှော်ဆပ်ပြာ၊ ပန်းကန်ဆေး ဆပ်ပြာအဆီနှင့် သနပ်ခါးအရည်၊ သနပ်ခါးမိတ်ကပ်၊ မျက်နှာလိမ်းပေါင်ဒါစသည့် ပစ္စည်းများ ထုတ်လုပ်ခြင်းကို သင်ကြားပေးသည်။

**ခင်သန္တာထွေး(ပြန်/ဆက်)**

---

## သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျကွပ်ကဲလျက်ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်း(၃)မျိုးသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်း (မာကျူရီ) ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထု သုံးစွဲရန်မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | Itemulawak Day & Night Cream (Beauty Whitening Cream) | Zenith Ventures Sdn. Bhd., Malaysia | Mercury (+) |
| ၂။ | MEYYONG Seaweed Extra Whitening & Face Lift | ထိုင်းဘာသာဖြင့် ဖော်ပြထားပါသည်။ | Mercury (+) |
| ၃။ | ANGKOR Cucumber Nano Whitening and Anti Wrinkle Package (Day Cream+ Night Cream) | Guangzhou Qianya Cosmetics Co., Ltd., China | Mercury (+) |




၃။ အဆိပ်သင့်ဓာတုပစ္စည်း မာကျူရီ(ပြဒါး)သည် အရေပြားယားယံခြင်း၊ ရောင်ရမ်းခြင်း၊ အဖြူအနီကွက်များဖြစ်ခြင်း၊ အရေပြားမှတစ်ဆင့် ခန္ဓာကိုယ်အတွင်းသို့ စုပ်ယူ၍ ထုံကျင်ခြင်း၊ ကြွက်သားတုန်ခါခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် စိတ်ကျရောဂါများအပြင် ရေရှည်သုံးစွဲပါက ကျောက်ကပ်ပျက်စီးခြင်းနှင့် အခြားရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်း တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် အလှကုန်ပစ္စည်းများ တင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မျိုးဆက်သစ်လူငယ်အဖွဲ့ သစ်လွင်ဆရာဝန်များကြိုဆိုပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**မန္တလေး ဩဂုတ် ၂၁**

မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)မျိုးဆက်သစ်လူငယ်အဖွဲ့မှ ကြီးမှူး၍ သစ်လွင်ဆရာဝန်များ(6/2016 & 6/2017 Batch)ကြိုဆိုပွဲနှင့် ‘လျှောက်လှမ်းကြမယ် လမ်းအသွယ်သွယ်’ခေါင်းစဉ်ဖြင့် စကားဝိုင်း ဆွေးနွေးပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ရတနာပုံခန်းမ၌ ဩဂုတ် ၁၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး) ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆရာဝန်အသင်း မျိုးဆက်သစ်လူငယ်အဖွဲ့ ဥက္ကဋ္ဌက အဖွဲ့၏ရည်ရွယ်ချက်များကို ပြောကြားသည်။




ထို့နောက် လျှောက်လှမ်းကြမယ် လမ်းအသွယ်သွယ် စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ပြီး ဒေါက်တာဇော်မင်းဟန်၊ ဒေါက်တာမေကြည်ငြိမ်း၊ ဒေါက်တာဝင်းခိုင်၊ ဒေါက်တာရန်နိုင်မို၊ ဒေါက်တာလှိုင်မို့မို့သူ၊ ဒေါက်တာကေခိုင်အေးလွင်စိုးနှင့် ဒေါက်တာစိုးသက်ပိုင်တို့က ကုသရေး၊ သင်ကြားရေး၊ GP, INGO, Private Hospital Management စသည့်ကဏ္ဍများအလိုက် ရှေ့ဆက်သွားမည့် အနာဂတ်အတွက် ဆုံးဖြတ်ချက်ချနိုင်ရန်ရည်ရွယ်၍ လူငယ်မျိုးဆက်သစ်များကို စနစ်တကျ လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် ဆွေးနွေးကာ ၎င်းတို့၏ အတွေ့အကြုံများကို ပြောကြားကြပြီး မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကလည်း သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## သီးနှံဖျက်ပိုးအန္တရာယ်ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**သုဝဏ္ဏဝတီ ဩဂုတ် ၂၁**

မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့နယ်အတွင်းမှ စပါးစိုက် တောင်သူလယ်သမားများ၏ လယ်ယာများတွင် သီးနှံဖျက်ပိုးအန္တရာယ် ကြိုတင်ကာကွယ်နိုင်စေရန်အတွက် အသိပညာပေးဟောပြောပွဲကို သထုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဩဂုတ် ၁၇ ရက်က ပြုလုပ်ခဲ့သည်။

“အခုအချိန်က စပါးစိုက်ပျိုးပြီး တောင်သူတွေအတွက် ဖြုတ်ပိုး၊ ဆစ်ပိုး၊ ခရုနဲ့ ကြွက်တွေရဲ့အန္တရာယ်တွေ ကျရောက်နိုင်တယ်လေ။ ဒီအန္တရာယ်တွေကို တောင်သူဦးကြီးတွေ ကြိုတင်ကာကွယ်နိုင်ဖို့အတွက် ကျွန်မတို့က အခုလိုလာပြီး ဘယ်လိုကာကွယ်ဆောင်ရွက်ရမယ်ဆိုတာကို အသိပညာပေးဟောပြောတာပါ”ဟု သထုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယလက်ထောက်ဦးစီးမှူး(သိမ်ဆိပ်တာဝန်ခံ) ဒေါ်ဘယ်ရီချစ်က ပြောသည်။

သိမ်ဆိပ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ပြုလုပ်သည့် အဆိုပါဟောပြောပွဲတွင် သထုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက လယ်ယာများသို့ ကျရောက်တတ်သည့် ပိုးမွှားများအကြောင်းနှင့် ကာကွယ်နည်းများကို အသေးစိတ် ဟောပြောကာ ဒေသခံတောင်သူလယ်သမားများ၏ မေးမြန်းချက်များကိုလည်း တာဝန်ရှိသူများက ပြန်လည်ဖြေကြားရှင်းလင်းခဲ့သည်။ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ထိုက်က “အခုကျွန်တော်တို့ဆီမှာ ဖျက်ပိုးတွေကတော့ မကျသေးပါဘူး။ ကြိုတင်ကာကွယ်ဖို့အတွက်ပါ။ မနှစ်ကဆို တောကြီး (အောက်ကွင်း)ကျေးရွာက တချို့လယ်သမားတွေဆိုရင် ဖျက်ပိုးရော၊ ဆားငန်ရေတွေကြောင့်ရော အများကြီးကို ပျက်စီးဆုံးရှုံး နစ်နာခဲ့ကြတယ်။ ဒါကြောင့် ပျက်စီးဆုံးရှုံးမှုတွေ နည်းသထက်နည်းအောင် ကြိုတင်ကာကွယ်ဖို့လိုလို့ အခုလိုအသိပညာပေးတာကို ပူးပေါင်းဆောင်ရွက်တာပါ”ဟု ပြောသည်။ **ခွန်(ဝင်းပ)**

## ကသာ-ဗန်းမော်မီးရထားလမ်းကြောင့် နစ်နာခဲ့သော တောင်သူများအား လျော်ကြေးများပေးအပ်သွားမည်

**ကသာ ဩဂုတ် ၂၁**

ကသာ-ဗန်းမော်မီးရထားလမ်းစီမံကိန်းကြောင့် နစ်နာဆုံးရှုံးရသော တောင်သူများအား ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ အတည်ပြုချက်ရပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန(မီးရထားစီမံကိန်း)က လျော်ကြေးများ ပေးအပ်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံ၏ ပြောကြားချက်အရ သိရသည်။

“နစ်နာဆုံးရှုံးခဲ့တဲ့ ၃၀၃ ဒသမ ၂ ဧကအတွက် သီးနှံထောက်ပံ့ကြေးနဲ့ မြေယာထောက်ပံ့ကြေးတွေ ပေးအပ်သွားနိုင်ဖို့ ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေနည်းဥပဒေများနဲ့အညီ နစ်နာကြေး၊ လျော်ကြေးပေးဆောင်ဖို့ တွက်ချက်ထားတဲ့ တစ်ဦးချင်းစာရင်းတွေကို လယ်ယာမြေနည်းဥပဒေ(၆၆-၆၇)အရ မြို့နယ်၊ ခရိုင်နဲ့ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က နစ်နာကြေးနဲ့ လျော်ကြေးကို တွက်ချက်ပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရဲ့အတည်ပြုချက်ရရင် သက်ဆိုင်ရာ ပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန(မီးရထားစီမံကိန်း)က နစ်နာသူတောင်သူတွေကို လျော်ကြေးများပေးအပ်သွားမှာဖြစ်ပါတယ်”ဟု ဝန်ကြီးက ပြောသည်။

ကသာ-ဗန်းမော် မီးရထားလမ်းစီမံကိန်းကြောင့် နစ်နာဆုံးရှုံးသွားသော ကျေးရွာအုပ်စုခြောက်စုမှ တောင်သူ ၁၈၇ ဦး၏ စားဝတ်နေရေးအခက်အခဲများ အဆင်ပြေချောမွေ့စေရန်အတွက် ပြဋ္ဌာန်းထားသည့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ သီးနှံထောက်ပံ့ကြေးနှင့် မြေယာထောက်ပံ့ကြေးများ ပေးအပ်သွားရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် မည်သို့ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း ကသာမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်းက ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် နဝမအကြိမ် ပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းမှုကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားခဲ့ခြင်းဖြစ်သည်။

ကသာ-ဗန်းမော် ရထားလမ်းကို ၂၀၁၆-၂၀၁၇ ခုနှစ်က စတင်ဖောက်လုပ်ခဲ့ရာ ရထားလမ်းစီမံကိန်းကြောင့် နစ်နာဆုံးရှုံးသွားသော လယ်မြေများမှာ တုတ်ကြီးကျေးရွာအုပ်စုမှ တောင်သူ ၂၀ ၏ မြေ ၃၇ ဒသမ ၀၂ ဧက၊ မိုးတာကြီးကျေးရွာအုပ်စုမှ တောင်သူ ၃၆ ဦး၏ မြေ ၃၉ ဒသမ ၀၃ ဧက၊ ချောင်းဝကျေးရွာအုပ်စုမှ တောင်သူ ၁၁ ဦး၏ မြေ ၂၇ဒသမ၀၂ဧက၊ မင်းလယ်အုပ်စုမှ တောင်သူ ၅၈ ဦး၏ မြေ ၁၁၈ ဒသမ ၂၇ ဧက၊ မုတ်တိုင်အုပ်စုမှ တောင်သူ ၁၈ ဦး၏ မြေ ၂၆ဒသမ ၄၃ ဧကနှင့် မိဿလင်အုပ်စုမှ တောင်သူ၄၄ဦး၏ မြေ ၅၅ ဒသမ၄၃ဧက စုစုပေါင်းကျေးရွာအုပ်စု ခြောက်စုမှ တောင်သူ ၁၈၇ ဦး၏ မြေ ၃၀၃ ဒသမ ၂ ဧကဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

### သူ့အတွေး သူ့အမြင်

## ဗဟုသုတများ ဖြန့်ဝေပေးနေသည့် အမေ့ရင်ခွင် ကျေးရွာစာကြည့်တိုက်

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျစ်ကိုင်းအုပ်စု သနဝကျေးရွာ၌ အမေ့ရင်ခွင် အမည်ရ ကျေးရွာစာကြည့်တိုက်ကို ဖွင့်လှစ်ထားသည်။ အမေ့ရင်ခွင်ဟူသော စာကြည့်တိုက်အမည်ကို မကွေးမြို့ ကံဦးရတနာကျောင်းတိုက်မှ စာချဆရာတော် အရှင်သီရိန္ဒက ပေးထားခြင်းဖြစ်ပြီး စာကြည့်တိုက်ကို ကျေးရွာစာကြည့်တိုက်ကော်မတီက ကြီးမှူးကွပ်ကဲဆောင်ရွက်လျက်ရှိသည်။

အိမ်ခြေ ၁၈၀ နီးပါးရှိသည့် ကျစ်ကိုင်းအုပ်စု လေးရွာထဲမှ သနဝရွာသည် သာယာသောပတ်ဝန်းကျင် ရှိရုံမက ကျေးရွာနေပြည်သူများ၏ အသိပညာ လေ့လာမှုသည်လည်း အားရစရာ၊ အတုယူစရာကောင်းသည်။ ကျွန်မ အမေ့ရင်ခွင်စာကြည့်တိုက်သို့ ရောက်သွားခဲ့ချိန်တွင် ကျေးရွာနေ ရွာသူရွာသားအားလုံးလိုလို စာဖတ်ကြကြောင်း တွေ့ရသည်။ စာကြည့်တိုက်တွင် စာအုပ်ပေါင်း ၁၀၀၀ နီးပါးရှိကာ ရသစာပေ၊ ကာတွန်း၊ ဂျာနယ်၊ ဘာသာရေးစာအုပ်များ စသည်ဖြင့် စာအုပ်အမျိုးအစားလည်း စုံလင်သည်။ စာကြည့်တိုက် ရှိနေသလို စာလည်းဖတ်ကြသဖြင့် ကျေးရွာမှ ကလေးလူကြီးများ အသိပညာ ကြွယ်ဝကြသည်။

ရွာ၏ အရွယ်အစားနှင့်မလိုက်အောင် ထူးခြားမှုတစ်ခုမှာ ပြီးခဲ့သော အာဇာနည်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်သည်။ အခမ်းအနားတွင် အမေ့ရင်ခွင်စာကြည့်တိုက်မှ ပန်းခွေတစ်ခွေနှင့်အတူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ပန်းခွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပန်းခွေ၊ ပညာရေးမိသားစုမှ ပန်းခွေနှင့် ရွာသူရွာသားများ၏ ပန်းခွေဟု လွမ်းသူ့ပန်းခွေငါးခွေချ၍ ဗိုလ်ချုပ်အား လေးစားအောက်မေ့ကြောင်း သက်သေပြခဲ့ကြသည်။

စာကြည့်တိုက် စတင်ဖြစ်မြောက်ရန်အတွက် ကူညီခဲ့သော သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)မှ ဒေါက်တာ အရှင်ပညောဘာသ၊ ဒေါက်တာကောဝိဒသီရိ(သီတဂူစတား)တို့နှင့်အတူ အခြားသော စာအုပ်နှင့် ငွေအလှူရှင်များ၏ လှူဒါန်းမှုဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုး၊ စာကြည့်တိုက်ကော်မတီဝင် ကိုထွန်းဝေ၊ စာကြည့်တိုက်မှူး ဦးအောင်ကိုးနှင့် ဦးဌေးလွင်တို့၏ စီမံကွပ်ကဲမှုဖြင့် လည်ပတ်နေသော အမေ့ရင်ခွင်စာကြည့်တိုက်သည် ကျေးရွာနေပြည်သူများအား အသိပညာများ ဆက်လက်ဖြန့်ဝေပေးလျက်ရှိနေပေသည်။

**ဟင်္သာမြေ သက်ထားဝေ**

## ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

**မြောင်းမြ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် ပြင်ရွာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူ ၄၁၃ ဦးအား အသက် (၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဩဂုတ် ၁၉ ရက်က ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဧရာဝတီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ခရိုင်ဦးစီးမှူး ဦးခင်မောင်သိန်းနှင့် မြို့နယ်ဦးစီးအရာရှိ ဦးစောမြင့်ဦးတို့က ဦးဆောင်၍ ကွင်းဆင်းပြုလုပ်ပေးခြင်းဖြစ်သည်။ နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်ပွဲတွင် ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ရောက်ပေးအပ်ခဲ့ကာ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းဌေးဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **အောင်မင်း(မြောင်းမြ)**



## နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများပေါ်ထွန်းရေး တက္ကသိုလ်ပေါင်းစုံ လှေလှော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန တက္ကသိုလ်များ လှေလှော်ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီက ကြီးမှူး၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ လှေလှော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁၉ ရက်က ရန်ကုန်မြို့ အင်းယားလမ်းရှိ တက္ကသိုလ်များလှေလှော်အသင်း(ရန်ကုန်)၌ ကျင်းပသည်။

ပြိုင်ပွဲတွင် တက္ကသိုလ်ကိုးခုတို့မှ လှေလှော်အားကစားသမားများက အပြည်ပြည်ဆိုင်ရာ လှေလှော်ကစားနည်းငါးမျိုးဖြစ်သည့် တစ်ယောက်လှော်လှေ၊ နှစ်ယောက်လှော်လှေ၊ နှစ်တက်လှော်လှေ၊ လေးတက်လှော်လှေ၊ လေးတက်လှော်လှေ( ပဲ့ကိုင်ပါ )နှင့် (ပဲ့ကိုင်မပါ) ပွဲစဉ်များတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် မလေးရှားနိုင်ငံ၌ ပြုလုပ်မည့် Varsity Boat Race ပြိုင်ပွဲအတွက် Indoor Rowing ကိုလည်း စံချိန်ယူပြိုင်ပွဲပြုလုပ်ပြီး အပြီးသတ်လူရွေးချယ်ခဲ့ကြသည်။

တက္ကသိုလ်ပေါင်းစုံ လှေလှော်ပြိုင်ပွဲအတွက် မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်နှင့် တက္ကသိုလ်များ လှေလှော်အသင်းသားဟောင်းများအသင်းတို့က ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲတွင် ဆုရရှိကြသူများအား တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**အောင်သူရ**

## လူကုန်ကူးခံရသည့် မြန်မာနိုင်ငံသား ၁၄ ဦးအား မြဝတီမြို့သို့ လာရောက်လွှဲပြောင်းပေးအပ်

**မြဝတီ ဩဂုတ် ၂၁**

ထိုင်းနိုင်ငံအတွင်း လူကုန်ကူးခံရသည့် မြန်မာနိုင်ငံသား ၁၄ ဦးအား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ တာဝန်ရှိသူများထံသို့ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်ရှိ ယာယီစောင့်ရှောက်ရေးဂေဟာတွင် ဩဂုတ် ၁၈ ရက်က လာရောက် လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မြန်မာနိုင်ငံသား ၁၄ ဦးအား မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ဦးလှမင်းနှင့် တာဝန်ရှိသူများက လက်ခံပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အားပေးစကားပြောကြားသည်။ ပြန်လည်လွှဲပြောင်းပေးသည့် မြန်မာနိုင်ငံသားများမှာ ချင်းပြည်နယ် ပလက်ဝနှင့် မင်းတပ်မှ ၁၁ ဦး၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်မှနှစ်ဦး၊ ရန်ကုန် မရမ်းကုန်းမြို့နယ်မှ တစ်ဦးဖြစ်သည်။

လူကုန်ကူးခံရသူများအား လာရောက်ကြိုဆိုလက်ခံသည့် မွန်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးကိုကိုနိုင်က “မော်လမြိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုနဲ့ တာဝန်ရှိသူတွေက လိုအပ်တဲ့ စုံစမ်းမေးမြန်းမှုတွေပြုလုပ်ပြီး မှတ်ပုံတင်မရှိသူတွေကို ထောက်ခံစာများ ပြုလုပ်ပေးပြီးတော့ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် လူမှုဝန်ထမ်းရုံးများက ဦးဆောင်ပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ NGO၊ INGO များရဲ့ ပူးပေါင်းမှုနဲ့ မိဘရပ်ထံကို ပြန်လည် အပ်နှံပေးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်”ဟု ရှင်းလင်းပြောကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# အိမ်ရာများဆောက်လုပ်ရာတွင် သတ်မှတ်စည်းကမ်းအတိုင်း လိုက်နာမှုအားနည်းလာ၍ လမ်းများရေမြုပ်၊ ရေလျှံခြင်းဖြစ်

**ရန်ကုန် ဩဂုတ် ၂၁**

လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်တို့၌ စက်ရုံအလုပ်သမားနှင့် ရွှေ့ပြောင်းနေထိုင်မှု များလာသောကြောင့် အဆောင်၊ တိုက်ခန်းနှင့် ဈေးဆိုင်ခန်းများ ဆောက်လုပ်မှု တစ်နှစ်ထက်တစ်နှစ် များပြားလျက်ရှိရာ အိမ်ရာဆောက်လုပ်မှု၊ သတ်မှတ်စည်းကမ်း လိုက်နာမှုအားနည်း၍ ရေစီးမြောင်းများပေါ်၌ပင် ဆိုင်ခန်းနှင့် အဆောင်များ ဆောက်လုပ်လာကြသည့်အတွက် မိုးများသော ယခုနှစ်တွင် ရပ်ကွက်၊ ကျေးရွာလမ်းမများ ရေမြုပ်၊ ရေလျှံမှု ဖြစ်ပွားလာကြောင်း သိရသည်။

"ရပ်ကွက်ထဲမှာ အဆောက်အအုံဆောက်မယ်ဆိုရင် ရပ်ကွက်ရုံးကို လာပြောကြတယ်။ ကျွန်တော်တို့ကပြောတယ်၊ အဲ့ဒါ စည်ပင်ရုံးကိုပဲ သွားပါလို့ ညွှန်လိုက်တယ်။ ရေမြောင်းပေါ်မှာ အဆောက်အအုံဆောက်တော့ လမ်းတွေရေလျှံတာဖြစ်တယ်"ဟု ရွှေပြည်သာ(၁၉/၄၈)ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

အဆိုပါရပ်ကွက်(၁၉/၄၈)ရပ်ကွက် ယုဇနလမ်းတွင် ရေမြောင်းပေါ်၌ အခိုင်အမာ ကွန်ကရစ်ခင်းကာ ယင်းအပေါ်တွင် ထပ်မံဆောက်လုပ်ရန် ပြင်ဆင်လျက်ရှိပြီး လှိုင်သာယာ မီးခွက်ဈေးလမ်းကျောဘက်ရှိ အောင်မေတ္တာလမ်းနှင့် တေးဥယျာဉ်လမ်းထောင့်တွင် တည်ဆောက်လျက်ရှိသည့် အဆောက်အအုံမှာလည်း ရေမြောင်းပေါ်၌ ဈေးဆိုင်ခန်းများကို ဆောက်လုပ်ထားသည့်အတွက် ရေမြောင်းပျောက်ခြင်း၊ ကျဉ်းမြောင်းသွားခြင်းနှင့် အမှိုက်နှင့် ရွှံ့နွံတို့ ပိတ်ဆို့မှုဖြစ်ကာ မိုးရွာလျှင် ကွန်ကရစ်လမ်းမှာ ရေမြုပ်၊ ရေလျှံဖြစ်ပေါ်ကြောင်း သိရသည်။

"ကျွန်တော်တို့လည်း ဆိုင်ဖွင့်တာပါပဲ။ ရေမြောင်းပေါ်မှာတော့ ဆိုင်မဆောက်ဘူး။ ရေမြောင်းကို အဖုံးနဲ့ထားတယ်။ လိုအပ်ရင် အဖုံးဖွင့်ပြီး ရွှံ့နွံတွေ ဆယ်လို့ရအောင်ပါ။ မိုးရေနဲ့ နေ့စဉ် သုံးနေတဲ့ရေ ဆင်းဖို့အတွက် အခက်အခဲဖြစ်တာပေါ့။ လူတိုင်း စည်းကမ်းလိုက်နာမှု အားနည်းလာသလို ကြပ်မတ်ထိန်းချုပ်မှုလည်း အားနည်းလာတယ်" ဟု မီးခွက်ဈေးလမ်းမကြီးပေါ်တွင် စတိုးဆိုင်ဖွင့်ထားသော ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

**(၁၆၄)၊ ဓာတ်ပုံ-သစ္စာ**



# ကျောက်ကြီး မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲဝင်မည့်အသင်းများ ကြိုတင်လေ့ကျင့်နေ

**ကျောက်ကြီး ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ကျောက်ကြီးချောင်းအတွင်း ကျင်းပမည့် လူသိများထင်ရှားသည့် (၁၂၉)ကြိမ်မြောက် ရှင်ဥပဂုတ္တမီးမျှော်ပူဇော်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် လှေအသင်းများသည် ယခုနှစ်တွင် စတင်အသုံးပြုမည့် ဖိုက်ဘာလှေများနှင့် ကျင့်သားရရှိစေရန် ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"နှစ်စဉ်အသုံးပြုလာတဲ့ လှေတွေက ကြံ့ခိုင်မှုတွေကျဆင်းလာလို့ ပွဲတော်ကျင်းပရေးကော်မတီက ဖိုက်ဘာလှေငါးစင်းဝယ်ယူပြီး ဒီပွဲတော်မှာ စသုံးမှာဆိုတော့ အရင်က သစ်သားလှေတွေနဲ့ လှော်နေကျဖြစ်တဲ့အခါကျတော့ ဖိုင်ဘာလှေကို မသုံးဖူးသေးဘူး။ ဖိုင်ဘာလှေတွေနဲ့ ကျင့်သားရအောင် ကြိုပြီး လေ့ကျင့်နေကြတာပါ"ဟု လှေပြိုင်ပွဲဝင်ရန် လေ့ကျင့်နေသည့် ကျောက်ကြီးမြို့ခံတစ်ဦးက ပြောသည်။



အစဉ်အလာမပျက် နှစ်စဉ်စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သည့် ကျောက်ကြီး မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲတွင် မြို့နယ်ဒေသခံများအပြင် အခြားသောအရပ်ဒေသများမှ ပြည်သူများလည်း လာရောက်ကြသည့်အတွက် အလွန်စည်ကားသည့်ပွဲကြီးဖြစ်ကြောင်း ကိုယ်တိုင်ရောက်ရှိခဲ့သူတစ်ဦးက ပြောကြားသည်။

**ကိုလွင်(ဆွာ)**

# နမ့်ဆန်မြို့နယ် ဘုရားကြီးရွာတွင် အလက ကျောင်းဆောင်သစ်ဖွင့်လှစ်

**နမ့်ဆန် ဩဂုတ် ၂၁**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် ဘုရားကြီးကျေးရွာအုပ်စု ဘုရားကြီးရွာတွင် ဒေသခံကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် အလက ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၁၃ ရက် နံနက်က ဖွင့်လှစ်ပေးခဲ့သည်။

အသစ်ဖွင့်လှစ်ပေးခဲ့သော အလျားပေ ၆၀၊ အနံ ၃၀ ရှိသော အလကကျောင်းဆောင်သစ်အား Welt Hunger Hilfe (WHH) မှ လှူဒါန်းခြင်းဖြစ်ပြီး ဖွင့်ပွဲတွင် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌ ဦးကျော်ဝင်းက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နမ့်ဆန်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းဝင်းထူးက အဖွင့်အမှာစကားပြောကြားကာ ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

**(မြန်မာ့အလင်း)**



# ရေစီးရေလာ ကောင်းမွန်ရေးအတွက် သန့်ရှင်းရေးဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၁** - တာမွေမြို့နယ်အတွင်းရှိ အခြေခံကျောင်းများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေသန့်ရှင်းမှုရှိရေးနှင့် ကျောင်းရှေ့ရှိရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသန်းဦးကြီးကြပ်သည့် စည်ပင်ဝန်ထမ်းများက သန့်ရှင်းရေးလုပ်ငန်းများ ဩဂုတ် ၁၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ စည်ပင်သန့်ရှင်းရေးလုပ်သားများနှင့် ပန်းဥယျာဉ်လုပ်သား ၆၀ ကျော်ဖြင့် အထက(၄)နှင့် အထက(၅)ကျောင်းများရှေ့ရှိ ရေမြောင်းများမှ အမှိုက်များဆယ်ယူခြင်း၊ သစ်ကိုင်းများခုတ်ထွင်ရှင်းလင်းခြင်းနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ၊ သောက်သုံးရေသန့်ရှင်း ကောင်းမွန် ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

**လုလု**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ်လ(၉)ရက်နေ့မှ (၁၅)ရက်နေ့အထိ ထွက်ရှိသော စာအုပ်များစာရင်း

*၂၁-၈-၂၀၁၇ ရက်မှ အဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၀ | ယောအတွင်းဝန်ဦးဘိုးလှိုင် အတ္တုပတ္တိနှင့် ရေးသားခဲ့သည့်ကျမ်းများ | တင်မောင်မောင် | ၃၀၀၀ | မျိုးဆက်သစ် |
| ၃၂ | ကြံ့ကြီးစည်ရာ | မောင်ပေါ်ထွန်း | ၅၀၀၀ | လင်းလွန်းခင် |
| ၃၃ | အောင်မြင်သူ၊ ဘဝနှင့်ချစ်ခြင်းမေတ္တာ အတွေးစာစုများ | ပုညခင် | ၂၅၀၀ | ပုညခင် |
| ၃၄ | သံသရာကူးသူများရဲ့ နိဗ္ဗာန်သွားတဲ့လမ်း | Dr. အရှင်ပညိဿရ | ၄၀၀၀ | ဆုပြည့်စုံထွန်း |
| ၃၅ | ဘဝဂစ်တာကဗျာဂီတ | (ယက္ခ) ရဲကြီး | ၂၀၀၀ | ခုနစ်စင်ကြယ် |
| ၃၆ | နတ်နဲ့နဂါး | ထက်မြက်နိုင်ဇင် | ၃၀၀၀ | Treasure |
| ၃၇ | အရွယ်နှင့်တာဝန် | အရှင်ပရမ | ၃၅၀၀ | ခမ်းတီးလုံ |
| ၃၈ | ကျေးဇူးသိမလား ကျေးစွပ်မလား | အရှင်ဇဝန | ၁၅၀၀ | ခုနစ်စင်ကြယ် |
| ၃၉ | အင်နီဖရန့် | စိန်ဝင်းစိန် | ၁၅၀၀ | မူဝံ |
| ၄၀ | ရေချယ်ကာဆန် | အေးငြိမ်းစံ | ၁၅၀၀ | မူဝံ |
| ၄၁ | ဖရန့်ခ်လွိုက်ရိုက်ထ် | အာသာမျိုးသန့် | ၁၅၀၀ | မူဝံ |
| ၄၂ | ဂျိန်းဂူဒဲလ် | နော်ဇာ | ၁၅၀၀ | မူဝံ |
| ၄၃ | ကျွန်တော်ပြည်သူ့ကိုယ်စားလှယ် | မောင်ဖြူ (RIT) | ၃၅၀၀ | မျိုးဆက်သစ် |
| ၄၄ | မိန်းကလေး | ဂျာနယ်ကျော်မမလေး | ၁၈၀၀ | ခုနစ်စင်ကြယ် |
| ၄၅ | မွန်သမိုင်းဝင်ဆောင်းပါးများ | နိုင်ပန်းအောင် | ၁၂၀၀ | ခုနစ်စင်ကြယ် |
| ၄၆ | ဝတ္ထုတိုစဆုံး | မင်းလူ | ၁၂၀၀ | ကံ့ကော်ဝတ်ရည် |
| ၄၇ | လွမ်းနေမယ် မေဆွိရေ | လေယာဉ်မှူးကြီး သိန်းဇော် | ၁၅၀၀ | - |

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၄၈ | မသိမဖြစ်ကြိယာ(၅)လုံး၊Model verbများ နှင့် အသုံးများသော ကြိယာဝိသေသနများ | ကိုမင်း | ၃၅၀၀ | မျက်ပွင့် |
| ၄၉ | ဟိုတယ်ဝန်ထမ်းများအတွက်အင်္ဂလိပ် စကားပြော လက်စွဲစာအုပ် | ရဲကျော်မြင့် | ၂၀၀၀ | မဇ္ဈိမ |
| ၅၀ | * 008# နဲ့ ခေါ်ဆိုလိုက်သော | ကလောင်စုံ | ၁၅၀၀ | - |
| ၅၁ | မူးယစ်ဆေးစွဲရောဂါ ကြိုတင်ကာကွယ်ကုသပါ | ဒေါက်တာ မောင်မောင်လွင် | ၂၀၀၀ | ရန်အောင် |
| ၅၂ | ဒိုက်ဦးမှ စင်ကာပူသို့ | ဇင်သန့် | ၃၀၀၀ | အဖြူရောင် |
| ၅၃ | မယ်တော်ကြီးထံပေးစာများ | အရှင်ပညာသီရိ | ၂၀၀၀ | ဓမ္မခေါင်းလောင်း |
| ၅၄ | ရှေးခေတ်ပုဂံကဗျာများ | ဇော်ဂျီ | ၃၀၀၀ | နိုင်ငံဂုဏ်ရည် |
| ၅၅ | မော်ဝန်းသား ဗိုလ်ခင်ညွှန့်(သို့)အဖေ့သား | တင့်ဆွေ (ဖျာပုံ) | ၃၅၀၀ | ပန်းပျိုးတစ်ရာ |
| ၅၆ | ကွန်ကရစ်လုပ်ငန်း ပြဿနာများနှင့် ကာကွယ်ပြုပြင်နည်းများ | ဦးစန်းနွယ် | ၅၀၀၀ | ခုနစ်စင်ကြယ် |
| ၅၇ | ဂျဝါဟာလာနေရူး၏ လျှပ်တစ်ပြက်ကမ္ဘာ့သမိုင်း (ရှေးဟောင်းနှင့် ခေတ်အလယ်ပိုင်း) | ဘိုးလှိုင် | ၈၀၀၀ | Tun Foundation |
| ၅၈ | လူ့ငရဲ | ဦးဝင်းတင် | ၂၇၀၀ | နေရီရီ |
| ၅၉ | နိဗ္ဗာန်ရောက်မှာ ကြောက်နေတဲ့သူများ အပါအဝင် ဓမ္မစာစုများ | ဒေါက်တာ ခင်မောင်လတ် (ရွှေမြန်မာ) | ၈၀၀ | သုဒ္ဒန္တစာပေ |
| ၆၀ | စပ်မိစပ်ရာဓမ္မစာလွှာ | ကျင်ဒွေးတင်အောင် | ၈၀၀ | သုဒ္ဒန္တစာပေ |

## စက်မှုဝန်ကြီးဌာန
## မြန်မာ့ဆေးဝါးလုပ်ငန်း
## စိတ်ဝင်စားမှု တင်ပြခြင်းလျှောက်လွှာခေါ်ယူခြင်း
## (Expression of Interest Invitation)

မြန်မာ့ဆေးဝါးလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ အောက်ဖော်ပြပါတည်ရှိပြီး ဆေးဝါးထုတ်လုပ်ရေးဌာနများအား ဌာနတစ်ခုချင်းအလိုက် လိုအပ်သည့် facilities များဖြည့်ဆည်းဆောင်ရွက်ပြီး ဆေးဝါးများတိုးမြှင့်ထုတ်လုပ်လိုပါသဖြင့် Product Sharing System ဖြင့် Public Private Partnership (PPP) အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါသည်-

(က) ဆေးပြားဆေးတောင့်ထုတ်လုပ်ရေးဌာန (လိုင်းဟောင်း)
(ခ) သွေးကြောသွင်းဆေးရည် ထုတ်လုပ်ရေးဌာန (လိုင်းဟောင်း)
(ဂ) ချောက်ကပ်ဆေးရည်ထုတ်လုပ်ရေးဌာန
(ဃ) ပလတ်စတစ်ပုလင်းထုတ်လုပ်ရေးဌာန

**လျှောက်လွှာစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၁-၈-၂၀၁၇ ရက် ၉:၃၀ နာရီ
**လျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၁-၉-၂၀၁၇ ရက်၊ ၁၆:၀၀ နာရီ
**Website** - www.industry. gov.mm
**လျှောက်လွှာပေးသွင်းရမည့်နေရာ** - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စီမံရေးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)**
**ဖုန်း-၀၆၇-၄၀၈၃၇၀**
**ဖက်စ်-၀၆၇-၄၀၈၁၉၅**

## မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီး၏ လေလံကြော်ငြာ

ကချင်ပြည်နယ်၊ မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီးမှ စက်ပစ္စည်းအဟောင်း အမျိုးအစား ၇၃ မျိုး၊ အရေအတွက် ၁၂၅ မျိုးအား အောက်ပါအတိုင်း ဈေးပြိုင်လေလံတင် ရောင်းချပါမည်။

**လေလံပုံစံရောင်းချမည့်ရက်** - ၂၁-၉-၂၀၁၇ ရက်
**လေလံဖွင့်ရက်** - ၁၅-၉-၂၀၁၇ ရက်
**လေလံဖွင့်မည့်အချိန်** - နံနက် ၁၀:၀၀နာရီ
**လေလံဖွင့်မည့်နေရာ** - မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံကြီး

**ဆက်သွယ်ရန် ဖုန်း-၀၇၄-၂၂၃၀၃၊ ၀၇၄-၂၂၆၁၁**

## ရန်ကုန်တိုင်းဒေသကြီးအလုံမြို့နယ်
## GEC (ပညာရေး) သမဝါယမအသင်းလီမိတက်
## အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ GEC(ပညာရေး) သမဝါယမအသင်း လီမိတက်ပိုင် BLAC-အမျိုးအစားမော်တော်ယာဉ်အမှတ် ၆က-၅၂၈၂အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

**အိတ်ဖွင့်လေလံလျှောက်လွှာ ရောင်းချမည့်ရက်** - ၂၂-၈-၂၀၁၇ ရက်မှ ၂၈-၈-၂၀၁၇ ရက်ထိ
**လေလံလျှောက်လွှာ ပိတ်သိမ်းမည့်ရက်** - ၂၈-၈-၂၀၁၇ ရက် ၁၆:၀၀နာရီ
**လေလံတင်ရောင်းချမည့်ရက်** - ၂၉-၈-၂၀၁၇ ရက် နံနက် ၁၀:၀၀နာရီ
**လေလံတင်ရောင်းချမည့်နေရာ** - GEC (ပညာရေး) သမဝါယမအသင်းလီမိတက် အထက(၃) အလုံ၊ မင်းရဲကျော်စွာလမ်း

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဖုန်း-၀၉-၇၇၁၁၈၈၂၉၂၊ ၀၉-၄၂၁၀၈၁၂၃၂**
**အိတ်ဖွင့်လေလံတင်ရောင်းချရေးအဖွဲ့၊ အလုံမြို့နယ်**
**မှတ်ချက်**။ ။(ဂတ်စ်အိုးအပါအဝင်)

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် သဘာဝဘေးအန္တရာယ်များဖြစ်ပွားလာပါက ဘေးအန္တရာယ်တုံ့ပြန်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | ခွင့်ပြုငွေ(ကျပ်သန်း) |
|---|---|---|---|
| (က) | ဖိုင်ဘာရေယာဉ် (Loa-23.0 Feet, Beam- 3.3-3.5 Feet, Draught-1.5 Feet, Engine Power- 7.5 HP(minimum) With incorporated properller, Engine Brand-Kenbo Type of Engine-Gasoline, Engine RPM-4500, Fuel Tank Capacity-5.5 Liters, Starter -Manual Require, Passenger-8 persons(maximum), Hull Materical-Fiber glass, 11 Fiber Layers, ထိုင်းနိုင်ငံလုပ်ကော်စေ့) | ၅၀ စီး | ၁၁၀.၀၀၀ |
| (ခ) | အသက်ကယ်အင်္ကျီ | ၄၅၁၀ ထည် | ၄၅.၁၀၀ |

၂။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၈-၂၀၁၇ ရက်မှ ၃၁-၈-၂၀၁၇ ရက် ၁၆:၀၀ နာရီအထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။
(ဂ) **တင်ဒါပုံစံ(၁)စောင်ဈေးနှုန်း** - ၁၀၀၀၀ိ/- (ကျပ်တစ်သောင်းတိတိ)
(ဃ) **တင်ဒါရောင်းချမည့်နေရာ** - ရုံးအမှတ် ၂၃၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၄၃၆၉၊ ၀၆၇-၄၀၄၃၉၅၊ ၀၆၇-၄၀၄၃၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် ယာဉ်အို/ ယာဉ်ဟောင်းအပ်နှံရာမှ ထွက်ရှိလာသည့် အင်ဂျင်အပျက်များ Assorted Type (Used Engine) (Mixed Material) ခန့်မှန်း (၂၀၀၀၀လုံး)/ တန်ချိန် (၅၀၀၀)ခန့်ကို ရောင်းချရန်အတွက် နိုင်ငံခြားငွေ USD ဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်လိုပါသည်-

၂။ **တင်ဒါပုံစံစတင်ထုတ်ယူနိုင်မည့်ရက်** - ၂၄-၈-၂၀၁၇ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၉-၂၀၁၇ ရက်၊ ၁၆:၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

**နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**
**ရုံးအမှတ် (၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၆၀၊ ၀၆၇-၄၀၅၁၆၇**

## တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ထားဝယ်မြို့ ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအတွက် လိုအပ်သည့် ကတ္တရာများအား မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ကတ္တရာ(၈၀/၁၀၀) | ၁၃၅.၆၄မက်ထရစ်တန် |

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်/အချိန်** - ၂၃-၈-၂၀၁၇ရက် ၁၀:၀၀နာရီ
**တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၅-၉-၂၀၁၇ရက် ၁၆:၀၀နာရီ

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင်ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ ထားဝယ်မြို့**
**ဖုန်း-၀၅၉-၂၃၄၈၁၊ ၀၅၉-၂၃၄၈၀**

### အမည်ပြောင်း

ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ကျောက်ကညာရွာနေ ဦးကျော်သိန်း၏သမီး အထက(၃) ထားဝယ်မြို့ တက္ကသိုလ်ဝင်တန်း(B)မှ မခင်သက်အေးအား မခိုင်သက်အေးဟုပြောင်းလဲခေါ်ဆိုပါရန်။ **မခိုင်သက်အေး**

### ဖခင်အမည်မှန်

ဗန်းမော်မြို့ အထက-၂ တက္ကသိုလ်ဝင်တန်း (E)မှ မောင်ရာဇာဦး၊ အဋ္ဌမတန်း (D)မှမောင်ကျော်ဇာဦး၊ သတ္တမတန်း (D)မှ မောင်အောင်ဇာဦးတို့၏ဖခင်အမည်မှန်မှာ ဦးသန်းနိုင်ဝင်း ၅/အရတ(နိုင်)၀၉၀၂၅၅ဖြစ်ပါကြောင်း။ **ဦးသန်းနိုင်ဝင်း**

### မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံမြို့၊ အထက(၂)မှ ရတ-၂၃၅ ခုံအမှတ်ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ မအေးစန္ဒာအောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၈-၆-၁၉၉၁ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက-၂ တက္ကသိုလ်ဝင်တန်း E မှ မဂျာဆိုင်းခေါန်၏ဖခင်အမည်မှန်မှာ ဦးယော်ထုံ ၁/ဗမန(နိုင်)၀၄၂၉၀၄ ဖြစ်ပါကြောင်း။

**ဦးယော်ထုံ**

### အမည်မှန်

ကျုံပျော်မြို့နယ်၊ သဖန်းချောင်းအုပ်စု၊ စားကျက်ကုန်းကျေးရွာနေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၄/ကပန(နိုင်)၁၇၁၆၁၃ ကိုင်ဆောင်သူ၏ အမည်မှန်မှာ ဦးသန်းဆွေဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

စလင်းမြို့နယ် UHW ကိုယ်ပိုင် အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မောင်ဇေယျာဖြိုး၏ ဖခင်အမည်မှန်မှာဦးဇော်လတ် ၈/စလန(နိုင်)၂၃၅၆၄၈ ဖြစ်ပါသည်။

**ဦးဇော်လတ်**

## အများသိစေရန်ကြေညာချက်

ကျောက်တံတားမြို့နယ်၊ လမ်း-၄၀၊ အမှတ်(၁၂၃) အန္တရာယ်ရှိအဆောက်အအုံ၏ မြေညီထပ်အခန်းအမှတ်(၂)တွင် မူလနေထိုင်သူ ဒေါ်ခင်ခင်ထွန်းကွယ်လွန်သွားသဖြင့် သမီးဖြစ်သူ ဒေါ်ဖြိုးဖြိုးအောင် အမည်ဖြင့် အခန်းအပ်နှံပေးပါရန် ဌာနသို့တင်ပြလျှောက်ထားလာ၍ ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ကြော်ငြာပါသည့်နေ့မှစ၍ ရက်ပေါင်း(၁၄)ရက်အတွင်း ဤဌာနသို့လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဦးပိုင်အမှတ် ၃-ခ၊ ရွှေညောင်ပင် ဦးပိုင်အမှတ်(၂)၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧက (၁၀)နှစ် မြေငှားစာချုပ်အမည်ပေါက်မှာ ဒေါ်ရီရီဖြစ်ပါသည်။အဆိုပါမြေကွက်ကို လွယ်ဂျယ်မြို့ အောင်သီရိရပ်ကွက်နေဦး မနန်ရွယ် ၁/မညန(နိုင်)၀၈၇၈၇၉ မှ အပြီးအပိုင် ဝယ်ယူပြီးဖြစ်၍ ၎င်းမှ အမည်ပေါက် မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ လွယ်ဂျယ်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဦးပိုင်အမှတ် (၇၃၂)၊ဧရိယာ ၀ ဒသမ ၁၁၀ ဧက (၁၀)နှစ် မြေငှားစာချုပ်အမည်ပေါက်မှာ ဦးမင်းနိုင်ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို လွယ်ဂျယ်မြို့ အောင်ချမ်းသာရပ်ကွက်နေ ဒေါ်နန်းဆိုင်စိန် ၁၃/မဆတ(နိုင်)၀၄၆၁၉၈မှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်၍ ၎င်းမှအမည်ပေါက် မြေငှားဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ လွယ်ဂျယ်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဦးပိုင်အမှတ် ၇၂၉ ဧရိယာ ၀ ဒသမ ၁၁၀ ဧက (၁၀) နှစ် မြေငှားစာချုပ်အမည်ပေါက်မှာ ဦးမင်းနိုင် ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို လွယ်ဂျယ်မြို့ အောင်ချမ်းသာရပ်ကွက်နေ ဦးရှင်းဟုန့်၁/မမန(နိုင်)၀၀၉၇၃၀ မှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်၍ ၎င်းမှ အမည်ပေါက် မြေငှားဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း)အပြည့်အစုံ တင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ လွယ်ဂျယ်မြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဦးပိုင်အမှတ် (၇၀၄)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက (၁၀)နှစ် မြေငှားစာချုပ်အမည်ပေါက်မှာ ဦးဇော်နိုင် ဖြစ်ပါသည်။ အဆိုပါမြေကွက်ကို လွယ်ဂျယ်မြို့ အောင်သီရိရပ်ကွက်နေ မောင်ချင်ဇီးအမ် ၁/မမန(နိုင်)၀၁၉၃၈၇ မှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်၍ ၎င်းမှ အမည်ပေါက် မြေငှားဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန၊ လွယ်ဂျယ်မြို့**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်လျှောက်ထားကြောင်း
## အကြောင်းကြားစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၇ခုနှစ် တရားမအထွေထွေမှုအမှတ်-၉၄

ကွယ်လွန်သူ ဒေါက်တာထင်မင်းဆွေ၏ ကျန်ရစ်သောပစ္စည်းအကြောင်း
ဒေါက်တာကေသီနိုင် **လျှောက်သူ**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ် ၆၆၊ မြေညီထပ်နေ ဒေါက်တာကေသီနိုင်က ကွယ်လွန်သူ ဒေါက်တာထင်မင်းဆွေ၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဓမ္မမစိန္တာလမ်း၊ အမှတ် ၆၆ မြေညီထပ်နေ ၎င်း ကွယ်လွန်သူ ဒေါက်တာထင်မင်းဆွေမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဒေါက်တာထင်မင်းဆွေမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၇ခုနှစ် စက်တင်ဘာ ၆ရက် (၁၃၇၉ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါက်တာကေသီနိုင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၇ခုနှစ် ဩဂုတ် ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်မြင့်မြင့်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး အမိန့်-၅၊ နည်းဥပဒေ-၂၀)
## ဖြူးမြို့နယ်တရားရုံးတော်၌
## ၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၇၇

မယမင်းသွင် **တရားလို** နှင့် မောင်စိုး **တရားပြိုင်**

ဖြူးမြို့နယ်၊ ဖြူးအရှေ့ကျေးရွာအုပ်စု၊နတ်ရေကန်ရွာ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မယမင်းသွင်က ခြံမြေရောင်းချမည်ဟုဆိုကာ လိမ်လည်ရယူသွားသည့် ငွေသိန်း၃၀ (ကျပ်သိန်းသုံးဆယ်)နှင့် နစ်နာကြေးငွေ ၅သိန်း (ကျပ်ငါးသိန်း) စုစုပေါင်း ၃၅သိန်း (ကျပ်သုံးဆယ့်ငါးသိန်း)ရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၈ရက် (၁၃၇၉ခုနှစ် တော်သလင်းလဆန်း ၇ရက်) နံနက်၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားပြိုင်မှစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ခင်သူဟန်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ဖြူးမြို့နယ်တရားရုံး**

## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌
## (ကြိမ်အလုပ်ခန်း ကုမ္ပဏီလီမိတက်၏အရေး၌)
## (In the matter of Rattan Studio Company Limited)
## ၂၀၁၇ခုနှစ် တရားမအထွေထွေလျှောက်လွှာအမှတ် ၁၂၃

ကြိမ်အလုပ်ခန်းကုမ္ပဏီလီမိတက်၊
(Rattan Studio Company Limited)
ယင်းကုမ္ပဏီအား ကိုယ်စားပြုသူ၊
ဒေါ်သင်းသင်းစိုးလွင်၊ မန်နေဂျင်းဒါရိုက်တာ၊
တိုက်(စီ)၊ အခန်း ၄၀၃၊ လေးလွှာ၊ ဒဂုံစင်တာ၊
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ **လျှောက်ထားသူ**

